# ဝင်းကာလေး

နွေဦးစံပယ်



www.burmeseclassic.com

DESIGN THEIN SHWE KYI

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# မိန်းကလေး

## နွေဦးစံပယ်

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** – ၅၀၀၃၀၄၀၄၁၂

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – ၅၀၀၄၁၆၀၅၁၂

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (မြဲ–၀၄၅၀၆) (ပျိုးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျင်ရင် (မြဲ–၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၈၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

သိန်းရွှေကြည်

**အတွင်းဖလင်**

ကိုပေါက် (Image Art Work)

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

**ဖြန့်ချိရေး**

စိုးမိုးစာပေ

ဖုန်း – ၀၁– ၂၉၀၉၉၅

၈၉၅ . ၈၃

မိန်းကလေး

နွေဦးစံပယ် / မိန်းကလေး ။ – ရန်ကုန်။

ပျိုးစာပေ ၊ ၂၀၁၂ ။

၂၄၈ – စာ ၊ ၁၂ x ၁၈ စင်တီ။

(၁) နွေဦးစံပယ်

## အခန်း (၁)

"ညို"

ခင်ခင်သာက 'ညို' မေးဖျားလေးကို ဆွဲလှည့်ရင်းခေါ်သည်။

"ဘာလဲဟ"

အုန်းလက်ဆွဲယူနေရင်း 'ညို' မေး၏။

"ဟိုမှာကြည့်၊ ဘယ်သူလဲလို့"

ခင်ခင်သာ စကားပင် မဆုံးသေးပါ။ အုန်းလက်ဆွဲယူနေတဲ့ ညိုလက်ကလေးတန့်သွားကာ ခင်ခင်သာညွှန်ပြတဲ့ဆီ အကြည့်ရောက်လာသည်။

ညိုတို့အုပ်စု ရေကစားမဏ္ဍပ်ထိုးနေတဲ့ဆီ ခြေဦးလှည့်မလာဘဲ



www.burmeseclassic.com

တစ်ဖက်လမ်းဆီ ချိုးဝင်မလို့ ဦးတည်နေသူ။

"ခေတ်သုတ"

"ဟုတ်တယ်၊ သုတပေါ့"

"အံ့မယ် သူက ဒီလိုကျောခိုင်းသွားလို့ ရရိုးလား၊ နေဦး၊ ညို့လက်စွမ်း သိရချေရဲ့"

ညို ပြောရင်း ရေစည်ထဲရှိနေတဲ့ ဖလားကြီးနဲ့ ရေအပြည့်ခပ်လေသည်။ ခင်ခင်သာက ညို ဘာလုပ်မလဲဆိုတာ ရိပ်မိသွားတာကြောင့်

"ညို သင်္ကြန်မကျသေးဘူးနော်"

"ဘာဖြစ်လဲ၊ သင်္ကြန်အကြို လောင်းမှာလေ"

"ပြဿနာတက်မယ်နော် ညို၊ သွားမလောင်းနဲ့"

သူ့ဇာလင်း လက်ဆွဲထားသော်လည်း မရ။ သူ့ဇာ့လက်ကိုပုတ်ချပြီး ရေဖလားကြီးပင့်ကိုင်ကာ ပြေးထွက်သွားသည်။

"ဟဲ့ ညို၊ နေဦး"

ခင်ခင်သာ၊ သူ့ဇာလင်းနဲ့အတူ သီရိမာရဲ့အသံလေး ပြိုင်တူပေါ်ထွက်လာသည်။ ညိုက အရေးပင်မစိုက်။ ခေတ်သုတဆီ အမှိုန်နဲ့ဦးတည်လျက်။

"တားလို့မရမှန်း သိသိကြီးနဲ့ တားမနေနဲ့ဟ"

ညီဇော် ပြောရင်းလက်ပိုက်ကြည့်နေလိုက်သည်။ ဟုတ်တယ်လေ။ ညနေညိုကို ဘယ်သူက တားလို့ရဖူးလဲ။ လုပ်ချင်တာ စွတ်လုပ်





တတ်သည် မဟုတ်လား။

ခေတ်သုတကလည်း တခြားမဟုတ်ပါ။ ညီဇော်တို့အုပ်စုထဲက သူငယ်ချင်းပဲ။ ဒါပေမဲ့ ညနေညိုက ခင်ခင်သာနဲ့ခင်မင်ပြီး ညီဇော်တို့အုပ်စုနဲ့ အပေါင်းအသင်းလုပ်လာကတည်းက ခေတ်သုတ ရှောင်နေခဲ့သည်။

ဒါကလည်း အကြောင်းမဲ့မဟုတ်။ သုတတို့မိသားစုက ညိုတို့မိသားစုရဲ့ နေပုံထိုင်ပုံကို သဘောမတွေ့ဘူး။ လူမှုရေးအဆင့်အတန်းမရှိဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ သုတမိဘကိုယ်၌က သုတကို ညိုနဲ့ သူငယ်ချင်းမလုပ်ရဟု ပိတ်ပင်ထားတာကြောင့်။

သုတကတော့ ညို့ကို ခင်ပါသည်။ ညိုက သုတမိဘတွေကို အရေးမစိုက်။ သုတကို မြင်ရင်ခေါ်သည်၊ ပြောသည်။ သုတက အထိုက်အလျောက် ပြန်ပြောတာသိလျှင် သုတမိဘနဲ့ မောင်နှမတွေ သုတကို ဆူလို့မဆုံးတတ်ပေ။

ဒါတွေကို ညို မသိတာမဟုတ်။ သိသိကြီးနဲ့ ရေသွားလောင်းနေတာဆိုတော့ လောင်းပေါ့၊ သူငယ်ချင်းတွေအနေနဲ့ တားလို့မှ မရဘဲ။ ကြည့်နေရုံပေါ့။

"သုတ"

ညို လှမ်းခေါ်လိုက်တာ ကြားရသည်နှင့် သုတ လှည့်ကြည့်လျှင် –

"ဗွမ်း"



www.burmeseclassic.com

"ဟာ"

မျက်နှာတည့်တည့် အရှိန်နဲ့ ပြေးဝင်လာတဲ့ရေတွေ၊ မျက်နှာတည့်တည့် ဖွမ်းခနဲထိကာ တစ်ကိုယ်လုံး ဖြာဆင်းသွား၏။

ညိုက သဘောတကျရယ်မောရင်း ရေဖလားလေးခေါက်ကစားနေလိုက်သည်။

"စိုကုန်ပြီ ညို"

အပြစ်တင်ခြင်းမဟုတ်တဲ့အသံနဲ့ သုတပြောလေသည်။ မျက်နှာပေါ်က ရေစက်တွေကို သုတ လက်ဖဝါးနဲ့သပ်ချလျက် ဆင်စွယ်ရောင်တီရှပ်နဲ့ ချည်ချောပုဆိုး ခပ်နိမ့်နိမ့်ဝတ်စားထားတဲ့ ကိုယ်ပေါ်က ရေစက်တွေကိုလည်း သုတ တစ်ဆက်တည်း ခါပစ်နေသည်။

ညိုက သုတရဲ့ လှုပ်ရှားပုံလေးကို သဘောတွေ့လျက် –

"စိုမှာပေါ့၊ ရေနဲ့လောင်းတဲ့ ဥစ္စာ"

"စိုတာ အရေးမကြီးဘူး ညိုရဲ့"

"ဘာက အရေးကြီးလဲ သုတ"

သုတ ချက်ချင်းမဖြေ၊ သက်မလေးချပြီးမှ –

"မေမေနဲ့မမ သိသွားရင်လေ"

"ခစ် ခစ်"

ညိုက တခစ်ခစ် ရယ်မောလိုက်သည်။

"သိသိပေါ့၊ သင်္ကြန်ကြိုတဲ့အနေနဲ့ ရေလောင်းတာလေ၊ ငြိမ်း





ချမ်းရေးနိမိတ်ဆောင်တယ်လို့ နင့်မေမေနဲ့ နင့်မမကို ရှင်းပြလိုက်"

"ကျွတ်"

ခေတ်သုတ စိတ်ရှုပ်သွားသည်။ ညနေညိုက ဒီလိုပါပဲ၊ ပြောလို့ရမှာလည်း မဟုတ်တာ သိနေသည်။

"ညိုကလည်း သင်္ကြန်ကျလို့လောင်းရင် ဖြေရှင်းလို့လွယ်တယ်၊ ခုတော့ဟာ"

"ဘာဖြစ်လဲ၊ ညို့ကို စိတ်ဆိုးလား"

သုတ ဘာမှ ပြန်မပြော။

"စိတ်ဆိုးကြည့်ပါလား၊ ဟောဒီလို"

ညိုက သုတခေါင်းကို ရေဖလားနဲ့ရွယ်၏။ စိတ်ဆိုးတယ် ပြောရင် ရေဖလားနဲ့ ခေါက်မယ်ဆိုတဲ့သဘော။

"မဆိုးဘူးဟာ"

သုတ ပြန်ပြောတော့ ညို မျက်နှာလေး ဝင်းပသွား၏။ ခေါက်ထည့်မလို ရွယ်ထားတဲ့ ရေဖလားကို ပြန်ပိုက်လိုက်ပြီး –

"မဆိုးရင် ပြီးရော"

ဒါပဲပြောကာ ချာခနဲ ပြန်လှည့်ပြေးခဲ့တာ မဏ္ဍပ်အရောက်။

သူငယ်ချင်းတွေက ရင်တမမနဲ့ စိုးရိမ်ကာ –

"ညိုရယ် ညိုလုပ်လိုက်ရင် ပြဿနာဖြစ်ဖို့လမ်းချည်းပဲဟယ်"

"ဂရုမစိုက်ပေါင်"



www.burmeseclassic.com

ညို့ ဒါပဲပြောပြီး ဖာတ်လမ်းကို ဖြတ်ပစ်၏။

"ကဲ လာကြလေ၊ အုန်းလက်မဏ္ဍပ်လေး ပြီးအောင်လုပ်ကြမယ်"

"ခုမှ"

သူငယ်ချင်းအားလုံး ညို့ကို ငြူစူသလို၊ လိုက်လျောသလိုလိုနဲ့ ကြည့်ပြီး လုပ်လက်စကို ဆက်လုပ်ကြလေသည်။

ဒါပေမဲ့ သူငယ်ချင်းတွေ ရင်ထဲမှာတော့ လေးကာ –

✿ ✿ ✿



## အခန်း (၂)

"ဟင် ဒါက ဘယ်လိုဖြစ်လာတာလဲ မောင်လေး"

မေမေနဲ့မမ မမြင်အောင် အရိပ်အခြည်ကြည့်ပြီး ခေတ်သုတ ခြံထဲပြေးဝင်ခဲ့သည်။ မေမေနဲ့မမ မမြင်ရတော့ တိုက်ထဲ သုတ်ခနဲဝင်ကာ ခပ်မြန်မြန်ပဲ အခန်းထဲဝင်ပြီး ရေစိုအဝတ်တွေ ချွတ်လဲမယ်ဆိုတဲ့ စိတ်ကူးလေးနဲ့ ခေတ်သုတ သွက်လို့နေသည်။

သို့သော် တိုက်ပုလေးထဲ သုတ်သုတ်လေး ပြေးဝင်ရုံရှိသေးတယ်။ တိုက်ပုလေးရှိ နွေစံပယ်ပန်းချုံမှ ပန်းခူးနေတဲ့ မမ လှမ်းမြင်သွားဟန် တူသည်။ တအံ့တသြလှမ်းမေးကာ စံပယ်ပန်းတွေ ခူးထည့်ထားတဲ့ ပန်းဖလားလေးကိုင်ရင်း သုတနား ချက်ချင်းရောက်လာသည်။



www.burmeseclassic.com

သုတ ရှောင်ပြေးလို့ မရတော့ပါ။ ဆံပင်ဖျားမှာ တွဲနေတဲ့ ရေစက်တွေကို လက်နဲ့မလုံမလဲ သပ်ရင်း –

"ဘာ ဘာမှ မဖြစ်ပါဘူး မမရဲ့"

'ဘာရယ်၊ ဘာမှမဖြစ်ဘူး၊ ကြည့်စမ်း ပြောင်လိမ်နေတယ်၊ မောင်လေးတစ်ကိုယ်လုံး ရေတွေ စိုနေတာလေ၊ အဲဒါ ဘာဖြစ်တာလဲ မေးတာဟဲ့"

"ဟာ မမကလည်း၊ သကြန်ကျနေပြီမဟုတ်လား၊ လမ်းထဲက ကလေးတွေ ပိုင်းလောင်းလိုက်လို့"

"ဘာ၊ လမ်းထဲက ကလေးတွေ၊ ဘယ်ကလေးတွေလဲ"

မမက တစ်ခုခုကိုကြိုသိနေသလိုနဲ့ တိတိကျကျ မေးလေသည်။ သုတ ညာပြောလို့မရမှန်း သိပါသည်။ ဒါပေမဲ့ ပြောလည်းမပြောချင်၊ မပြောဘဲ တိုက်ထဲစွပ်ဝင်တော့ စိုးစိုးသုတ သည်းမခံနိုင်တော့ပါ။

"ဟဲ့ သုတ၊ မမစိုးမေးနေတယ်လေ၊ ပြောစမ်း"

"ဟာ မမစိုးကလည်း၊ ကျွန်တော် ဘယ်သိမလဲ"

"မောင်လေး မမစိုးကို လာဖြီးမနေနဲ့၊ ဒီလမ်း ဒီရပ်ကွက်က မောင်လေးချက်မြှုပ်နေရာ၊ ဒီလမ်းထဲက,ကလေး ဘယ်သူ့ကလေးဘဲ၊ ဆိုတာ မသိရအောင် မောင်လေးဦးနှောက် ပျက်နေလို့လား"

"ကျွတ်၊ ရေစိုလာတာပဲ မမစိုးရယ်"

"အေး၊ အဲဒီ ရေစိုလာတာ မှုမမှန်ဘူး၊ သကြန်မကျသေးဘူး





ဟဲ့၊ နောက်ပြီး လမ်းထဲကကလေးတွေပက်တာ ဘာညာနဲ့ ပြောနေတာ ဘာသဘောလဲ မောင်လေး၊ ပြောစမ်း၊ မောင်လေး ဘယ်တုန်းကမှ ဂိလို လိမ်ညာပြီး ပြန်ပြောဖူးလို့လဲ၊ ပြောလို့ကော ရဖူးလား"

စိုးစိုးသုတ မေးရင်းပြောရင်း စိတ်ထဲတင်း၏။ မှုမမှန်တဲ့ မောင်လေးအမူအရာကို အားမလိုအားမရ ဖြစ်လာသည်။ အထူးသဖြင့် ညာပြောနေတာကို ခံပြင်းလျက်၊ ပါးစပ်ကပြောနေရင်း လက်တစ်ဖက်က မောင်လေးနားကို ဆွဲလိမ်တော့၏။

"အား၊ ကျွတ်၊ နာတယ် မစိုးရာ"

"အနာမခံချင်ရင် ပြော၊ ဒီလမ်းထဲက ဘယ်ကလေးမှ သကြန် မကျခင် ရေမလောင်းဘူး၊ မစိုးသိတယ်"

"အို ဟဲ့၊ ဒီမောင်နှမ ဘာဖြစ်နေတာလဲ၊ ဆူညံ ဆူညံနဲ့"

အရေးထဲ မေမေကပါ မီးဖိုဆောင်ထဲက ထွက်လာချေပြီ။ မေမေနဲ့မမစိုးကြားမှာ သုတ ပို၍ ထွက်ပေါက်ပိတ်မှာ သေချာတဲ့အဖြစ် ရယ်။

"ဒီမှာလေ၊ မေမေ့သား တစ်ကိုယ်လုံး ရေတွေရွှဲလာတယ်၊ နောက်ပြီးလည်း ညာပြောနေတယ်၊ လမ်းထဲက ကလေးတွေ လောင်းတာ တဲ့၊ မေမေ့သား ညာတတ် လိမ်တတ်နေပြီ မေမေ"

မမစိုး ဆွဲလိမ်ထားတဲ့ သုတနားရွက်ကို လွှတ်ပြီး မေမေ့ကို တိုင်ပြော၏။ မေမေက ဘာကြောင့်မှန်း ဒက်ခနဲ နားလည်သွားကာ–



www.burmeseclassic.com

"သားငယ်"

လို့ ဖိခေါ်သည်။ မေမေနဲ့မမရှေ့မို့ သုတ ကိုယ်လေးက ပို၍ သေးကျုံ့ကာ မပွင့်တပွင့် ထူးမိသည်။

"ပြောပါ မေမေ"

"သားငယ် ဘာဖြစ်နေတာလဲဟင်၊ ကိုယ့်အစ်မက မေးရင် ပြောရမယ်၊ လိမ်လို့ညာလို့မရဘူးဆိုတာ သား သိတယ်မဟုတ်လား၊ ကြည့်စမ်း အခု ရေတွေရွှဲလာတယ်၊ လမ်းထဲက ကလေးတွေ ဒီလိုနေ့မျိုး ရေမပက်တတ်ဘူးဆိုတာ သားလည်းအသိပဲ၊ အဲဒါကို ဘာလို့ ညာပြော ဖြီးပြော ဖြစ်နေရတာလဲ၊ သားကို စကား ထင်တိုင်းပြောဖို့ ညာပြောဖို့ ဘယ်တုန်းကမှ မေမေတို့ သင်မထားဘူး၊ ဒီအိမ်မှာ ဘယ်သူကမှ ဘယ်တုန်းကမှ ညာမပြောကြဘူး၊ ပြောလို့လည်း မရဘူး၊ ကဲ အခုပြော မေမေမေးမယ်၊ ဘာလို့ ဒီရေတွေ ရွှဲစိုလာရတာလဲ"

မေမေ့စကားအဆုံးမှာ သုတ မျက်လွှာစင်းကျသွားကာ မျက်နှာလည်း မှိုင်းကျသွားသည်။

"ပြောလိုက်လေ"

မမက သုတပခုံးကို ဖျတ်ခနဲ လှမ်းရိုက်ပြီး ဖိအားပေး တိုက်တွန်း၏။ မေမေရဲ့ စူးရဲလှတဲ့အကြည့်နောက်မှာ သုတ ပေကတ် တင်းခံနေလို့ မရတော့ပါ။

"ဟို သူ သူငယ်ချင်းတွေပါ မေမေ"





တိုးတိုးလေးမှ တိုးတိုးလေး သုတဖြေလျှင် မေမေနဲ့မမစိုး မျက်နှာ တင်းခနဲ ဖြစ်သွားသည်။

"ဘယ်သူငယ်ချင်းလဲ"

မမစိုး ဖျက်ခနဲ မေး၏။ ထိုမေးခွန်းနောက်မှာ သုတ တစ်ကိုယ်လုံး စိမ့်ခနဲ အေးသွား၏။ သုတသူငယ်ချင်းအားလုံးက မေမေတို့ မမတို့လိုပဲ စည်းစနစ်ကြီးသောမိသားစုမှ ပေါက်ဖွားလာတဲ့ သားသမီးတွေ၊ ပြီးတော့ တစ်လမ်းတည်းသားတွေ။

ဘယ်သူမှ ဒီလို စည်းလွတ်ဝါးလွတ် မပြုတတ်မှန်းသိနေသည် မဟုတ်လား။ မမစိုးမေးတာ သုတ ဒက်ခနဲ ဖြေဖို့မဖြစ်တော့ပါ။

ထိုအခါ မေမေကော မမစိုးပါ သဘောပေါက်သွားဟန်တူသည်။

"ပြောလေ သားငယ်၊ ဘယ်သူငယ်ချင်းလဲ၊ မပြောနိုင်ဘူး မဟုတ်လား၊ အဲဒါကြောင့် မေမေပြောတာ၊ လူဆိုတာ လူ့အဆင့်အတန်းကို သိရတယ်၊ လူ့ယဉ်ကျေးမှုကို နားလည်ရတယ်၊ ဘယ်ကိစ္စကိုမှ စည်းလွတ်ဝါးလွတ် လုပ်လို့မရဘူး၊ နေရာတကာမှာ ထင်တိုင်းလုပ်တတ်တဲ့အကျင့်ဟာ ကောင်းတဲ့ လူမှုရေးအကျင့်မဟုတ်ဘူး သား၊ သားကို မေမေ အတန်တန် တားထားတယ်၊ အဲဒီမိန်းကလေးနဲ့ အဆက်အဆံ မလုပ်ဖို့၊ အခု အဲဒီမိန်းကလေး လက်ကြောယားပြီး သားကို ရေပက်လိုက်တာ မဟုတ်လား"

မေမေ့စကားအဆုံးမှာ သုတမျက်နှာက ဖြတ်ရိုက်ခံရသလို



www.burmeseclassic.com

ပူခနဲ ဖြစ်လို့သွားသည်။

"ရေစိုလာတာ အကြောင်းမဟုတ်ပေမယ့် သူ့အချိန် သူ့အခါ မဟုတ်ဘဲ စိုလာတာ အကြောင်းပဲ၊ အဲဒီအကြောင်းက မှုမှန်မဟုတ်ဘူး၊ လက်လွတ်စပယ်နိုင်တာ၊ နေရာတကာမှာ လက်လွတ်စပယ်ပြုတတ်တဲ့ ဒီမိန်းကလေးကို မောင်လေး ဘာလို့ ပြောဆိုပတ်သက်နေရတာလဲ၊ ဒီလောက်ပြောနေရင်းကြားက မောင်လေး ဆက်ဆံနေတာ မစိုး အံ့သြတယ်ကွယ်၊ တကယ်"

မမပြောပြန်တော့ သုတဇက်က ကျိုးသလို မျက်နှာကြီး ပိုငိုက်ဆင်းသွားသည်။ သုတကလည်း ရှောင်တာပဲ။ ညိုကလည်း ပျော်စေပျက်စေသဘောနဲ့ လောင်းပြုလိုက်တဲ့ကိစ္စ။ ဒီလောက်ထိ ပြင်းထန်စရာ ကောင်းနေရော့လား။

သုတရင်ထဲမှာတော့ တိုးတိတ်စွာ မေးမိကာ မေမေနဲ့မမရှေ့မှာတော့ လှုပ်လို့ပင်မရဲဖြစ်ကာ မေမေက လက်တစ်ဖက် ခါးပေါ် မာန်နဲ့ တင်ရင်း –

"ကဲ သွား၊ အဝတ်စိုတွေ သွားလဲချေ။ နောက်တစ်ခါဆို မေမေတို့အဆိုး မဆိုနဲ့"

မေမေ့စကားဆုံးသည်နှင့် သုတ သုတ်ခနဲ ရှောင်ထွက်ခဲ့ရတာ ကျောချမ်းစွာ။ ဒါတောင် မမစိုးမျက်လုံးက မကျေနပ်နိုင်သေးစွာ တောက်ပစူးရဲနေဆဲ။





ဒီလောက်နဲ့ပြီးဆုံးသွားတာကိုပဲ သုတရင်ထဲမှာ ကျိတ်ပြီး ကျေနပ်ရသည်။ သုတတို့မိသားစုမှာ တစ်ခုခုဖြစ်ပြီးဆိုရင် ပြောလို့ ဆူလို့ မဆုံးတော့ချေ။ ဒါတောင် ဖေဖေရှိမနေလို့၊ ဖေဖေရှိနေလျှင် ဒေါသကတော်ရုံပွဲသိမ်းရိုး မရှိပါ။

ဘယ်တုန်းကမှလည်း သူ့မိဘနဲ့မမ စိတ်အနှောင့်အယှက်ဖြစ်အောင် သုတ မလုပ်ဖူးခဲ့ပါ။

ဖေဖေ၊ မေမေနဲ့ မမက သွားဆိုသွား၊ စားဆိုစားဆိုတဲ့ ပုံစံခွက်ထဲမှာ သုတဘဝက ငယ်ငယ်ကလေးတည်းက အပိုးကျိုးနေခဲ့သည်။

သို့သော် –

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၃)

"မနှင်းပုလဲရေ မနှင်းပုလဲ"

မျက်နှာချင်းဆိုင်ခြံက ဒေါ်စိန်စိန်ခေါ်သံ အဆက်မပြတ် ကြားလေသည်။ မေမေ့ထူးသံမကြားရတော့ သုတ အိပ်ခန်းထဲက ထွက်ခဲ့၏။ မေမေ တိုက်နောက်ရှိ ခြံကျယ်ထဲရောက်နေလို့ ဖြစ်မယ်။ မေမေ့ကို သွားခေါ်ပေးဖို့ အခန်းထဲက ထွက်လျှင် –

"မမစိန်လား၊ လာလေ"

လို့ တိုက်ဘေး ဆင်ဝင်ဆီမှ ကြားရသည်။

"လာပါပြီ ရှင်ရယ်၊ ဘာလုပ်နေတာလဲ၊ အလုပ်အားရဲ့လား၊ ပြောစရာရှိလို့ တကူးတက လာခဲ့တာ"





အန်တီစိန် သွက်သွက်လေး ပြော၏။ သုတက အခန်းထဲ ပြန်ဝင်သည်။ မေမေနဲ့ အန်တီစိန် တွေ့သွားပြီဆိုတော့ သုတ သွားခေါ်ပေးစရာ မလိုတော့ပါ။

တိုက်ဘေးဘက် ဆင်ဝင်က သုတအခန်းနဲ့ နီးတာမို့ မေမေတို့ ပြောသံတွေ အတိုင်းသား ကြားရလေသည်။

"တကူးတကလာခဲ့တာဆိုတော့ အရေးကြီးလို့နဲ့တူတယ် မမစိန်"

"ကြီးတယ်လို့ပဲ ဆိုပါတော့ကွယ်"

"ပြောပါ မမစိန်၊ နှင်းပုလဲ အားပါတယ်၊ ခုပဲ အလုပ်သမားရောက်လာတာနဲ့ ခြံနောက်ပိုင်းရှင်းဖို့ သွားပြတာ၊ ပြပြီးပြန်လာတာနဲ့ မမစိန်ခေါ်သံ ကြားရတာပဲ၊ လာ မမစိန်၊ ခြံထဲမှာပဲ ထိုင်ရအောင်လား၊ အေးအေးဆေးဆေး ပြောကြတာပေါ့၊ ဟုတ်ပြီလား"

"ကောင်းသားပဲ နှင်းပုလဲ"

မေမေနဲ့ အန်တီစိန် တိုက်ဘေးဘက် ပိန္နဲပင်ကြီးအောက် ခင်းထားတဲ့ ကျောက်ထိုင်ခုံတွေဆီ သွားလေသည်။ မေမေနဲ့ အန်တီစိန်က တိုင်ပင်ဖော်တိုင်ပင်ဖက် ဟုတ်သလို တစ်ယောက်ရဲ့အရေးအကြောင်းကို တစ်ယောက်က ကူညီဆောင်ရွက်ပေးနေကျ တစ်လမ်းတည်းသားချင်း ဖြစ်သည်။

သုတက စာရေးစားပွဲမှာ ပြန်ထိုင်ရုံရှိသေးတယ် –



www.burmeseclassic.com

"ဒီလို နှင်းပုလဲရေ၊ သီဂီရွှေစင်လေ"

အန့်တီစိန် စပြောလျှင် ထိုင်မိရုံရှိတဲ့ သုတကိုယ်က ကြွမတ်မတတ် ဖြစ်လေသည်။ သီဂီရွှေစင်ဆိုတာ ညနေညို့ရဲ့ မာမီ။

"သီဂီရွှေစင်၊ သူ ဘာဖြစ်လို့လဲ"

မေမေကလည်း သိလိုလှစွာ မေးလေသည်။

"ဘာဖြစ်ရမှာလဲ၊ သူတို့သမီးနှစ်ယောက်ရှိတဲ့အထဲက တစ်ယောက်က လင်နောက်လိုက်ပြေးသွားလို့ ခွဲထားသတဲ့"

"ဟင် ဘယ်တစ်ယောက်လဲ"

"အသားဖြူဖြူ၊ မျက်နှာသွယ်သွယ်နဲ့လေ၊ သီဂီရွှေရည်ရဲ့နောက်လင်က ပါတဲ့သမီး"

အစိမ်းသွေးကိုပြောမှန်း သုတ သိလိုက်သည်။ အန့်တီစိန် ရှေ့ဆက်ဘာပြောမလဲဆိုတာ သုတသိပြီးသား ဖြစ်လေသည်။ ဒါကြောင့်မို့ ဆက်မကြားလိုတော့ပါ။

အခန်းထဲက ပြန်ထွက်ကာ မေမေတို့စကားသံတွေနဲ့ ဝေးရာ တိုက်ရှေ့ဘက် ရှောင်ခဲ့မိသည်။

ဒီနှစ်ပိုင်းအတွင်း ဒီရပ်ကွက်က လူတွေရဲ့ပါးစပ်ဖျားမှာ ညနေညို့တို့ မိသားစုသတင်းက မွှန်ထူလျက်ရှိသည်။

ပြောင်းလာတာ ကိုးလလောက်ပဲရှိသေးတယ်။ တစ်ရပ်ကွက်လုံး နှာခေါင်းလေးတွေတွန့်ကာ ပြောစမြဲ။





"ဒေါ်သီဂီရွှေစင်က လင်ဘယ်လောက်ယူထားလဲမသိဘူး၊ စိန်စိန်သိသလောက်ပြောရရင် အခုလက်ရှိ ဦးချိန်ဘွားက လေးယောက်မြောက်ဆိုလားပဲ၊ ညနေညို့ဆိုတဲ့ ကောင်မလေးကို နိုင်ငံခြားအလုပ်သွားလုပ်ရင်း ဘယ်သူနဲ့ရလာမှန်းမသိဘူး၊ အဖေနာမည် ကိုတင့်နိုင်တဲ့လေ၊ ညနေညို့ကိုမွေးပြီး မကြာဘူး၊ သံရုံးက နိုင်ငံခြားသားအရာရှိတစ်ယောက်နဲ့ ညားတယ်၊ မကြာပါဘူး နိုင်ငံခြားသားအရာရှိက သူ့နိုင်ငံ သူပြန်တော့ အလိုလိုကွဲသွားတယ်၊ ကွဲပြီး နှစ်တောင်မကူးပြန်ဘူး၊ ဦးချိန်ဘွားနဲ့ ညားတယ်"

ရပ်ကွက်ထဲ ပလူပျံနေတဲ့စကားသံတွေဟာ သုတနားထဲမှာ ပဲ့တင်ထပ်လျက်။

"ဦးချိန်ဘွားဆိုတာကလည်း ဖနဲ့ပဲ၊ မွေးရှုပ်တဲ့အထဲမှာ ထိပ်ဆုံးက၊ တရားဝင်ယူတာ အစိမ်းသွေးမိခင် ဒေါ်ရတီနဲ့၊ ဒေါ်ရတီကလည်း မခေဘူး၊ အစိမ်းသွေးမွေးပြီး ကလေးအခါမလည်ခင်အရွယ်ကို ပစ်ပြီး လင်ငယ်နောက်လိုက်သွားသတဲ့"

သုတ သက်မလေးချလိုက် ခြံထဲ ပတ်လျှောက်နေမိသည်။

"ဒေါ်ရတီ လင်ငယ်နောက်လိုက်သွားတော့ ဦးချိန်ဘွားက ငယ်ငယ်ငယ် မိန်းကလေးတစ်ယောက်ကို ကောက်ယူပြန်ရော၊ အဲဒီမိန်းကလေးကပဲ ကောင်းလား၊ ဦးချိန်ဘွားကပဲ ကောင်းသလား မသိဘူး၊ နှစ်နှစ်လောက်ပဲကြာတယ် ဦးချိန်ဘွား ကွာပစ်သတဲ့၊ အဲဒီနောက်မှာ



www.burmeseclassic.com

ဒေါ်သီကီရွှေစင်နဲ့ ငြိပြီး ယူတယ်၊ ယူပြီး အင်းလျားလမ်းထဲမှာနေတာတဲ့၊ အင်းလျားလမ်းမှာ နေနေရင်းနဲ့ အဲဒီ အစိမ်းသွေးလိုတဲ့ မိန်းကလေး လင်နောက်လိုက်သွားတာကို ခွဲတယ်၊ ခွဲပြီး ဒီမှာလာပြောင်းနေကြတာတဲ့၊ သဘောကတော့ ပတ်ဝန်းကျင်အသစ်မှာ မင်ကောင်းကောင်းနဲ့ လာနေတာမျိုး၊ ဒါပေမဲ့ လူသတင်း လူချင်းဆောင်တယ် မဟုတ်လား''

သုတ တွေးရင်း စိတ်မသက်မသာဖြစ်ရလေသည်။ ထိုမိသားစုနဲ့ လူမှုရေးအရှုပ်အထွေးက သုတတို့ရပ်ကွက်အတွက် ပြောမယ်ဆိုလည်း ပြောစရာကောင်းလှသည်။

သုတတို့ရပ်ကွက်မှာက တစ်လင်တစ်မယားစနစ်ရယ်။ အကြောင်းမလှလို့ နောက်အိမ်ထောင်ထူကြရင်လည်း ဂုဏ်သိက္ခာရှိရှိနဲ့ နေကြ ထိုင်ကြသည်။ သားသမီးတွေဆိုရင် ခြောက်ပြစ်ကင်းသဲလဲစင် ဖြစ်အောင် ထိန်းကျောင်းသလို စည်းနဲ့ဘောင်နဲ့ တင်းတင်းကျပ်ကျပ် ထိန်းချုပ်မှုတွေနဲ့သာ။

အထူးသဖြင့် သမီးမိန်းကလေး ရည်းစားထားတာကအစ ကြပ်မတ်ထားသည်။ လူကြီးမိဘတွေက ဂုဏ်သိက္ခာရှိရှိ အသိအမှတ်ပြုထားတဲ့ ဘယ်သမီးရည်းစားမဆို တစ်ယောက်ဂုဏ် တစ်ယောက်ထိန်းကာ နေထိုင်ကြရသည်။

ရည်းစားဖြစ်ပြီဆိုတာနဲ့ နှစ်ဖက်မိဘကို အသိပေးရတဲ့ အစဉ် အလာအတိုင်း သားသမီးတွေက နာခံသလို မိဘတွေဘက်လည်း လိုက်





လျော အသိအမှတ်ပြုကာ အချိန်တန်ရင် အိမ်ထောင်ချပေးလေ့ ရှိသည်။

ယူပြီး ကွဲကြသည်၊ ကွာကြသည်ဆိုတာ အင်မတန်ရှားသည်။ အားလုံး ရိုးမြေကျ ပေါင်းကြသည်သာ။

လူမှုရေးကို အသက်လို ထိန်းသိမ်းနေထိုင်လာတဲ့ သုတတို့ ရပ်ကွက်ထဲမှာ ညနေညိုတို့မိသားစုအဖြစ်က ချဉ်ဖတ်လို နံစော်လှသည်။

ရပ်ကွက်ထဲက ဘယ်မိခင်ကမှ ညနေညိုနဲ့ အစိမ်းသွေးကို ပေါင်းသင်းတာ မကြိုက်ပေ။ အစိမ်းသွေးကလည်း မခေ၊ ရပ်ကွက်ထဲက လူတွေ မကြည်မှန်းသိတော့ မာနနဲ့ မျက်နှာမော့ထားတတ်သည်။

ရွယ်တူတွေမြင်ရင် မတူမတန်သလို အစိမ်းလိုက်ကြည့်တတ်၏။ ညနေညိုက အစိမ်းနဲ့ ဆန့်ကျင်ဘက်။

ရွယ်တူချင်းမြင်ရင် ဦးစွာ ရယ်ပြသလို ခေါ်သည်။ မိဘအရွယ် တွေ မြင်တာနဲ့ အန်တီ ဘယ်သွားမလဲ၊ အန်ကယ် ဘယ်ကလာတာလဲ စသည်ဖြင့် နှုတ်ပေါ့ပေါ့ မေးလေ့ရှိသည်။

မေမေတို့လူကြီးတွေက သိတဲ့အတိုင်း မနှစ်မြို့တဲ့ဟန်နဲ့ ပြန် ကြည့်ပြီး မဖြေချင် ဖြေချင်နှင့်။ ညနေညိုကတော့ ဘာကိုမှ အရေးမ ထား။ ဘယ်သူကြည့်ကြည့် မကြည့်ကြည့်၊ ဘယ်သူခေါ်ခေါ် မခေါ်ခေါ် သူမက ခေါ်မြဲ၊ နှုတ်ဆက်မြဲ။

ညနေညိုတို့ ပြောင်းလာပြီး နောက်နေ့ကိုပဲ ခင်ခင်သာနဲ့ လာ ရောသည်။ ခင်ခင်သာတို့အိမ်မှာက စီဒီခွေအငှားဆိုင်ဖွင့်ထားသည်။



www.burmeseclassic.com

စီဒီလာငှားရင်း မိတ်ဆက်ပြီး အသိဖွဲ့သည်။

ခင်ခင်သာမှာ သူငယ်ချင်းတွေ မရှိဘူးလား၊ ခင်ခင်သာက ရှိတယ် ဘာညာပြောတော့ မိတ်ဆက်ပေးဖို့ ဦးစွာတောင်းဆိုသည်။

ခင်ခင်သာကလည်း သူငယ်ချင်းအသစ်နဲ့ သုတတို့တစ်ဖွဲ့လုံးကို မိတ်ဆက်ပေးသည်။

သူဇာလင်း၊ သီရိမာ၊ ညီဖော်နဲ့ သုတ။

"ခေတ်သုတ ဟုတ်လား၊ ခေတ်သုတကို ညို တွေ့ဖူးတာ ကြာလှပြီ၊ လင်းသစ်ဦး ပိုးထည်တိုက်မှာလေ၊ သူငယ်ချင်း မင်္ဂလာဆောင် အတွက် ပိုးထည်သွားဝယ်ရင်း တွေ့တာ၊ ဖြတ်သွားဖြတ်လာတိုင်းလည်း လင်းသစ်ဦးပိုးထည်တိုက်မှာ ခေတ်သုတကို တွေ့တွေ့နေတယ်"

လို့ ပွင့်ပွင့်လင်းလင်း ထုတ်ပြော၏။

"လင်းသစ်ဦးက သုတ့မမဆိုင်လေ၊ သုတက ကျောင်းအားရင် သွားကူရတာ ညို့ရဲ့"

ခင်ခင်သာက ထိုသို့ပြောတော့ ညနေညိုမျက်ဝန်းလေး တောက် ပရွှန်းစိုသွားကာ –

"ဟုတ်လား သုတ"

ဟုမေးသည်။ သုတ အလိုက်သင့်ပြုံးကာ ခေါင်းညိတ်၏။

"ဟုတ်တယ် ညနေညို၊ ကျွန်တော်က ညနေညိုကို ခုမှမြင်ဖူး တာပါ၊ ခုမှမြင်ဖူးပေမယ့် ခင်ပါတယ်၊ ခင်သာတို့လိုပဲ ခင်လို့ရပါတယ်"





"ခင်လို့မရဘူး ပြောလည်း ညိုက အတင်းခင်မှာပဲ၊ သိလား"

ရယ်နေတဲ့မျက်နှာလေးနဲ့ မြူးမြူးသွက်သွက်ကလေး ပြောသည် က ဖြူစင်ရှင်းသန့်နေတယ်လို့ သုံတတို့ သူငယ်ချင်းအားလုံး မှတ်ချက် ပေးပြီးသား။

ထိုနေ့က ခင်မင်မှုအထိမ်းအမှတ်နဲ့ ညနေညိုက ရွှေရသာ အသားကင်ဆိုင်ခေါ်သွားပြီး အသားကင် အဝကျွေး၏။ ထို့ပြင် ကြေးအိုး လည်း တိုက်သေးသည်။

"ကျွန်တော်တို့နဲ့ စခင်တာနဲ့ ညနေညို ပိုက်ဆံအများကြီး ကုန်သွားပြီနော်"

သုတ အားနာစကားဆိုတော့ ညနေညိုက ဘာမှမမှုတဲ့ ဟန် လေးနဲ့ –

"ပိုက်ဆံ၊ ဟင့် ဟင့်၊ ပိုက်ဆံဆိုတာ သုံးဖို့ပဲလေ ခေတ်သုတရဲ့၊ ပိုက်ဆံကုန်တာ မှုစရာမှ မဟုတ်တာ"

ဟုတ်တော့လည်း ဟုတ်သည်။ ညနေညိုတို့ ဘယ်နေရာမဆို ငွေကို ရေလိုသုံးလေ့ရှိသည်။ အဲ့သလို သုံးစွဲလို့လည်း ညနေညိုမာမီနဲ့ ပထွေးလုပ်သူ တစ်ခွန်းမှ မကန့်ကွက်ပေ။

ဒေါ်သီဂီရွှေစင်က စိန်တိုက်ပိုင်သည်။ ဦးချိန်ဘွားကလည်း မခေ။ နိုင်ငံခြားကုမ္ပဏီတွေ အများစုမှာ ရှယ်ယာပါသလို ဒီက ကုမ္ပဏီ တိုင်းလိုလိုမှာ လက်ညှိုးထိုးမလွဲ ရှယ်ယာတွေ ထည့်ဝင်ထားသည်။



www.burmeseclassic.com

ဖိမ်ခံကားကို ခဏတစ်မျိုး ခဏတစ်မျိုး ပြောင်းစီးလေ့ရှိတာ ထိုမိသားစုရဲ့ ဝါသနာထင်ရဲ့။ ကားကို အထည်ဆန်း ဝတ်ဆင်သလို ဟောတစ်စီး ဟောတစ်စီး လဲလှယ်စီးတတ်၏။

ညနေညိုလည်း ထို့အတူ။

တော်ကြာနေ ဆလွန်းကား၊ နောက် ဘယ်လောက်မှ မကြာဘူး မာစီဒီး။ မာစီဒီးစီးလို့ လပိုင်းပင်မကြာသေး၊ ပါရဒို ခဲစိမ်းရောင်စီးချလာသည်။ ညနေညိုတို့မိသားစု ဘယ်လောက်ချမ်းသာလဲဆိုတာ ခန့်မှန်းရခက်ပါဘိ။

သို့သော်လည်း လူမှုရေးမှာ အဆင့်အတန်း ညံ့ဖျင်းလေခြင်း ဆိုပြီး အတင်းပြောကြသလို အပေါင်းအသင်းမလုပ်ဖို့ အတားခံရသည်။ နောက်ဆုံးတော့ -

“ကျွန်တော်တို့ ညို့ဆီသွားတာမှမဟုတ်တာ မေမေရယ်၊ ညို ခေါ်မှ ခေါ်ဖြစ်တာပါ”

လို့ ဆင်ခြေပေးကာ ခေါ်မြဲခေါ်သည်။ သူငယ်ချင်းအားလုံးကလည်း လူကြီးတွေစကား နားထောင်လိုကြသည်၊ ဒါပေမဲ့ ညို့မျက်နှာလေး မြင်ရင် မခေါ်ဘဲ မပြောဘဲ မနေနိုင်ဖြစ်ရတော့လည်း ခေါ်မိ ပြောမိလေသည်။

ညိုက ခင်ခင်သာတို့ သုတလင်းတို့ကို လိုက်လိုက်လျောလျော ပေါင်းကာ ရုပ်ရှင်ကြည့်တာတို့၊ ကစားကွင်းသွားတာတို့ လူကြီးတွေ





မသိအောင် ခိုးလုပ်ကြသည်။ ကျောင်းမှာ နေ့တိုင်းတွေ့ကြသည်။

ခင်မင်တော့လည်း သံယောဇဉ်က တွယ်လာတဲ့သဘော၊ ညနေညိုတို့မိသားစုအကြောင်း မိဘတွေ နှာခေါင်းတရှုံ့ရှုံ့ ပြောကြဆိုကြတိုင်း သူငယ်ချင်းအားလုံး ဘာသိဘာသာနေလိုက်ကြသည်။

ဝင်ပြောတာ၊ ဝေဖန်တာမျိုး မလုပ်ကြပါ။ လူကြီးမိဘတွေက ကြာလေ တင်းလေ။

“ညနေညိုနဲ့ လုံးဝမပေါင်းနဲ့၊ အကျင့်ပျက်တွေ ကူးစက်လိမ့်မယ်” တဲ့။

လူကြီးမိဘ တားမြစ်တာကို သုတတို့သူငယ်ချင်းတွေ နောက်ကွယ်မှာ စောဒကတက်မြဲ။

“သူတို့မိသားစု ဘာပဲဖြစ်ဖြစ်ပေါ့၊ ညိုက ခင်ဖို့ကောင်းတယ်”

သုစာလင်းက ပေါင်းသင်းဖို့ ထောက်ခံသည်။ အားလုံးကလည်း သုစာလင်းသဘောအတိုင်းပင်။

ညိုနဲ့ခေါ်ပြောတာတွေ့တိုင်း လူကြီးမိဘတွေ မာန်မဲစမြဲ၊ အထူးသဖြင့် အားလုံးရဲ့မိဘတွေထဲမှာ မမနဲ့မေမေက ထိပ်ဆုံးက။ အတတ်နိုင်ဆုံး မေမေနဲ့မမ မသိအောင် သုတ ခေါ်ပြောလေ့ရှိပါသည်။ အထူးသဖြင့် ရပ်ကွက်ထဲမှာဆို ရှောင်တတ်သည်။

ညို့ကို မဏ္ဍပ်မှာ ဝိုင်းကူလုပ်နေတာ အဝေးကတည်းက မြင်လို့ လမ်းချိုးထဲ ကွေ့ဝင်ကာ ရှောင်မိပါသည်။ ရှောင်လို့မလွတ်ဖြစ်ကာ



www.burmeseclassic.com

သကြိန်မကျခင် သကြိန်ရေရွဲသွားတဲ့ အဖြစ်။

အဲဒီအဖြစ်က ပြဿနာအကြီးကြီးဖြစ်ကာ သကြိန်ရက်တွင် အပြင်မထွက်ရ။ ဖေဖေ အမိန့်ချလေသည်။

✿ ✿ ✿



## အခန်း (၄)

ကောင်းကင်အရောင်က ပြာပြာလဲ့ကာ ဂွမ်းဖတ်ကလေးများလို မြူနုလှသော တိမ်စိုင်ကလေးများ လွင့်လွင့်ပြေးဆော့နေသည်က စိတ်ကြည်နူးဖွယ်ကောင်းလှပေသည်။

သကြိန်တေးသံများက ထက်ဝန်းကျင်လေထုမှာ ယိမ်းနွဲ့ခိုစီးကာ ပြေးလွှားနေသည့်နှယ်။

ဘယ်နေရာ ဘယ်နားဆီကမဆို သကြိန်တေးသံတွေ ကြားကြားနေရပေသည်။

ထိုအခါ ညို့စိတ်က မြူးကြွလို့လာသည်။

ဒီနေ့က သကြိန်အကျနေ့ မဟုတ်လား။



www.burmeseclassic.com

နှစ်တိုင်းဆို မဏ္ဍပ်ထိုင် ရေကစားလေ့ရှိတဲ့ ညို။ ဒီနှစ်တော့ အင်းလျားနဲ့ကန်တော်ကြီးမဏ္ဍပ်မှာ ကစားဖို့ စာရင်းသွင်းပြီးပေမယ့် ထိုနေရာသို့ ခြေဦးမလှည့်ချင်။

ဟိုတစ်နေ့က အုန်းလက်မဏ္ဍပ်လေး ပိုင်းကူလုပ်ပေးခဲ့မိတဲ့ စိတ်က ထိုမဏ္ဍပ်ဆီ ရောက်လို့နေသည်။

အစိမ်းသွေးက ရေပက်ခံကားနဲ့ လိုက်လည်မယ်တဲ့။ ခုလေးတင် ဘက်ကီတို့ကားနဲ့ ပါသွားလေသည်။ ဘက်ကီက ညို့ကိုလည်း အတင်းခေါ်သည်။ ညို မလိုက်ဘူးငြင်းတော့ ဘက်ကီက ရယ်ကျဲကျဲနဲ့ နားနားတိုးတိုးကပ်ပြော၏။

"ညိုက အရမ်းလန်းတာပဲ" တဲ့။

မဆီမဆိုင် ပြောတော့ –

"အဟွင့်"

ညို ကြည်နူးစွာ မျက်နှာလှလှလေး ဝင့်ပြလိုက်သည်။

"တကယ်ပြောတာ"

မျက်လုံးလေး တစ်ဖက်မှိတ်၍ ချီညညလေးဆိုကာ အလိပ်ကောက်ထားတဲ့ ညို့ဆံပင်ကို ဖွကစားသွားတဲ့ ဘက်ကီလက်ချောင်းတွေကို ညို မျက်စောင်းထိုးပစ်လိုက်သည်။

အဲဒီ ဘက်ကီဆိုတဲ့ကောင်က နေရာတကာ လက်သွက်သလို နှုတ်လည်းသွက်လှပါသည်။ ဒါတင်မက အမူအရာလေးကအစ ကြွကြွ





လန်းလန်းနဲ့မို့ ညိုတွဲနေတဲ့ ယောက်ျားလေးအပေါင်းအသင်းထဲမှာ . . .

ဘက်ကီက ထိပ်ဆုံးက။

နောက်ပြီး ဘက်ကီက ညို့စိတ် ညို့သဘောလေ။ ဘက်ကီနဲ့ ပေါင်းသင်းရတာ ညို့စိတ်ကို လန်းဆန်းစေသည်မဟုတ်လား။

ခုတော့ ဘက်ကီနဲ့ မတွဲချင်သေး။ ဘာဖြစ်လို့လဲဆိုတော့ ညို့စိတ်က အုန်းလက်စိမ်းမဏ္ဍပ်လေးနဲ့ ခင်ခင်သာတို့ သူငယ်ချင်းတစ်စုကို မျက်စိထဲမှာ မြင်နေသည်။

အထူးသဖြင့် ခေတ်သုတပေါ့။

ခေတ်သုတက ဘက်ကီနဲ့ ဒီဖိုင်းမတူ၊ လုံးဝကွဲသည်။ ချည်ချောပုဆိုးနဲ့ ရှပ်အင်္ကျီလက်တို၊ လက်ရှည်ကိုသာ အရောင်နုနုလေး ရွေးဝတ်သည်။ ဆံပင်ပုံစံကလည်း မျက်နှာလေးနဲ့ လိုက်ဖက်ကာ အလယ်ခွဲကြောင်းလေးပေါ်အောင် ဖြီးထားတာကအစ သပ်သပ်ရပ်ရပ် ရှိလှသည်။

အုန်းဆီမွှေးလိမ်းထားတာမို့ နက်မှောင်ကာ ထူခဲတဲ့ဆံပင်က အစဉ်အမြဲ အုန်းဆီနံ့လေး သင်းနေသည်က ညို့နှာခေါင်းကို ညှို့ထားသည့်နယ်။

ဖြစ်နိုင်ရင် ခေတ်သုတဆံပင်လေးကို တယုတယကိုင်ပြီး မွှေးကြူချင်စိတ် ခဏခဏဖြစ်၏။

ပြည့်ပြည့်ဖြိုးဖြိုးရှိလှတဲ့ ကိုယ်နဲ့ မြင့်တဲ့အရပ်က ညို မော့ကြည့်မိတိုင်း ရင်ခုန်သလိုလိုလေးရယ်။



www.burmeseclassic.com

နောက်ပြီး ခေတ်သုတ အသားအရေက ညို့အသားအရေနဲ့ ထပ်တူကျမတတ် တူစွာ ဝါဝင်းစိုလင်းသည်။ ခေတ်သုတလက်တံပေါ်က အမွေးချောလေးတွေက ရှည်လျားနက်မည်းမှောင်တာကြောင့် ပိုလှတယ်လို့ ညို ခံစားမိ၏။

ထိုခံစားမှုနောက်မှာ ဖြစ်ပေါ်လာတဲ့ ညို့ရဲ့အပြုအမူလေးတစ်ခု။ ခုထိ ညိုမှတ်မိသေးသည်။

ခေတ်သုတရဲ့ မွေးနေ့မှာပေါ့။ သုတက ညိုတို့သူငယ်ချင်းတွေ အားလုံး တောင်းဆိုတဲ့အတိုင်း ရုပ်ရှင်လိုက်ပြသည်။ ညိုက ညို့ခံစားချက်နဲ့ညိုမို့ သုတ ဘေးမှာ တမင်ရွေးချယ်ထိုင်မိသည်။

ရုပ်ရှင်စပြတော့ သူငယ်ချင်းအားလုံး ရုပ်ရှင်ဇာတ်ကားထဲ အာရုံရောက်နေချိန်မှာ ညိုက သုတနားကပ်၍ တိုးတိုးရွရွလေးခေါ်သည်။

"သုတ"

"ဟင်"

ရုပ်ရှင်ဇာတ်လမ်းထဲ သုတမျောပါနေပေမယ့် ညိုခေါ်တာနဲ့ ထူးပါသည်။ မျက်လုံးကလည်း ရုပ်ရှင်ပိတ်ကားပေါ်မှတစ်ဆင့် ညို့ဆီ ရွေ့၍ ငဲ့ကြည့်၍ –

"ဘာလဲ ညို"

ဟု သုတခေါင်းလေး ညို့ခေါင်းနဲ့ထိလုမတတ် ငဲ့ကာ စိတ်ဝင်တစားမေးသည်။ ညိုက ထိုင်ခုံလက်တန်းပေါ် ဆန့်တင်ထားတဲ့ သုတ





လက်တံလေးဆီ အကြည့်ရွှေ့သည်။

ရှပ်လက်တိုစိမ်းနုလေး ဝတ်ထားတဲ့ သုတလက်က မှောင်ထဲမှာ လင်းလျက်။ မွေးညှင်းစိမ်းရှည်ရှည်လေးတွေ ဖြာဆင်းနေတာကအစ မြင်သာနေသည် မဟုတ်လား။ သုတ လက်ခုံပေါ်က မွေးညှင်းကလေးများအထိ ညိုအဆုံးသတ်ပြီး –

"သုတမွေးနေ့မှာလေ သုတအတွက် အမှတ်တရ ဖြစ်စေမယ့် တစ်ခုခုကို ညိုလုပ်ကြည့်ချင်တယ်၊ ဟိုပေါ့ ညို့စိတ်ထဲက ခံစားမိတဲ့ အတိုင်း ဆိုပါတော့"

"ဘာများလဲ ညို"

သုတက သိချင်စိတ်ကလေးနဲ့ မေးရှာသည်။ ညိုက သိချင်စိတ်နဲ့ ရွှန်းစိုနေသော သုတမျက်ဆန်နက်ကလေးကို စိုက်ကြည့်၍ –

"ခွင့်ပြုပါလား"

"ဘာကိုလဲ"

"ဟောဒီမှာလေ၊ သုတ လက်ကောက်ဝတ်ပေါ်က မွေးညှင်းလေးတွေကို ညို ကိုင်ကြည့်ချင်တယ်"

"ဟာ"

သုတမျက်နှာလေး ဖြန်းခနဲနွေးကာ နှစ်ယောက်ကြား ထိုင်ခုံတန်းပေါ် ဆန့်တင်ထားတဲ့ သုတလက်ကို သုတ ပြန်ရုပ်မိမလိုဖြစ်သည်။

"ဘာလဲ၊ သုတ ခွင့်မပြုဘူးလား"



www.burmeseclassic.com

"အဲ"

သုတ ခေါင်းကုတ်မတတ် ဖြစ်ကာ ရှက်သလိုလို ဘာလိုလိုနဲ့ မျက်နှာလေး ပန်းနုသွေးရောင် သန်းသွားသည်။

"ညို့က ရိုးရိုးသားသားကိုင်ကြည့်ချင်စိတ် ဖြစ်လို့ပါ၊ သုတ တစ်မျိုးထင်လို့လားဟင်"

"မ မဟုတ်ပါဘူး၊ အဲဒီသဘော မဟုတ်ပါဘူး ညို၊ အံ့ အံ့သြလို့ပါ၊ ညို့စိတ်က ရိုးသားတာပဲ၊ ရိုးသားစိတ်နဲ့ ကိုင်ကြည့်ချင်တယ်ဆို ညို့သဘော"

"တကယ်"

ကျေနပ်စွာ ခွင့်ပေးတဲ့ သုတကို ညို ကြည်နူးစွာကြည့်မိသွားသည်။ ပြီးတော့ "တကယ်"ဆိုတဲ့ ညို့အသံလေးက အုန်းခနဲ ကျယ်ထွက်သွားတာကြောင့် ညို့ရဲ့ ညာဘက်ဘေးမှာထိုင်နေတဲ့ သီရိမာ မေးလေသည်။

"ဘာပြောတာလဲ ညို၊ တကယ်ဆိုတာ"

"ဟို ဘာ ဘာမှ မဟုတ်ပါဘူး၊ ရုပ်ရှင်ဇာတ်လမ်းက သဘာဝကျတယ်လို့ သုတပြောတာလေ၊ အဲဒါ ညို့က တကယ်လားလို့ မေးမိသွားတာပါနော် သုတ"

ညို သွက်သွက်ကလေး ဖုံးဖုံးဖိဖိပြောလိုက်တော့ သုတကလည်း ဟုတ်တယ်လို့ ထောက်ခံလေသည်။ ထိုအခါ သီရိမာ ပြန်မမေးတော့ပါ။





ရုပ်ရှင်ပိတ်ကားဆီ မျက်လုံးပြန်ရောက်၏။

ညို့နဲ့ သုတက ကိုယ့်အကြောင်းနဲ့ကိုယ်မို့ ပါးစပ်ပိတ်ကာ သဘောတကျ ရယ်မိ၏။ မျက်လုံးချင်းလည်း ရွှင်မြူးစွာ ခုန်လေသည်။

ကျန်သူငယ်ချင်းတွေက ရုပ်ရှင်ဇာတ်လမ်းကောင်းထဲ အာရုံပြန်ရောက်သွား၏။ သုတက ညို့လက်မောင်းကို လက်မောင်းချင်းထိသလို တို့တိုက်ပြီး –

"ညို့ကို ကိုင်ကြည့်ပေါ့"

ဟု အသံတိတ် ဘာသာစကားနဲ့ မျက်ရိပ်ပြလျှင် ညို ပခုံးလေး တွန့်ကာ ကြည်နူးစွာပြုံး၏။

တံတောင်ကနေ လက်ချောင်းထိပ်ကလေးအထိ ဆန့်ထားတဲ့ သုတလက်တံပေါ် ဖြာဆင်းနေတဲ့ မွေးညင်းကလေးများကို ညို လက်ချောင်းလေးတွေနဲ့ သ၏။

"ဟင်"

နှစ်ယောက်သားရင်ထဲမှာ ရှိန်းခနဲဖြစ်လျှင် နှစ်ယောက်သား အကြည့်တွေ တွေ့ဆုံပြန်သည်။

ညို့က ခစ်ခနဲအသံလေးထွက်ရယ်ချလျှင် သုတလည်း သဘောကျစွာ ပြုံးလေသည်။ ထို့နောက် သုတလက်ကောက်ဝတ်ဆီမှ မွေးညင်းနုနုကလေးများကို ညို့လက်ချောင်းလေးများဖြင့် ဖွဖွရွရွလေး ဆွဲ၏။

ဆွဲအားကြောင့် ရုန်းကြွသွားတဲ့ အရေပြားလေးနှင့်အတူ ကြက်



www.burmeseclassic.com

သီးလေးများ ဖြန်းခနဲ ထသလို ခံစားစေသည်။

ထိုမှုမက နူးညံ့သော ယားကျိကျိဖြစ်မှုနှင့် နွေးလှိုက်သော ခံစားချက်ကလေးများ ပေါ်လာလေသည်။

အဲဒီနောက် နှစ်ဦးသားအကြား ရင်းနှီးမှုတစ်မျိုး ကူးစက်သွားသည့်နှယ်။ နူးညံ့ပျော့ဝင်သောအကြည့်တို့ ယစ်မူးစွာ ဆုံတွေ့လျက်။

သုတရယ် –

နင် ရင်ခုန်နေမလား။ တစ်ဆိတ်ပြောပါကွယ်။

✿ ✿ ✿



## အခန်း (၅)

♬ ×××အတာသဘင် ဒီပွဲ ××× မြူးမြူးကြွကြွ ××× စတီရိယို သံ ညံမစဲ ××× နှစ်ဦးတန်ခူးလ ××× လောကကြီးမှာ ပျော်တယ်ဗျ ××× အတာပွဲမှာ ဆုံတွေ့ကြ ××× မိုးကောင်းကင်မှာ ကြယ်နဲ့လ ××× ကမ္ဘာမြေတစ်ခွင်မှာ မောင်နှင့်နှမ ××× နေနဲ့လ ××× ရွှေနဲ့မြ ××× ပြောမကုန် ရှုမဝ ××× ကြော့ကြော့ မော့မော့ လှလှ ပပ ××× က က ××× မမကိုယ်တိုင်က ××× ♬

အုန်းလက်စိမ်းမဏ္ဍပ်မှာ ဖွင့်ထားတဲ့ သကြၤန်သီချင်းသံက ညို့စိတ်ကို မြူးကြွစေသည်။ ညိုက ထိုသီချင်းလေး တိုးတိုးရွတ်က



www.burmeseclassic.com

လက်ဟန်လေး ယိမ်းနွဲ့သလို လှုပ်ရှားရင်း မဏ္ဍပ်ထဲဝင်လျှင် –

"ညို လာ"

ညီဇော်က မဏ္ဍပ်တိုင်နဲ့ ပိတောက်ပန်းခိုင်ကြီးတွေ တွဲစပ်ချည်နှောင်နေရာမှ အားတက်သရော ခေါ်သည်။

"ခင်ခင်သာတို့ရော"

"ရှိတယ်၊ ဝင်သွားလေ၊ သူတို့အဖွဲ့တွေ မုန့်လုံးရေပေါ်လက်နေကြတယ်"

"ဟာ ကောင်းလိုက်တဲ့အစီအစဉ်"

ညို တက်ကြွစွာပြောရင်း မဏ္ဍပ်အနောက်ဘက်ဆီ တန်းဝင်သွားသည်။ အုန်းလက်နဲ့ အမိုးမိုးထားတဲ့အောက်မှာ ခင်ခင်သာတို့အဖွဲ့ လူစုံတက်စုံ မုန့်လုံးရေပေါ်လုံးနေကြသည်။

ရေနွေးအိုးတည်သူတည်၊ မုန့်နှစ်နယ်သူနယ်၊ နယ်ပြီးသားတွေကို ထိုင်ပြီးလုံးနေကြသူတွေနဲ့ မဏ္ဍပ်နောက်ဘက်မှာ ပျော်ပျော်ရွှင်ရွှင်ရယ်မောပြောဆိုလျက်။

ညို ဝင်လာတာတောင် ခင်ခင်သာတို့အဖွဲ့ သတိထားမိဟန်မတူ။

"ဟိတ် ခင်သာ"

"ဟင် ညို၊ လာလေ ထိုင်၊ ခင်သာတို့က မလာတော့ဘူးထင်နေတာ"





"ဟုတ်တယ်၊ သီရိပြောနေသေးတယ်၊ ညိုက တို့မဏ္ဍပ်လေးမှာ ရေကစားဖို့ စိတ်ဝင်စားမှာ မဟုတ်ဘူးတဲ့လေ"

"ထင်တဲ့အတိုင်းပြောတာ စိတ်မဆိုးနဲ့နော် ညို"

ခင်ခင်သာ၊ သူဇာလင်းနဲ့ သီရိမာတို့ ပွင့်ပွင့်လင်းလင်းပြောကြဆိုကြလျှင် ညို ရယ်မောပြီး –

"ဆိုးစရာလား သီရိရဲ့၊ နည်းနည်းရွှေ့၊ ညိုလည်း ဝိုင်းကူမယ်"

ခင်သာနဲ့သီရိကြား ညို ဝိုးဝင်ထိုင်တော့ နေရာလည်းရွှေ့ပေး၏။ ညို အကျႌအနုဝင်ချတော့ သူဇာလင်းက လက်ဆေးရေဇလုံ ရွှေ့ချပေးသည်။

"ဝိုင်းလုပ်ပေးရင် လက်ကလေးစင်အောင်ဆေးပါ မမလေးရဲ့"

"ဆေးမှာပေါ့ဟ၊ ညိုက ညစ်ညစ်ပတ်ပတ် လုပ်မတဲ့လား"

"အေးလေ ဟုတ်သားပဲ၊ သူဇာကလည်း"

"မသိပါဘူး၊ ညိုက ဆိုးဆိုးဆတ်ဆတ် လုပ်လိုက်ရင်ကော၊ မုန့်နှစ်အဖြူတွေက ညိုလက်ထဲက ချေးညှော်တွေနဲ့ မည်းညစ်သွားမှာစိုးလို့"

"ပူတတ်ရန်ကော"

ညို မျက်စောင်းထိုးဟန်လေးနဲ့ ပြောတော့ သူငယ်ချင်းတွေ ပြုံးပြုံးလေး ခံယူသည်။ ညို လက်ဆေးပြီးသည်နှင့် နယ်ပြီးသား မုန့်နှစ်ယူသည်။



www.burmeseclassic.com

ခင်ခင်သာတို့လုပ်ပုံလေးကို ညို့ အရင်ကြည့်သည်။ ညို့ တစ်ခါဖူးမှ မုန့်လုံးရေပေါ် မလုပ်ဖူးပါ။ မာမီတို့က ဒါတွေကို စိတ်မဝင်စား။

သကြံန်ကျရင် သမီးတွေ လည်ချင်သလိုလည်၊ ခွင့်ပေးထားသော်လည်း ညို့တို့ရဲ့အသိုင်းအဝိုင်းကြားမှာ ဒါမျိုး လုပ်လေ့မရှိပါ။

ကားနဲ့လျှောက်လည်ရင် လည်၊ မလည်ရင် မဏ္ဍပ်ကြီးတွေမှာထိုင် ရေပက်။ ဒါမှမဟုတ် ဖျော်ဖြေရေးမဏ္ဍပ်တွေမှာ ဆိုချင်ဆို၊ ကချင်က။ ဒီလောက်ပဲ။

ခင်ခင်သာတို့နဲ့ပေါင်းမိပြီး ညို့မှာ စိတ်ဝင်စားစရာကောင်းတာလေးတွေနဲ့ ကြုံရသည်။

တစ်အိမ်အိမ် စုပြီး မုန့်လုပ်စားကြသလို ဓမ္မာရုံမှာ ဝတ်ရွတ်သွားတာမျိုး ညို့လိုက်ပါသွားလေ့ရှိသည်။

ခင်ခင်သာတို့က ညို့တို့လို ငွေကြေးစည်းစိမ်နဲ့ မဟုတ်ပေမယ့် တင့်တင့်တယ်တယ်တော့ နေနိုင် ထိုင်နိုင်ကြသည်။

အရင်က ညို့ပေါင်းခဲ့တဲ့ သူငယ်ချင်းတွေရဲ့စရိုက်နဲ့ ကွဲပြားသည်။ ဘက်ကီ၊ မွန်းမွန်း၊ စပ်မီမီ၊ စံစံ၊ ရှီ့စ်နဲ့ ရှိုင်းဗညားတို့က တစ်လိုင်း။

ပါတီတက်မယ်၊ ဒန့်စ်ကမယ်၊ အုပ်စုတရုန်းရုန်းနဲ့ ဘီယာဆိုင်ထိုင်မယ်။

ညို့လည်း ပါတာပေါ့။ ခင်ခင်သာတို့နဲ့ပေါင်းပြီးမှ ညို့ အဲဒီ





ဘက် စိတ်မပါတော့ပါ။ ဘက်ကီတောင် ပြောသေးတယ်။

"ညို့ ညို့မပါတော့ ပျင်းတယ်ကွာ၊ ကိုယ်တို့ဘက် ခြေဦးလှည့်ပါဦးလို့"

မကြာ မကြာ တောင်းဆိုတတ်သည်။ ညို့က ဘက်ကီတောင်းဆိုတိုင်း ပြုံးနေလိုက်သည်။ ငြင်းလည်းမငြင်း၊ ခြေဦးလှည့်မယ်လို့လည်း ကတိမပေး။

"ညို့ရေ ဒီည ဘက်စတာတို့တိုက်မှာ ပိုင်းရှိတယ်၊ လာခဲ့လေ"

လို့ ဆွယ်တတ်သည်။ ပိုင်းဆိုတာက အပျော်တမ်း ဘီယာပိုင်းလေး ဖြစ်သလို အားလုံး အတွဲကိုယ်စီနဲ့ ရီဝေ ရီဝေ မြူးကြတဲ့ပွဲမျိုး။

အဲလိုပွဲတိုင်းမှာ ဘက်ကီနဲ့ညို့ တွဲနေကျ။ တွဲပါများတော့လည်း အီလာသည်။ ထိုအခါ အပျော်တမ်းဖဲ႐ာစားလေ့ရှိတဲ့ ဘက်ကီသူငယ်ချင်း ဗိုးဒိုးတို့တိုက်ကို သွားလေ့ရှိသည်။

ညို့ ဘယ်သူနဲ့တွဲတွဲ ဘယ်သွားသွား မာမီ တားလေ့မရှိပါ။ မာမို့ယောက်ျား အန်ကယ်ဘွားကလည်း မာမို့အတိုင်းပဲ။

အစိမ်းသွေးနဲ့ ညို့ကလည်း စရိုက်ချင်းတူတော့ ပြဿနာမရှိပါ။ ညို့တို့သူငယ်ချင်းတွေအုပ်စု ပါတီသွားရင်တောင် မာမီနဲ့အန်ကယ်ပါလူငယ်တွေကြား ရောပျော်ကြတာမျိုးရှိသည်။

တစ်ခါတစ်ရံ မာမီတို့လူကြီးအုပ်စုနဲ့ ညို့တို့လူငယ်အုပ်စု အပြိုင်ကကြတာမျိုး၊ အပြိုင်ကကြတာမျိုး ရှိတယ်လေ။



www.burmeseclassic.com

အဲလိုနဲ့ပဲ အန်ကယ့်မိတ်ဆွေ ဒေါ်ဒီလီယာရဲ့မောင်နှစ်ဝမ်းကွဲ တော်တဲ့ ပိုက်ပိုက်ဆိုတဲ့ ငနဲနဲ့ အစိမ်းသွေး ငြိသွားသည်။

အန်ကယ်နဲ့မာမီ ရိပ်မိပေမယ့် တားမြစ်တာမျိုး မရှိခဲ့။ ပိုက်ပိုက်က အစိမ်းတွဲဖူးတဲ့ ငနဲတွေနဲ့ယှဉ်ရင် ရုပ်ဖြောင့်သလို စတိုင်လ်မိသည်။ အစိမ်းထက် ငါးနှစ်ကြီး၏။

အစိမ်းကို တယုတယ ဆက်ဆံတတ်၏။ အလိုလည်းလိုက် သည်။ ဒီတော့ အစိမ်းသွေး စွဲလမ်းသွားရုံမက ပိုက်ပိုက်နဲ့ Shoppin ထွက်မယ်ဆိုပြီး နေ့ခင်းကတည်းက ထွက်သွားတာ တစ်ညလုံး ပြန်မလာ။

တစ်ပတ်လောက်ထိ သတင်းမရခဲ့။ နောက်မှ ဒေါ်ဒီလီယာ ဖုန်းဆက်ပြောသည်။

ပိုက်ပိုက်နဲ့ အစိမ်းသွေး ခိုးရာလိုက်သွားတယ်တဲ့။

အဲဒီတော့ အန်ကယ်ကလည်း မိသားဖသားပီပီ လာအပ်ပါ မင်္ဂလာပွဲလုပ်ပေးမယ်ပေါ့။

အန်တီဒီလီယာက အပ်မှာပေါ့၊ အပ်တာက အရေးမကြီးဘူး၊ အရေးကြီးတာက ပိုက်ပိုက်မိထွေး။ ပိုက်ပိုက်မိထွေးက မင်္ဂလာစရိတ် ဘာညာကို အကုန်မခံနိုင်ဘူး။ ပြီးတော့ အစိမ်းနဲ့လည်း သဘောမတူ နိုင်ဘူး။ ပိုက်ပိုက်ကို မိထွေးတော်က သူ့တူမနဲ့ ပေးစားဖို့ အသင့်ဖြစ်နေ ရုံမက သူ့တူမ ဖြိုးဖြိုးနဲ့ ပိုက်ပိုက် မကင်းမရှင်း ဖြစ်နေသတဲ့။

ဖြိုးဖြိုးမှာ ကိုယ်ဝန်ပဲ ရှိနေသယောင်ယောင် စကားမျိုးတွေ





ထွက်လာသည်။ ဒါနဲ့ အန်ကယ်က အစိမ်းသွေးကို ပိုက်ပိုက်နဲ့ခွဲပစ်လိုက် သည်။

"သမီး အစိမ်းသွေး လွတ်လပ်တဲ့ဘဝနဲ့ ပျော်ပျော်ကြီးနေ စမ်းပါ သမီးရယ်၊ ဒီလို ဖယားအရှုပ်အထွေးကြားထဲ သမီးဘဝတစ်ခုလုံး ထိုးထည့်လိုက်ရင် သမီးလေး ပျော်နိုင်မှာမဟုတ်ဘူး၊ ဒယ်ဒီသိတယ်၊ ဒါကြောင့် ပိုက်ပိုက်ကို သမီး ဘေးဖယ်ထားရင် အကောင်းဆုံးပဲလို့ ဒယ်ဒီယူဆတယ်"

အန်ကယ်က အစိမ်းကို မဆူတဲ့အပြင် ထိုသို့ ချော့မော့အားပေး ကာ သိမ်းသွင်းလေသည်။

"ဟုတ်တယ်၊ သမီးဒယ်ဒီရဲ့ အယူအဆကို မာမီလည်း သဘော ကျတယ်၊ လက်ထပ်ပေါင်းသင်းရမယ့်အရေးက ရှင်းရှင်းလင်းလင်းပဲ ကောင်းတယ် အစိမ်းလေးရယ်၊ မကင်းရှင်းတာကြီးကို သမီးလေး ယူထားမိရင်"

မာမီကလည်း ထိုသို့ဝင်ပြောပါသည်။ ပြောလို့ပင် မဆုံးသေး အစိမ်းသွေး ခေါင်းညိတ်လက်ခံကာ –

"ဒယ်ဒီ့သဘောလို့"

လက်ခံလိုက်လေသည်။ ဒီလိုနဲ့ အစိမ်းသွေးနဲ့ပိုက်ပိုက်ကို အန်ကယ် ချော့ခွဲလိုက်တာ ဆယ်ရက်မကြာ။

အစိမ်းသွေး တစ်ပတ်လောက် အပြင်မထွက်ဘဲ နေလိုက်သည်။



www.burmeseclassic.com

ပတ်ဝန်းကျင်ကတော့ ပြောကြ၊ ဆိုကြ ရှိတာပေါ့။ အန်ကယ်နဲ့မာမီက ရိပ်မိတာကြောင့် ထိုပတ်ဝန်းကျင်ထဲက ပြောင်းထွက်ခဲ့သည်။

"ပတ်ဝန်းကျင်အသစ်မှာဆိုတော့ သမီးအတွက် စိတ်အနှောင့် အယှက် ဖြစ်စရာ နည်းလိမ့်မယ်"

လို့ အန်ကယ် ဆိုချေသည်။

အန်ကယ်ဆိုတဲ့အတိုင်းပဲ ပတ်ဝန်းကျင်အသစ်မှာ ညီ့တို့မိသား စု ခေါင်းမော့နေကြသည်။ သို့သော် လပိုင်းပင်မခြား။

ညီ့တို့မိသားစုသတင်းတွေ ပျံ့သွားတော့ ပတ်ဝန်းကျင်သစ်က ပိုပြီး နှာခေါင်းရှုံ့ကြသည် မဟုတ်လား။

အဲဒါကိုပဲ အစိမ်းသွေးက –

"ဂရုမစိုက်ပေါင်"

လို့ ဆိုချေသည်။ ထိုအခါ အန်ကယ်က –

"ဒါမှ ဒယ်ဒီ့သမီး"

လို့ လက်မ,ထောင်လေသည်၊ မာမီကလည်း သဘောကျသည်။ အစိမ်းက အရင်ကထက် ပိုပြီးတောင် မာန်ထောင်ထောင်လေး ဖြစ်လာ သည်။

ပိုက်ပိုက်နဲ့ အကွဲခံရလို့ သိပ်ကြာကြာမခံစား။ ထို့နောက် ပုံ မှန်ပြန်ဖြစ်ကာ အရင်က အပေါင်းအသင်းတွေနဲ့ ပြန်ဆက်သွယ်ပြီး ပျော်သလိုနေလိုက်သည်သာ။





ညီ့ကလည်း ပတ်ဝန်းကျင်သစ်က အပေါင်းအသင်းသစ်နဲ့ ခင်မင်ကာ ဘက်ကီတို့ကို ခွာနေလိုက်သည်။ ခုတော့ ညီ့၊ ခင်ခင်သာတို့နဲ့ ပေါင်းသင်းရတာ ပိုပြီး ကျေနပ်နေတတ်သည်။ ခင်ခင်သာတို့နဲ့ မပေါင်း ရ မသင်းရလို့ အန်ကယ်နဲ့ မာမီ မတားပါ။

အဓိက သမီးနှစ်ယောက် စိတ်ပျော်ရွှင်နေရင် ပြီးတာပဲလို့ မှတ်ကြသည်မဟုတ်လား။

"ညီ့ ဘာတွေးနေတာလဲ၊ မုန့်လုံးလို့ မတတ်ဘူးလား"

သူဇာ ပခုံးတိုက်ပြောမှ ညီ့ အတွေးလေး ပြတ်တောက်ကာ–

"တတ်ပါတယ်၊ အထင်မသေးပါနဲ့"

လို့ ညီ့ မလုံမလဲပြောကာ လက်ထဲက မုန့်နှစ်ကို လက်ဖဝါး အလယ်မှာ တင်သည်။ လက်ဖဝါးချင်း ဖွဖွဖိကာ လုံး၏။

ညီ့ လုံးလိုက်တဲ့မုန့်က ဂေါ်လီလို လုံးလုံးဝန်းဝန်းမဖြစ်ချေ။ ရှည်ရှည်ကြီးဖြစ်နေတာမို့ ခင်ခင်သာတို့ ဝိုင်းရယ်ကြ၏။

"ကဲ လုပ်မတတ်ရင် မလုပ်နဲ့တော့၊ ထိုင်သာကြည့်"

ညီ့ ပခုံးလေးပင့်ကာ အရှက်ပြေပြုံးလိုက်သည်။ လက်ဖဝါးမှာ မုန့်နှစ်ရောင် ဖြူဖွေးသွားတာလေးကို ညီ့ သဘောကျကာ –

"ကြည့်ပြီးရင် တတ်အောင်လုံးမှာပေါ့ဟ"

"အိုကေ၊ ညီ့ သဘော"

ခင်ခင်သာတို့နဲ့ ခင်ရတာ ညီ့စိတ်က အဲလိုလေး ကြည်နူးလို့



www.burmeseclassic.com

မဆုံးတတ်ပေ။ ညို့ကို တစ်လမ်းလုံးက အမြင်မကြည်ပေမယ့် ခင်ခင်သာ တို့က လိုလိုလားလား ကြည်ကြည်ဖြူဖြူ။

ကြည်ကြည်ဖြူဖြူဆိုလို့ ခုမှ သတိရသည်။

"သုတ"

ညို ဟိုကြည့်သည်ကြည့်ဖြစ်လျှင် သူ့ဇာလင်း ရိပ်မိသွားဟန် တူသည်။

"သုတလား"

"အင်း"

ညို ဟန်မဆောင်ပါ။ ချက်ချင်းပဲ ခေါင်းညိတ်၏။

"သုတ နည်းနည်းနောက်ကျမယ် ညိုရဲ့"

"ဘာဖြစ်လို့"

"သုတ အိမ်စောင့်နေရတယ်"

ခင်ခင်သာ မျက်နှာရိပ်လေးနဲ့ပြောပုံက ညို့စိတ်ကို တစ်မျိုး ဖြစ်စေသည်။

"အိမ်စောင့်ရတယ်၊ ဘာဖြစ်လို့ စောင့်ရတာလဲ"

"ဪ ဟိုလေ၊ ဦးလေးနဲ့ဒေါ်ဒေါ် ဘုန်းကြီးကျောင်းသွားကြလို့ မမစိုးတို့က ယောက္ခမအိမ်သွားတာဆို၊ သုတပဲ အိမ်စောင့်ရတာပေါ့"

"ဟွန်း"

ညို မျက်နှာလေး အလိုမကျစွာ ညိုသွားသည်။ သကြံ့နံ့ဝေး





နဲ့ မြိုင်မြိုင်ဆိုင်ဆိုင်လေး မြူးကြွနေတဲ့ ညို့စိတ်က ခုတော့ မသာယာချင် တော့။

ခင်ခင်သာတို့က သုတ ဘာကြောင့်မလာမှန်း သိကြ၏။ ညို့ မျက်နှာလေး ချက်ချင်းမသာမယာ ဖြစ်သွားတာကို စာနာစွာကြည့်ရင်း သက်မလေးများ ခိုးချလေသည်။

ညိုရယ် –

သုတကို မမျှော်ပါနဲ့ကွယ်လို့ ရင်ထဲမှာ ကိုယ်စီရေရွတ်လျက်။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၆)

“ဟာ”

နောက်ခြမ်းတစ်ပြင်လုံး ဖြန်းခနဲမြည်အောင် ရေအပက်ခံရတဲ့ အဖြစ်။ ဘက်ကီ့လက်ထဲက ရေထည့်ထားတဲ့ဖလားလည်း လွတ်ကျ၏။ နောက်တစ်ခြမ်းလုံး ရေခွဲကာ ပက်လိုက်တဲ့အရှိန်က အားပါသည့်မို့ ဘက်ကီ့မျက်နှာတွေပါ ရေစိုကုန်သည်။

ဘက်ကီ စိတ်ပျက်စွာ ဟာခနဲအော်ပြီး မျက်နှာပေါ်က ရေစက်တွေ သပ်ချတော့ အစိမ်းသွေး သဘောတကျ ရယ်မောလေသည်။

“ကျွတ်၊ အစိမ်း”

ဘက်ကီ နောက်လှည့်ရင်း အစိမ်းကိုကြည့်ပြီး စိတ်ပျက်စွာ





မှုတ်၏။ အစိမ်းက ဂရုစိုက်ဟန်မတူ။ ကိုင်ထားတဲ့ ရေခွက်ပုံးကို တဘောက်ဘောက် ခေါက်နေရင်း –

“ဘာဖြစ်လို့လဲ ဘက်ကီ”

“ဟာ ဘာဖြစ်ရမလဲ၊ ကြည့်လေ”

“ရေစိုတာ ဆန်းလို့လား”

“မဆန်းပေမယ့် ဖီလင်ငုပ်တယ်ကွာ”

“ဘာရယ်”

“ဟုတ်တယ်လေ၊ ကိုယ်စိတ်ကူးတွေ လွင့်ကုန်တယ်ကွ”

ဘက်ကီ့လက်ထဲက လွတ်ကျသွားတဲ့ ရေဖလားကို ဘက်ကီ ပြန်ကောက်ရင်း ဆိုသည်။ အစိမ်းသွေးက မျက်နှာလေးမော့ကာ လှလှပပ မဲ့လေပြီး –

“သိတယ်နော် သိတယ်၊ ဘက်ကီ့ဖီလင်က ဘာလဲဆိုတာ”

“သိရင် ပြီးရောဟာ၊ ကျွတ်”

ဘက်ကီ ပြောရင်း လှည့်ထွက်သည်။ အစိမ်းသွေး မျက်ခုံးပင့်ကာ မြိန့်မြိန့်လေးပြုံးပြီး တိုက်ထဲချောင်း၏။

ညို့ ထွက်မလာသေး။ အစိမ်း သိတာပေါ့။ ညို့ထွက်လာရင် လောင်းဖို့ ဘက်ကီ အသင့်စောင့်နေတာလေ။ အဲဒါလေးကို အစိမ်းစိတ်မှာ ဘဝင်မကျ။

ရေလောင်းတာပဲ တွေ့တဲ့လူ လောင်းလိုက်ပေါ့။ ဘက်ကီက



www.burmeseclassic.com

အဲလိုမဟုတ်။ အစိမ်းထွက်လာတာမြင်တော့ မမြင်သလိုလို ဘာလိုလိုနဲ့ တိုက်နံရံနဲ့ ကွယ်နေလိုက်သည်။

အစိမ်း ခြံထဲဆင်းခဲ့တော့ တိုက်ထဲချောင်းပြန်သည်။ ညို ထွက်မလာလေ ရေဖလားလေးတကိုင်ကိုင်နဲ့ မြူးမြူးလေးမျှော်လေ။

အဲဒါကို အစိမ်း အမြင်ကတ်သလိုရှိ၏။ အမြင်ကတ်ကတ်နဲ့ ပန်းပင်ရေလောင်းတဲ့ ပိုက်ဆီသွားပြီး ရေပုံးငယ်လေးနဲ့ ရေတစ်ပုံးဖြည့်၏။ ညို့ဘက် အာရုံရောက်နေတဲ့ ဘက်ကီက မရိပ်မိရှာ။

အစိမ်းက ရတဲ့အခွင့်အရေးကို လက်လွှတ်မခံ။ လက်ဆမှန်မှန် ပက်လိုက်ခြင်းရယ်ပါ။

ဘက်ကီ ဖီလင်ပျက်သွားပေမယ့် အစိမ်း စိတ်ထဲရှိတဲ့အတိုင်း လုပ်လိုက်ရတာမို့ အစိမ်းပျော်ပါသည်။

ပြီးတော့ ဘက်ကီ ရေပိုက်ဆီပြန်သွားကာ ရေဖလားမှာ ရေ အပြည့်ထည့်ပြန်သည်။ အိတ်ထောင်ထဲထည့်ခဲ့တဲ့ ရေမွှေးပုလင်းထဲက ရေမွှေးတွေ ရေထဲလောင်းထည့်ကာ နှင်းဆီပန်းသုံးပွင့်ခူး၏။

အနီ၊ အဖြူနဲ့ အဝါ သုံးရောင်ပေါ့။ ပွင့်ဖတ်ကလေးများကို တယုတယ ချွေ၍ ရေမွှေးရေရောနေသည့် ရေဖလားထဲထည့်သည်။ ထိုအခါ မွှေးနံ့သင်းအီကာ ပွင့်ချပ်ကလေးများဖြင့် အလှသွေးကြွယ်နေတဲ့ ရေဖလားလေးက အပက်ခံချင်စရာရယ်။

နေနှင့်ဦး။





အစိမ်း ရေပုံးလွှတ်ချပြီး တိုက်ထဲဝင်၏။ အဲဒီ ရေဖလားက ညို့ကိုပက်မယ့်ရေဟာ အစိမ်းအတွက် ဖြစ်စေရမယ်လို့ တေးမှတ်ကာ။

ညို့အခန်းထဲ တန်းဝင်သွား၏။ ညိုက မှန်တင်ခုံရှေ့ အလှပြင်ကောင်းတုန်း။ ညိုက ဆံပင်တုကောက် အနီရောင်ကို ခေါင်းမှာစွပ်နေဆဲ။ ညို့ဘာသာညို မှန်ကြည့်စွပ်နေတာမို့ ခေါင်းမှာ အထာမကျ။ အစိမ်း အကြံရသွားသည်။

"အဆင်ပြေလားညို၊ အစိမ်းလုပ်ပေးရမလား"

ဖော်ဖော်ရွေရွေမေးရင်း မှန်တင်ခုံဆီ အစိမ်းလှမ်းခဲ့သည်။ ညို အားရဝမ်းသာနှင့် –

"လုပ်ပေးရင်ကောင်းတာပေါ့၊ ဒီမှာ ညို စွပ်ကြည့်နေတာ အဆင်မပြေဘူးဟ"

"သိတယ်လေ၊ ပေး"

ညိုက ကမ်းပေးသလို အစိမ်းလည်း လှမ်းယူသည်။ မှန်ရှေ့ တည့်တည့်မတ်မတ် ထိုင်နေတဲ့ ညို့နောက်မှ အစိမ်းရပ်ကာ မှန်ကို ပြန်ကြည့်၏။

မှန်ထဲမှ ကာလာရင့်ရင့်ခြယ်ထားတဲ့ ညို့မျက်နှာလေး တောက်ပလျက်။

တောက်ပတဲ့မျက်နှာလေးနဲ့ ဒီဆံပင်တုအနီရောင် ကောက်ကောက်ကြီးက အမြင်ရိုင်းစွာ လှနေမလားပဲ။ သင်္ကြန်ဆိုတော့လည်း



www.burmeseclassic.com

ခပ်ရဲရဲ ခပ်ရိုင်းရိုင်းအရောင်မျိုး ပြင်ဆင်ရတာက ဖီးလ်တစ်မျိုးရယ်။

ညို့ဆံပင် နဖူးစပ်အထိ ဆံပင်တုအစွပ်ကြီး စွပ်ပေးကာ နဖူးထိပ်မှာ ဖဲပွင့်ဘီးကုပ်ကြီး ပန်ပေးလိုက်တဲ့အခါ ညိုက အရင်ညို မဟုတ်တော့။ ပုံစံအသစ်နဲ့ လှနေတဲ့ ညို ဖြစ်လေသည်။

"ကျေးဇူးပဲ အစိမ်းရယ်"

"ရပါတယ် ညိုရဲ့၊ ဒါနဲ့ ညို့ကိုပြောရဦးမယ်"

"ဟင် ပြောလေ၊ ဘာလဲ အစိမ်းရဲ့"

"တိုက်ဝမှာပေါ့၊ ဟိုကောင်ဘက်ကီရယ်၊ ညို့ကို ရေပက်မလို့ စောင့်နေတာလေ"

"အံမယ်"

ညိုက ဘက်ကီပက်မယ့်ရေကို မခံချင်ဟန်လေးနဲ့ ဆိုသည်။ အစိမ်းသိတာပေါ့။ ဒါကြောင့် ဖိပြောလိုက်သည်။

"ဟုတ်တယ်၊ အဲဒါ အစိမ်း အမြင်ကတ်တယ်၊ သိလား၊ ဘက်ကီ့ကို ပညာပေးချင်လို့"

"ရတယ်လေ အစိမ်းရဲ့၊ အစိမ်းသဘော"

"အဲဒါဆို ဘက်ကီ လက်ဆောင်ဝယ်ပေးထားတဲ့ ဝတ်စုံအစိမ်းကို ပေးဝတ်ပါလား"

"ဝတ်လေ အစိမ်းရဲ့၊ ညို သိပ်မကြိုက်လို့ မဝတ်ချင်တာနဲ့ ဒီအတိုင်း သိမ်းထားတာပဲ၊ ဒီမှာ"





ညို ပြောပြောဆိုဆို မှန်တင်ခုံရှေ့ ထလေသည်။ ခုတင်ခြေရင်းရှိ နံရံကပ်ဘီရိုထဲက ဟယ်လိုဖက်ရှင်ရှော့ပ်တံဆိပ်ပါတဲ့ လက်စွဲအိတ်ထဲမှ ဝတ်စုံကို ထုတ်ပေး၏။

အစိမ်း သဘောကျလျက် ဝတ်စုံလေးကို ချက်ချင်းလဲဝတ်၏။ ပေါင်သားနဲ့ကပ်နေတဲ့ ချောကလက်ညိုရောင် တူးကွာတားဘောင်းဘီတိုနဲ့ အပေါ်အင်္ကျီက အကွက်လိုက် အတုံးလိုက်အဆင်မျိုး။ အရောင်က စုံသည်။ လည်ပင်းပြုပြုပေမယ့် လည်စည်းပဝါ ချောကလက်ညိုလေး ပါ၏။

လက်က ပွပွဖောင်းဖောင်းနှင့် အစိမ်းဝတ်လိုက်တော့လည်း လိုက်ဖက်ညီစွာ။ အစိမ်းဆံပင်က တိုတိုထောင်ထောင်ရယ်၊ အဲဒါကြောင့်မို့ အစိမ်းက ညိုနဲ့တူအောင် အညိုရောင်အကောက်ပါတဲ့ ဆံပင်တုကို ခေါင်းမှာတင်လိုက်သည်။

"အိုကေ"

မှန်ထဲကြည့်ပြီး အစိမ်းကိုယ်အစိမ်း သဘောကျသလို ညိုက လည်း သဘောကျလေသည်။ ဒီလိုဖြစ်လိုက်တော့လည်း အစိမ်းက ညိုနဲ့တူသွားပြန်ရော။

"တူတယ်နော် ညို"

အစိမ်းကလည်း တူသွားမှန်းသိလို့ သဘောကျစွာ မှန်ကြည့်ရင်း မေးသည်။ ညို ခေါင်းလေးညိတ်တော့ အစိမ်းသွေး ပို၍ပင် သဘောကျပြီး



www.burmeseclassic.com

"တူတယ်ဆိုရင် ဘက်ကီကို မျက်လှည့်ပြလိုက်မယ်၊ ညို စောင့်ကြည့်"

ပြောပြီး ကိုယ်လုံးလေးကို တစ်ဖက်လှည့်ကာ မြူးမြူးကြွကြ ကဟန်လေးနဲ့ လှုပ်ခါထွက်သွားကဲ့ အစိမ်း။

ညိုလည်း အနောက်က မသိမသာ လိုက်ပါခဲ့သည်။

ဘက်ကီကို အစိမ်း ဘယ်လိုမျက်လှည့်ပြမလဲပေါ့။ သိချင်စိတ် ကလေးနဲ့ရယ်၊ အန်ကယ်နဲ့မာမီက ညိုတို့နှစ်ယောက် အတိုင်အဖော ညီနေတာကို မျက်ရိပ်ပြကြည့်ရင်း ပြုံးနေကြသည်။

အန်ကယ်နဲ့မာမီ စိတ်ထဲမှာ လင်ပါသမီးနဲ့ မယားပါသမီ စိတ်သဘောထား တူညီတိုက်ဆိုင်ပြီး တည့်မျှနေတာကို ပီတိဖြစ်လျက် အခြေအနေကို စောင့်ကြည့်နေတယ်လေ။

ညိုက ဧည့်ခန်းဘေးရှိ စာဖတ်ခန်းထဲဝင်ပြီး ပြတင်းပေါက် လိုက်ကာစလေး ဟကြည့်သည်။ ဒယ်ဒီနဲ့မာမီက ဧည့်ခန်းမှာ။ အစိမ်းက ဧည့်ခန်းထဲက ထွက်ကာ ပေါ်တီကိုအောက် ဆင်းသွား၏။ ညို့လိုမျ ကိုယ်ဟန်လေးမတ်ကာ ဆောင့်ကြွကြွလေးနဲ့ ရပ်ထားတဲ့ ညို့ကားဆီ သွားလျှင် နံရံနဲ့ကွယ်ပြီး အသင့်စောင့်နေတဲ့ ဘက်ကီရယ် ရေဖလာ အသင့်ပင့်ထားရာမှ ဖျတ်ခနဲ ညိုလိုထင်တဲ့ အစိမ်းကို ခေါင်းပေါ်ကနေ လောင်းချလိုက်၏။

ဘက်ကီ့မျက်နှာလေး ကြည့်နူးမြူးကာ ရင်ခုန်သံလေး မြန်နေ





သည် မဟုတ်လား။ ကြည့်နေရင်းနဲ့ ညို အသံထွက်မရယ်မိအောင် ပါးစပ်ကို လက်ဖဝါးနဲ့ ပိတ်ထားရသည်။

မာမီနဲ့အန်ကယ်က အသံမထွက်အောင် ရယ်၏။ ရေလောင်းပြီး သွားမှ အစိမ်းက မျက်နှာပေါ်အုပ်နေတဲ့ ဆံပင်ကို ဖယ်ကာ ဘက်ကီ ဘက် လှည့်၍ ရယ်ပြ၏။

"ဟင် အစိမ်း"

ဘက်ကီရဲ့ ကြည်နူးမှုလေး ချက်ချင်းတန့်သွားကာ –

"ဟုတ်တယ်လေ ဘက်ကီရဲ့၊ အစိမ်းလေ၊ ဟင့် ဟင့် ဟင့်"

အစိမ်း မြူးမြူးလေးပြောကာရယ်သည်။ ဘက်ကီ စိတ်ပျက် လက်ပျက် ဖြစ်သွားကာ ခေါင်းယမ်းလျက် ရှက်လည်းရှက်သလိုနဲ့ မဲ့သလို လို၊ ရယ်သလိုလိုနှင့် –

"ကိုယ်က ညိုထင်နေတာ"

"အစိမ်းဖြစ်တော့ ဘက်ကီ ရေတွေ နှမြောနေတာပေါ့၊ ဟုတ် လား"

"ဟုတ်ပါဘူးဟာ"

ဘက်ကီ သက်မ,ချကာ လေသံလျှော့ချလိုက်သည်၊ လွဲသွားပြီး မှ ဘာမှမတတ်နိုင်။ အစိမ်းကလည်း သူငယ်ချင်းပဲ မဟုတ်လား။

"မဟုတ်ဘူးဆို ပြီးရော၊ လာ မဏ္ဍပ်သွားရအောင်"

အစိမ်းဆွဲခေါ်တော့ ဘက်ကီ မရှေ့ချင်၊ ရေဖလားလွတ်လေးကို



www.burmeseclassic.com

ကိုင်ရင်း တိုက်ထဲ မျှော်ကြည့်ပြန်သည်။

ညို ထွက်တော်မူလာမလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ပါ
အစိမ်း ရိပ်မိတာပေါ့။

''မျှော်မနေနဲ့၊ ညိုထွက်သွားတာ ကြာလှပြီ၊ လာ''

အစိမ်းပြောရင်း ဘက်ကီ့လက်ကို ဆွဲ၏။ ဘက်ကီ စိတ်လျှေ
လိုက်ဟန်နှင့် အစိမ်းဆွဲတဲ့အတိုင်း အားနာပါးနာ ပါလေပြီး၊ အစိ
မောင်းတဲ့ကားပေါ် ပါသွားတဲ့ ဘက်ကီကိုကြည့်ရင်း ညို လက်ခုပ်လေ
တီးမတတ် သဘောကျလို့သွားသည်။

ကောင်းတယ်၊ ပါသွားမှ။ နောက်ဆို ညိုသွားမယ့် မဏ္ဍပ်
ပါနေဦးမယ် မဟုတ်လား။

အစိမ်းမောင်းတဲ့ ညို့ကားလေးပျောက်သွားမှ ညို ပခုံးလေး
ကာ စာဖတ်ခန်းထဲက ပြန်ထွက်သည်။ ညှော်ခန်းထဲဝင်ပြီး အပြင်ထွ
ခြေလှမ်းပြင်တော့ အန်ကယ်လှမ်းပြော၏။

''သမီးညို၊ ဒယ်ဒီ့ကားပဲ ယူသွားလိုက်၊ အစိမ်းလေးကား
ဂိုထောင်ထဲမှာ ဖြစ်နေလို့'' ဟု ပြော၏။

''နေပါစေတော့ အန်ကယ်၊ ညို လမ်းလျှောက်ပြီးပဲသွားတေ
မယ်၊ ဒီရပ်ကွက်ထဲက မဏ္ဍပ်တင်ပဲလေ''

ညို ပေ့ါပါးစွာပြောလိုက်တော့ အန်ကယ်က –

''သမီးသဘော'' တဲ့။





''ဟုတ်၊ ညိုသွားပြီ အန်ကယ်၊ မာမီ ညိုသွားပြီနော်''

အန်ကယ်နဲ့မာမီကို လက်ပြနှုတ်ဆက်လိုက်သည်။ အန်ကယ်နဲ့ မာမီက ကျေနပ်စွာပြုံးလျက် လက်ပြ၏။

ညိုတို့မိသားစုက အဲသလိုရယ်။ ဒါပေမဲ့ သုတတို့မိသားစုနဲ့ အဖက်ဖက်က ခြားနားလှသည် မဟုတ်လား။ ထိုခြားနားမှုက ညိုနဲ့သုတကို စည်းခြားလို့ရမတဲ့လား။ မထင်ပေါင်ဟယ်။

မနေ့က သုတ အိမ်စောင့်ရလို့ တစ်နေ့လုံး ပေါ်မလာ။ ဒီနေ့တော့ သုတလာရင် သကြြန်တေးသံတွေနဲ့အပြိုင် ကဲကြမှာပေ့ါလို့ ညိုတေးမှတ်ရင်း မဏ္ဍပ်ဆီ ဦးတည်နေတဲ့ ညို့ခြေလှမ်းလေး သွက်နေပါသည်။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၇)

"ဗွမ်း"

ရေပက်သံတွေ တဗွမ်းဗွမ်းနဲ့ ဆူညံပေမယ့် ညို စိတ်မပျော်ရှာ။ လှမ်းမျှော်ရလွန်းလို့ လည်တိုင်လေးပင် ညောင်းလှပြီ။ တကယ်ပါ သုတ ရယ်။

နွေလယ်ခင်းအထိ သုတ ပေါ်မလာ။

ညို့စိတ်က မျှော်မနေချင်တော့။ ညီဇော်နား ကပ်သွားရင်း မေးမိ၏။

"သုတ ဘာလို့မလာတာလဲဟင်"

ညီဇော် ဖြေရခက်သွားသည်။ သကြန်မဏ္ဍပ် ဆောက်တဲ့နေ့က





သုတကို ညို ရေလောင်းလိုက်တယ်မဟုတ်လား။ အဲဒါ ပြဿနာအကြီးကြီးဖြစ်ကာ။ သုတဖေဖေက ဒီသကြန် ရေမကစားရလို့ အမိန့်ထုတ်ထားလို့ သုတ ငြိမ်နေခြင်း။

သူငယ်ချင်းအားလုံး ထိုကိစ္စသိပေမယ့် ညို့ကိုတော့ ဖွင့်မပြောကြ။ ညို စိတ်မကောင်းဖြစ်သွားမှာစိုးလို့လေ။

"ပြောလေ ညီဇော်၊ သုတ ဘာလို့မလာတာလဲ၊ မနေ့က အိမ်စောင့်ရလို့တဲ့၊ ဒီနေ့ကော အိမ်စောင့်ရတာပဲလား"

"အဲ အဲဒါတော့ ငါလည်းမသိဘူးဟ"

ညီဇော် ရှောင်ဖယ်ဖယ်ပြောရင်း ရေပက်ခံကားလာတာနဲ့ ရေပုံးကြီးဆွဲကာ ပက်ဖို့ထွက်ခဲ့သည်။ အဲဒါကို ညို ဘဝင်မကျတော့ပါ။

ခင်ခင်သာတို့ကလည်း သုတအကြောင်း စကားအစမခံ။

"ဟော့ ညို လာလေ့၊ ရေလာပက်"

သူဇာလင်း လှမ်းခေါ်သည်။ ညို ရေဖလားလေးကိုင်ထားလျက်နဲ့ ခေါင်းယမ်းကာ နောက်ကထိုင်ခုံမှာ ထိုင်ချ၏။

တဟေးဟေး တဟားဟား အော်သံ၊ ပျော်သံတွေ ညံစီလျက်။ ညို့က ကြာလာလေ စိတ်မပါလေ။

ရေဖလားကို တိုင်ကီထဲပစ်ထည့်ရင်း ထိုင်ရာမှထ၏။ မဏ္ဍပ်ထဲကထွက်ခဲ့လျှင် မြင်သွားတဲ့ သီရိမှာ လှမ်းမေးသည်။

"ညို ဘယ်လဲ"



www.burmeseclassic.com

"ပြန်တော့မလို့"

"ဟယ် ညိုကလည်း ရေလည်းမပက်ဘဲနဲ့"

"မပက်တော့ဘူး၊ သွားပြီ"

ညို လက်ပြနှုတ်ဆက်ပြီး ဖွတ်ထွက်ခဲ့သည်။ ညီဖော်က နေဦ
လေ၊ ဘာညာနဲ့ ပြောဆိုတားမြစ်သေး၏။

"ဟင့်အင်း"

ညို ခေါင်းပဲယမ်းကာ ဖွတ်ထွက်ခဲ့သည်က အိမ်ပြန်မလို့မဟုတ်
တစ်ဖက်လမ်းကိုရောက်တော့ ညိုတို့လမ်းဘက် မချိုး။ ထိုလမ်းတည့်တည့်
လျှောက်ကာ သုတတို့လမ်းသွယ်ထဲ ချိုးဝင်လိုက်သည်။

ဘာကြောင့် ရေကစားမလာသလဲ သိလိုလှသည်လေ။

သုတမိသားစုဝင်တွေ ညို့ကို မကြည်မှန်းသိသည်။ မကြည်တ
ထက် မျက်မုန်းကျိုးတာဆို ပိုမှန်လိမ့်မယ်။ ဒါပေမဲ့ ညို ဂရုမစိုက်ပါ
သုတတို့ခြံရှေ့ရောက်တော့ ညို အကဲခတ်ကြည့်လိုက်သေ
သည်။ ခြံတံခါး သော့ခတ်ထားသည်။ တိုက်ပုလေးမှာတော့ တံခါးတွေ
အားလုံးဖွင့်ကာ လူရိပ်တော့ မမြင်ရချေ။ တိုက်ရှေ့မှာ စံပယ်ပင်တွေချည်
အကန့်လိုက် စိုက်ထားသည်။ နွေစံပယ်တွေက ဖွေးဖွေးလှုပ် ပွင့်လျက်
စံပယ်ရနံ့သင်းအီနေသော လေပြည်နုနုကို ရှူရှိုက်ရလျှင် ညို
စိတ်မှာ ကြည်နူးသွားသည်။ ထို့ပြင် ထိုစံပယ်ပန်းလေးတွေကိုလည်
တယု တယ ခူးဆွတ်ချင်လာသည်။ ဒီစံပယ်ပင်တွေကို သုတပဲ ပြုစုသ





သုတမမနဲ့ သုတမေမေက စံပယ်ပန်းကြိုက်သဖြင့် သုတ
ကာဝန်ယူပြီး စိုက်ပျိုးပြုစုထားခြင်း။

အဲဒီအကြောင်း ခင်ခင်သာပဲ ပြောပြတာ။ ပြောပြကတည်းက
ညို့စိတ်ဟာ ထိုစံပယ်ပင်တွေကို ကြည့်ချင်နေခဲ့သည်။ သုတမေမေတို့က
ညို့ကို အလည်လာခွင့်မပေး။ ခုတော့ ညို့ဘာသာညို ခြံရှေ့ရောက်ခဲ့ပြီ
လေ။

အိမ်ရှင်က ခေါ်ခေါ် မခေါ်ခေါ် ညိုက လာချင်သူ။ ဖြစ်ချင်ရာ
ဖြစ်စေတော့ သော့ခတ်ထားတဲ့ တံခါးနား ရွှေ့သွားကာ လျှပ်စစ်လူခေါ်
ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်၏။

"တီ တီ"

ဘဲလ်သံကြောင့် သုတ စာဖတ်ခန်းထဲက ပြေးထွက်ခဲ့သည်။
မေမေတို့ ပြန်လာကြတာ မြန်လှချည်လားဆိုတဲ့အသိနဲ့ ခြံသော့ပြေးယူကာ
မြို့ထဲ သွက်သွက်ကလေး ဆင်းခဲ့သည်။

ဖေဖေနဲ့မေမေက လူနာကြည့်သွားတာလေ။ မေမေတို့ ကိုးကွယ်
နေတဲ့ မော်တီကျောင်းတိုက်က ဆရာတော် နေထိုင်မကောင်းဖြစ်နေသည်။
မေမေတို့က ဒကာရင်းမဟုတ်လား။ မနက်ကတည်းက ဆရာတော်
ကျောင်း ထွက်သွား၏။

အဲဒါ ပြန်ရောက်လာပြီထင်တာ။

တကယ်တော့ ထင်တာနဲ့ လွဲနေတဲ့အဖြစ်။ ခြံဝမှာရပ်နေတဲ့



www.burmeseclassic.com

ညို့ကိုတွေ့လျှင် သုတရင်မှာ လှိုက်ခနဲ မြုံး၏။

"ညို"

လို့ လွှတ်ခနဲခေါ်ရင်း ခြံတံခါးနားပြေးကပ်သွားသည်။

"သုတရယ်၊ နင် သိပ်နေနိုင်တာပဲ၊ ဘာလို့ မလျှာပ်မလာတာလဲ၊ ညို စောင့်နေတာ မနေ့ကတည်းက၊ ဒီနေ့လည်း သုတမလာလို့ ညိုလိုက်လာတာလေ"

ညိုစကားတွေ ဒလဟော ပြော၏။ ဒီတော့မှ သုတ အသိဝင်လာသည်။ စိုးရိမ်စိတ်ကလေးလည်း ဖြစ်လာသည်။

တော်သေးတယ်၊ မမလည်း ရှိမနေလို့၊ မမက မမသူငယ်ချင်းတွေအုပ်စု လာခေါ်လို့ မမတို့စုံတွဲ ပါသွားတာ မကြာသေး။

ဘာပဲဖြစ်ဖြစ် မေမေတို့ မမတို့ သိသွားမှာစိုးလှသည်။

ညို့ကိုမြင်တော့လည်း စိတ်က မနေသာ။ လွမ်းမောတာမျိုး မဟုတ်သော်လည်း ညိုနဲ့ စကားလက်ဆုံ ပြောချင်ကာ –

"ဟုတ်တယ်ဟာ၊ အိမ်မှာ ဘယ်သူမှ မရှိလို့"

"အိမ်စောင့်ဖြစ်နေတယ်ပေါ့"

"ဟုတ်တယ် ညို"

"အဲဒါဆို ညိုလည်း သုတအဖော်ရအောင် အိမ်စောင့်ပေးမယ်လေ"

"ဟင် မဖြစ်"





သုတ ခေါင်းနားပန်း ကြီးသွားသည်။ မဖြစ်နိုင်ဘူးလို့ လွှတ်ခနဲ ပြောမိမလို ဖြစ်တဲ့ပါးစပ်ကို လက်ဖဝါးနဲ့ ကမန်းကတန်း ပိတ်လိုက်ရသည်။

ညိုက ရိပ်မိတာမို့ ဟက်ခနဲ ရယ်ချပြီး –

"သုတရယ်၊ ဒီလောက်ထိလည်း စိုးရိမ်မနေပါနဲ့၊ သုတတို့ မိသားစုဝင်တွေ မလာခင် ညိုပြန်မယ်လေ၊ အခု တံခါးဖွင့်ပေးဦး"

ညို အလိုက်တသိလေးပြောတော့လည်း သုတ သနားသွားသည်။

"ဖွင့်ပေးမယ်လေ"

ဖွင့်မပေးဘူးလို့ သုတမပြောရက်ပါ။ ဖွင့်ပေးမယ်ပြောလိုက်တော့ ညို မျက်နှာလှလှကလေး ဝင်းမှည့်သွားသည်။ သော့ဖွင့်ပေးလိုက်တဲ့အခါ ခြံထဲဝင်လာတဲ့ ညို့ကိုယ်မှ ရေမွှေးရနံ့တို့ ချိုအီစွာ။

ညို့ကိုယ်သင်းရနံ့လေးက စံပယ်ပန်းရနံ့နှင့် ဆင်တူလျက် မျိုးအေးမွှေးမြလှတယ်လို့ သုတ အစကတည်းက အသိအမှတ်ပြုပြီးသားပါ။

"လာ ညို၊ ခြံနောက်ဘက်မှာ ထိုင်ရအောင်"

ခြံတံခါးသော့ပြန်ခတ်ပြီး တိုက်နောက်ဘက် ဦးဆောင်ခေါ်ခဲ့သည်။ ညိုက ထက်ကြပ်မကွာလိုက်ပါရင်း –

"ခြံနောက်ဘက်မှာကော စံပယ်ပင်တွေ ရှိလား"



www.burmeseclassic.com

"ရှိတယ် ညို၊ တစ်ခြံလုံး စံပယ်ပင်ချည်းပဲ"

"အိုကော၊ ညိုက စံပယ်ပင်တွေထဲ လျှောက်သွားချင်တာ၊ ပြီးတော့ ခူးလည်းခူးချင်တယ်၊ လက်ခုပ်ထဲ ထည့်ပြီးလည်း တစ်ဝကြီး မွှေးချင်တာဟ"

"အဟင့် ညို့စိတ်က ဒီလိုကျတော့လည်း တစ်မျိုးလေးနော်"

"တစ်မျိုးလေး၊ ဟုတ်လား၊ တစ်မျိုးလေးဆိုတာ ဘာကိုပြော တာလဲ"

"ဩော် နူးညံ့တာပေါ့၊ မိန်းကလေးပီပီ သိမ်မွေ့တဲ့ မူဟန်လေး ရှိတယ်လို့ပြောတာ"

"အံမယ်၊ သုတက ညို့ကို မသိမ်မွေ့ဘူးလို့ မှတ်ချက်ပေးထား တာပေါ့လေ"

"အဲလိုလည်း မဟုတ်ပါဘူး ညိုရယ်၊ လာ ညို၊ ဟိုထိုင်ခုံမှာ ခဏထိုင်"

ခြံနောက်ဘက်က စံပယ်ခင်းဘေးရှိ ခုံတန်းမှာထိုင်ဖို့ ညွှန်ပြ သည်။ ညိုက အားမလိုအားမရနှင့် –

"သုတကော မထိုင်ဘူးလား"

"ထိုင်မယ်လေ၊ ညို့အတွက် စားစရာသွားယူဖို့"

"အိုကော၊ ညို ဆာနေတာနဲ့ အတော်ပဲ"

ညို ပွင့်လင်းစွာ ထုတ်ပြောလိုက်တာကို သုတ ကျေနပ်သွာ





သည်။ ညိုက အဲလိုပွင့်လင်းသူလေးပါ။

သာမန်မိန်းကလေးတွေနဲ့ မတူတာက အဲဒါမျိုးလေးတွေက အစ။

သုတ တိုက်ထဲအနောက်ပေါက်တံခါးလေးဖွင့်ပြီး ဝင်သွားတဲ့ အထိ ညို ငေးကြည့်နေတယ်ဆိုတာ သုတ ခံစားသိနဲ့ သိရှိနေသည်။

အဲဒီခံစားသိလေးက သုတစိတ်ကို ရဲရင့်စေကာ။

ခုချိန်မှာ မမတို့ မေမေတို့ကိုလည်း မေ့သွားသည့်အလားပဲ။ တကယ်ပါ ညိုရယ်။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၈)

ခေတ်သုတကို မြင်ကတည်းက စိုးစိုးသုတ ခပ်ရိပ်ရိပ်သိနေသည်။ ဘာလဲတော့ ခွဲခွဲခြားခြား မခန့်မှန်းနိုင်ပါ။

ကြည်လင်နေတဲ့မျက်နှာလေးက မြိန့်မြိန့်မျူးမျူးလေးဖြစ်လျက်။ နှုတ်ခမ်းလေးတွေကအစ ချိုပြုံးနေသည်။

ပုံစံက တစ်ယောက်တည်း အိမ်စောင့်နေရတဲ့ဟန်မျိုး မဟုတ်။ သေချာသည်။ တစ်ခုခုတော့ တစ်ခုခုပဲ။

ဒါပေမဲ့ ဘာမှတော့ ထုတ်မမေးဖြစ်။

အရိပ်အခြည်ကိုပဲ မသိလိုက်မသိဘာသာ အကဲခတ်နေလိုက်သည်။





မမေနဲ့ဖေဖေက ပြန်မရောက်သေး။ ဆရာတော်ကို ဆေးရုံတင်ရတဲ့အခြေအနေမို့ တစ်နေ့လုံးစောင့်ပေးကြသည်။

သူမကိုယ်တိုင်လည်း သူငယ်ချင်းတွေနဲ့ ပါသွားကာ ညနေမှရောက်သည်။

တံခါးလာဖွင့်ပေးကတည်းက မောင်လေး ပုံမှန်မဟုတ်မှန်း အကဲခတ်မိတာလေ။

ဟော နောက်တစ်ခါ ရိပ်မိစရာတွေပြန်ပြီ။

ငွေရောင်ပန်းခက်တွေပါတဲ့ အလှဗန်းပိုင်းထဲမှာ မဆေးကြောရသေးတဲ့ ကော်ဖီခွက်နှစ်ခွက်နဲ့ လက်ဖက်သုပ်ပန်းကန်၊ ကိတ်မုန့်အပိုင်းအစလေးတွေ ရှိနေတဲ့ ကြွေပန်းကန်တစ်ချပ်နဲ့ ပန်းသီးစိတ်အချို့။

ဒါက ဧည့်သည်ကို ဧည့်ခံထားတဲ့ပုံစံ၊ ဧည့်သည်က ဘယ်သူလဲ။ ခင်ခင်သာတို့အုပ်စုတော့ မဖြစ်နိုင်။ ခင်ခင်သာတို့ဆို ပန်းကန်နဲ့ခွက်တွေ အများကြီး ပေရေနေမှာလေ။

စိုးစိုးသုတ တွေးတောရင်း ထိုပန်းကန်ခွက်ယောက်တွေကို ဆေးကြော၏။ ပြီးတော့ ခြံနောက်ဘက်ဆင်းကာ ပန်းတွေခူး၏။ ဆယ့်နှစ်ရာသီစံပယ်နဲ့ နွေစံပယ်တွေ ပွင့်နေသလို မိုးစံပယ်တွေလည်း အဖူးလေးတွေ ငုံလုချင်ချင်။

သင်္ကြန်မိုးလေး သောက်ထားရသည် မဟုတ်လား။ မိုးရနံ့ရတာနဲ့ မိုးစံပယ်က ရွက်နုတဝေဝေနဲ့ ဖူးကြဖို့ အဆင်သင့်ဖြစ်နေပြီး။



www.burmeseclassic.com

တစ်နှစ်ပတ်လုံး စံပယ်ပွင့်လှိုင်နေတဲ့ စိုးစိုးတို့ခြံဟာ စံပယ်ရနံ့ မွှေးသင်းနေတာက စိတ်ကြည်နူးစရာကောင်းနေသည်။

ထိုစဉ် ခြံနောက်ဘက်လမ်းဆီ စံပယ်ပွင့်တွေ ဟိုဟိုဒီဒီ ကျနေသည်။ ခူးပြီး ဖြန့်ကြဲသလိုမျိုး၊ ခြံနောက်က စည်းရိုးတံခါးအထိ ပန်းတွေ ဖွေးလို့။

လူတစ်ယောက်ဝင်စာ ဖောက်ထားတဲ့ ခြံတံခါးသော့က ပွင့်လျက်သား။ အလိုလေ၊ စိုးစိုးသုတ မအံ့သြဘဲ မနေနိုင်တော့။ ပန်းတွေ မခူးဖြစ်ဘဲ စူးစမ်းကြည့်နေရာမှ ခြံတံခါးသော့ပွင့်နေတာ မြင်တော့ မတွေးဆဘဲ မနေနိုင်တော့ပါ။

သေချာတာက တစ်ယောက်ယောက်က ခြံနောက်ကနေ ထွက်သွားခြင်းမျိုး။

မဟုတ်မှ လွဲရော၊ မောင်လေးနဲ့ တစ်ယောက်ယောက် ခြံထဲမှာ ရှိနေမယ်။ သူမ ရောက်လာတာသိတော့ ထိုတစ်ယောက်ကို ခြံနောက်ပေါက်က ထွက်သွားစေခြင်း။ ခြံသော့ပြန်ပိတ်ဖို့ မောင်လေးမေ့နေတာလား။

တစ်ခုခုတော့ သေချာပါပြီ။

မောင်လေးမျက်နှာ ပုံမှန်မဟုတ်တာရယ်၊ ဘေစင်မှာပုံထားတဲ့ စားသောက်ပြီးသား ခွက်ယောက်တွေနဲ့ ဒီစံပယ်ပန်းတွေ ပြန့်ကြဲနေတာက ဘယ်လိုမှ ရိုးရိုးသားသား မဖြစ်နိုင်။





မောင်လေးက စိုးစိုးတို့မသိဘဲ တစ်ခုခုလုပ်နေမှာ သေချာသည်။

သေချာဆို ဟိုမိန်းကလေး ညနေညိုနဲ့ပဲ ဖြစ်ရမယ်။

ဒီလောက်တားမြစ်ထားလျက်နဲ့ အခွင့်အရေးယူပြီး ခြံထဲခေါ်သွင်းရတယ်လို့။ တွေ့ကြသေးတာပေါ့ မောင်လေးရယ်။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၉)

"ကလင် လင် လင်"

ညေ့ခန်းထဲက တယ်လီဖုန်းမြည်သံက ထမင်းစားခန်းထိ ကြားရသည်။ ညို့တို့ တစ်မိသားစုလုံး ညစာစားနေချိန်မို့ ထမင်းချက်အဒေါ်ကြီး ဒေါ်ဒေါ်ဝ ထမင်းစားခန်းထဲက ထွက်သည်။

အားလုံး ထမင်းစားနေချိန်မို့ ဒေါ်ဒေါ်ဝက တုံးစံအတိုင်း အလိုက်သိသိ သွားကိုင်ခြင်း။ ညို့တို့မိသားစုက သူစိမ်းတွေဖက်နေပေမယ့်လည်း မျက်မုန်းသွားတာမျိုး မရှိပါ။ ညစာကိုတော့ လူစုံမှ ဝိုင်းဖွဲ့စားတတ်၏။

ဒီညတောင် ပုံမှန်ထက်နောက်ကျပြီးမှ စားဖြစ်သည်။ အစိမ်း





သွေး အိမ်ပြန်နောက်ကျနေလို့ပါ။ အစိမ်းရောက်လာတာနဲ့ ဒေါ်ဒေါ်ဝက ချက်ချင်း ထမင်းပွဲပြင်သည်။

ညို့က ဆာနေပြီမို့ ဦးဆုံးပဲ စားပွဲမှာဝင်ထိုင်ပြီး အန်ကယ်နဲ့ မာမီ့ပန်းကန်ကို အသားဟင်းဦးချကာ ညို့ ထမင်းစစား၏။ မကြာခင် အစိမ်းနဲ့အတူ အန်ကယ်နဲ့မာမီ ရောက်လာကာ ဝိုင်းဖွဲ့ကာ စကားတပြောပြောနဲ့ စားနေကြတာ တကယ့်မိသားစုအရင်းကြီးနှယ်။

"သမီးညို့လေး ဖုန်း"

ဒေါ်ဒေါ်ဝ ထမင်းစားခန်းဝင်လာပြီး ပြောသည်။

"ဟုတ်လား"

ညို့ ထမင်းစားပြီးခါနီးမို့ လက်စသတ်၏။

"ညို့လေး သူငယ်ချင်းတဲ့၊ သွားပြောမှာလား"

"ပြောမှာပေါ့ ဒေါ်ဒေါ်ဝရဲ့"

ညို့ ပြောရင်း ဘေစင်သွားပြီး လက်ဆေးသည်။ ဒေါ်ဒေါ်ဝက ညို့စားပြီးတဲ့ပန်းကန်ကို ဆေးကြောဖို့ယူကာ သူမအလုပ် သူမ ဆက်လုပ်၏။

ညို့ကတော့ လက်ဆေးပြီးသည်နှင့် လှစ်ခနဲနေအောင် ထမင်းစားခန်းထဲက ထွက်ခဲ့သည်။

ညို့သူငယ်ချင်းတဲ့။

သုတလား။ ဖြစ်နိုင်တယ်လို့ ထင်သည်။ ညနေက သုတအစ်မ



www.burmeseclassic.com

မထင်မှတ်ဘဲ ရောက်လာလို့ ညို့ နောက်ပေါက်ကနေ လစ်ထွက်ခဲ့ရတဲ့ အဖြစ်။ တွေးမိရင်း ရင်ခုန်လာသည်။

အဲဒီအကြောင်း ပြန်ပြောဖို့ သုတ ဆက်တာပဲလို့ ယူဆကာ ဖုန်းစင်ပေါ် ပက်လက်လှန်ထားတဲ့ ဖုန်းခွက်ကို ကောက်ယူ၏။

"ဟဲလို"

ရွှင်ရွှင်မြူးမြူးလေး ညို့ ထူးလျှင် -

"ညို့ ခင်သာပါ"

"ဪ"

ညို့မျက်လုံးလေး မှိန်ဖျော့သလိုဖြစ်၏။ ထင်တာနဲ့ လွဲသွားလို့ပါ။ လွဲပေမယ့်လည်း ခင်သာကို လိုက်လိုက်လှဲလှဲ ပြောရတော့သည်။

"ပြောလေ ခင်သာ၊ ညဘက်ဆက်လာတာ အကြောင်းရှိလား။ ဒါမှမဟုတ် ကန်တော်ကြီးမှာ စတိတ်ရှိုးရှိတယ်၊ အဲဒါ သွားကြည့်ဖို့ ခေါ်မလို့လား"

"ဟာ မဟုတ်ပါဘူး၊ ဒီမှာ ပြဿနာတက်နေလို့"

"ဘယ်လို ပြဿနာ ဟုတ်လား၊ ဘာပြဿနာလဲ ခင်သာရယ် ပြောစမ်းပါ"

"သုတပေါ့"

"သုတ၊ သုတ ဘာဖြစ်လို့လဲ"

ညို့ စိတ်ဝင်စားသွားသည်။ စိတ်အားထက်သန်စွာ မေးလိုက်





တော့ ခင်ခင်သာ ဟရစပ်ပြောလေသည်။

"သုတ ဘာဖြစ်ရမလဲ ညို့ရယ်၊ မမစိုး ပြဿနာရှာတာလေ"

"ဘာဖြစ်လို့"

"ဘာဖြစ်လို့ဆိုတာ နောက်မှပြောမယ်၊ လောလောဆယ် ခင်သာတို့ သိချင်တာက ညို့ မဂ္ဂလာပ်ကနေထွက်သွားပြီး အိမ်ပြန်တာလား၊ တခြားမဂ္ဂလာပ် သွားတာလား"

"ဘာဖြစ်လို့လဲ"

"သိချင်လို့ပေါ့ဟ"

ညို့ ပခုံးလေးပင့်ကာ ကြည်နူးစွာ ပြုံးလိုက်သည်။ သုတ ပြဿနာတက်ရတာ ညို့နဲ့ပတ်သက်နေလို့ဆိုတာ ညို့ ရိပ်စားမိပြီး ခင်ခင်သာကလည်း သိချင်နေတာဆိုတော့ ညို့ ဝေ့လည်လည် မဖြေလို။

"သိချင်သပဆိုလည်း ပြောရတာပေါ့ ခင်သာရယ်၊ သုတ မဂ္ဂလာပ်ရောက်မလာလို့ သုတဆီ ညို့ လိုက်သွားတာ"

"ဘုရားရေ၊ အဲဒါကြောင့် မမစိုး ပြဿနာရှာတာပေါ့၊ ခင်သာတို့က ညို့ သုတဆီသွားတာလို့ မထင်ဘူး၊ မမစိုး စွပ်စွပ်စွဲစွဲ ပြဿနာရှာတာလို့ ထင်နေတာ၊ အဲဒါမှ ဒုက္ခပဲ"

"ဘာဆိုင်လဲဟယ်၊ ညို့ ရိုးရိုးသားသား သွားလည်တဲ့ဥစ္စာ"

"အဲလိုသွားလည်တာက ပြဿနာပေါ့ ညို့ရယ်၊ ညို့နဲ့မပေါင်းရဘူးလို့ သုတကို အမိန့်ထုတ်ထားတာ ကြာပြီ"



www.burmeseclassic.com

"အလိုလေး"

ညို တအံ့တသြဖြစ်ရပါ၏။ ဒီလောက်တောင် ညို့နဲ့သုတကို စည်းခြားထားတာလား။ အဲဒီစည်းကြောင့် သုတကို မတွေ့ချင်လာခွင့်မပေး တာပေ့ါ။ ညို ခုမှပဲ ပို၍ သဘောပေါက်လာသည်။

"ညို ညို တစ်မျိုးတော့ မထင်နဲ့ဟာ၊ ညို့ကို သုတနဲ့ခင်သာတို့ အုပ်စု ခင်ပါတယ်၊ လူကြီးသူမတွေက သူတို့အမြင်နဲ့သူတို့ တားဟယ် ဆီးဟယ်လုပ်ကြတာ၊ အဲဒါတော့ ညို စိတ်မကောင်းဖြစ်မှာစိုးလို့ ခင်သာ တို့ ထုတ်မပြောခဲ့ဘူး၊ သုတမိဘက အားလုံးထဲမှာ အပြင်းထန်ဆုံးပဲ အဲဒါ မမစိုး ရိပ်မိသွားရာကနေ သုတကိုမေးဟယ်, မြန်းဟယ် ဖြစ်လာ တယ်၊ သုတလည်း မဖြေချင်ပါဘူး၊ ဒါပေမဲ့ သိတယ်မဟုတ်လား၊ မမစိုး တို့ ဒေါ်ဒေါ်တို့ ဖိမေးတော့ ညို့လာလည်တာ ပြောလိုက်တော့ ပြဿနာ တက်တော့တာပဲ"

"ဟွန်း အရေးမပါတာ"

ညို ခံပြင်းဟန်လေးနဲ့ ရွတ်လိုက်သည်။ ခင်ခင်သာက အားနာ ရဟန်နှင့် –

"ဟုတ်ပါတယ်ဟယ်၊ ခင်သာက ကြားကြားချင်း မယုံချင်ဘူး၊ သုတဆီ ညို့သွားတယ်လို့ မထင်ဘူးလေ၊ အဲဒါနဲ့ ညို့ကို ဖုန်းဆက် မေးတာ၊ ခုလို ပြဿနာတက်တော့ ခင်သာတို့လည်း အနေခက်နေဟယ်၊ မမစိုးက ခင်သာ့ကိုလည်း လာပြောတာလေ၊ ညို့က ခင်သာနဲ့စခင်တာ





မဟုတ်လား၊ ခင်သာကတစ်ဆင့် သုတတို့, ညီဖော်တို့နဲ့ အားလုံးနဲ့ ရင်းနှီးတာလေ"

"လူငယ်ချင်း ရင်းနှီးတာပဲ၊ ပြဿနာရှာလည်း မတတ်နိုင်ဘူး။ ညို့ကတော့ ခင်မှာပဲလေ၊ မကျေနပ်ရင် ညို့ကို လာပြောပါစေ"

"ဟင်း"

ညို မမှုပါ။ ပွင့်ပွင့်လင်းလင်း ပြောချတော့ ခင်သာ သက်ပြင်း ရှည်ကြီး ချ၏။ ခင်သာ့သက်ပြင်းရှည်ကြီးက ဖုန်းလိုင်းထဲကတစ်ဆင့် ညို့နားစည်မှာ ပဲ့တင်ထပ်နေသလားပဲ။

"သက်ပြင်းချမနေပါနဲ့ ခင်သာရယ်၊ ညို့ကိုပြောရင် ညို့ပြော လိုက်မှာပဲ၊ ဒါပဲမဟုတ်လား ခင်သာ"

"အင်း"

ခင်သာ စကားဆက်ပြောရှာနိုင်ခြင်း မရှိတော့။ ခေါင်းလေးညိတ် ရင်း အင်းခနဲ ရွတ်တော့ ညို ဖုန်းချလိုက်သည်။

ဟွန့်။

ညို မေးဖျားခါကာ ဖုန်းနားက လှည့်ထွက်ခဲ့၏။ ထမင်းစား ခန်းဆီ ဦးမလှည့်။ အချိုပွဲလည်း စားချင်စိတ်မရှိတော့ဘူးလေ။

ညို အခန်းရှိရာ အပေါ်ထပ်သို့ မပြေးရုံတမယ် တက်ခဲ့သည်။ ရင်ထဲမှာ စနိုးစနောင့်နှင့်။ မမစိုး ပြဿနာရှာတဲ့ကိစ္စအပေါ် ညို အံ့သြ တာထက် ခံပြင်းလျက်။ ညို့နဲ့ မပေါင်းရ မသင်းရလို့ စည်းခြားပိတ်ပင်



www.burmeseclassic.com

သတဲ့။

ပိတ်ပင်တိုင်း ညို လက်ခံရလား။ မခံနိုင်ပေါင်။ သုတလည်း မမစိုးတို့စကားကို နားထောင်တာမှ မဟုတ်တာ။

ညို့ကို အရင်အတိုင်း ခင်ဆဲ မင်ဆဲလေ။ ခင်မင်လို့ ညို ရောက်သွားတော့ ခြံတံခါးဖွင့်ပေးတာပေါ့။ ညိုနဲ့သုတ ခြံနောက်ဘက် စံပယ်ပန်းတောထဲမှာ။

ညို့မျက်ဝန်းထဲ ပြန်မြင်ယောင်လာလျှင် –

✿



နက်ဖြန် သန်ဘက်ဆို တစ်နွေတစ်နှစ်သစ်တော့မည်။

ဒါကြောင့်မို့ ထင့်။ နွေဦး နေ့လယ်ရီတရောက သာယာလိုက် မြူးလို့ရယ်။

ဥညြငှက်တို့က တေးတကြော်ကြော်ဆိုရင်း အဖော်အဖက်ကို မျှော်မှန်းရှာဖွေနေသည်က သကြံန်သံစည်တို့နဲ့အပြိုင် ရင်ခုန်ဖွယ်ကောင်း လှပေပြီ။

ပတ်ဝန်းကျင်မှာ ပိတောက်နဲ့ငုတွေ ထိန်ထိန်ဝါနေပေမယ့် သုတ တို့ခြံဝင်းထဲမှ စံပယ်တွေ ဖွေးဖွေးလှိုင်နေတာက ညို့နှလုံးသားကို တကယ် လှုပ်ရှားစေ^^ည်။



www.burmeseclassic.com

ညို့အနားမှာ –

သုတရယ်၊ ကော်ဖီခွက်ရယ်၊ မုန့်တွေရယ်၊ စံပယ်တွေရယ်၊ ပြီးတော့ သကြန်တေးသွားတွေရယ်၊

မွှေးရနံ့မြူးနေတဲ့ စံပယ်ပန်းတောကြီးရယ်။ အားလုံးပေါင်းစု ရှိနေတာက ညို့အတွက် ဆွတ်ပျံ့ကြည်နူးဖွယ်အတိ ဖြစ်ခဲ့သည်။

စားရင်းသောက်ကာ စကားတွေပြောဆိုရင်း သုတနဲ့ညို မျက်လုံးချင်းကျွမ်းဝင်လျက်။ နောက်တော့ သုတက ဘာစိတ်ကူးမိသည် မသိပါ။

မျက်လုံးရွှဲကြီးနဲ့ ရွှန်းရွှန်းတောက်တောက်ကြည့်ရင်း ပြောသည်။

"ညို့ကို ပန်းခူးပေးမယ်" တဲ့။

"ညိုလည်း အတူတူ ခူးမှာပေါ့"

"အိုကေ"

နှစ်ယောက်သား ထိုင်မနေကြတော့၊ သွက်သွက်ကလေး ထကာ အပွင့်တွေလှိုင်နေတဲ့ စံပယ်တောထဲ ပြေးဝင်ကြသည်။ ညိုနဲ့သုတ မျက်နှာချင်းဆိုင်ပြီး စံပယ်တွေခူးကာ နှစ်ယောက်သား လက်ထဲမှာ ပြည့်သွားတော့ သုတ ညို့နားရောက်လာသည်။

"ညို့ဆံပင်တုကြီးက အရမ်းလှတာပါပဲ၊ ဟောဒီစံပယ်ပွင့်လေးတွေ ပန်လိုက်ရင် ပိုလှသွားမယ်၊ ပန်မလား"

"ပန်မှာပေါ့"





"ကျွန်တော်ပန်ပေးမယ်လေ"

"အင်း"

ညို ကျေကျေနပ်နပ်လေး ခေါင်းဆတ်၏။ သုတကိုလည်း ထူးခြားလေခြင်းလို့ စိုက်ကြည့်ဖြစ်သည်။ သုတကလည်း ပြန်ကြည့်ကာ မျက်ခုံးတစ်ဝက် ပင့်လိုက်သည်။ ထိုပင့်ဟန်လေးက ညို့စိတ်နှလုံးကို ကြည်နူးဆွတ်ပျံ့စေသည်။

ဒါတင်မက ညို့ဆံပင်ကောက် နီနီရဲအပေါ် စံပယ်ပန်းတွေ တစ်ပွင့်ပြီးတစ်ပွင့် ထိုးစိုက်ပန်ပေး၏။

ညို့လက်ခုပ်ထဲက ပန်းတွေပါ မကျန်။ ခါးအောက်ရောက်နေတဲ့ ဆံပင်တု ကောက်ရှည်ရှည်ကြားမှာ စံပယ်ပွင့်တွေ ဖွေးလျက်။ အနီရောင် ဆံပင်ပေါ်မှ အဖြူရောင်စံပယ်ပွင့်တွေက ပန်ရစ္စာ မွှေးမြထုံအီနေသော ပန်းရနံ့ ချိုမွှေးမွှေးကြောင့် သုတ သတိလက်လွတ် ဖြစ်သွားပုံရသည်။ စံပယ်ဖြူတွေ လှိုင်မွှေးနေတဲ့ ညို့ခေါင်းကို ငုံ့မွှေး၏။

"အလို"

ညို့မှာ ထင်မှတ်မထားသည်မို့ လိုက်ခနဲမြူးကာ ရှက်သွေးတွေ ဖြာလျက် သုတအပါး လှစ်ခနဲပြေးထွက်ခဲ့သည်။ ဆံပင်ပေါ်က ပန်းကလေးတွေက ညိုပြေးရာလမ်းတစ်လျှောက် ဝဲဖြာလွင့်ကျနေသည်က ကြည့်ကောင်းနေ၏။

"ညို"



www.burmeseclassic.com

သုတ ခြေလှမ်းတွေက လေအလျင်လိုပဲ ညို့ဆီ ရောက်သွားသည်။ ညို့မျက်လုံးအစုံ ချီရွဲကာ နှုတ်ခမ်းတို့ ပြုံးနေပေမယ့် သုတကို မော်မကြည့်ပါ။

အနီးအနားမှာ ရှိနေတဲ့ စံပယ်ပန်းချုံကိုသာ စိုက်ကြည့်လျက် လက်ကလည်း စံပယ်ပွင့်တွေ တစွတ်စွတ်ခူး၏။ ခူးပြီးတဲ့ပန်းနဲ့ သုတကို ဖွဖွရွရွ ပစ်ပေါက်လေသည်။

ပန်းပွင့်လေးတွေက သုတမျက်နှာနဲ့ကိုယ်မှတစ်ဆင့် လျှောကာ မြေပေါ်သို့ လိမ့်ကျ၏။ ပန်းနဲ့အပေါက်ခံရလေ သုတနှလုံးသားလေ နူးညံ့သိမ်မွေ့လျက် ရင်ခုန်သံသောသောညံ၏။ ညို စိတ်မဆိုးဘူးဆိုတဲ့ အသိကလည်း သုတရင်ကို ပိုလို့ပင် ဖိုစေသည် မဟုတ်လား။

ညိုပစ်ပေါက်နေတဲ့ စံပယ်ပွင့်လေးတွေကို သုတ မရှောင်ပါ။

"ညို ကျွန်တော့်ကို စိတ်မဆိုးဘူးမဟုတ်လား"

"ဟွန်း၊ ဆိုးစရာလားလို့"

မျက်လုံးလှလှလေးနဲ့ကြည့်ရင်း ညိုပြောပုံလေးက သုတရင်ခုန်စိတ်လေး ပြို့ကျစေသည်။ ပန်းပွင့်လေးတွေ တစွတ်စွတ်ခူးနေတဲ့ ညို့လက်ချောင်းလေးတွေကို သုတ ဆုပ်ကိုင်လိုက်သည်။ ထိုအခါ ညို ပန်းခူးတာရပ်လေပြီး သုတကို မော်ကြည့်သည်။

မျက်ခုံးတန်းနက်နက်ကလေးနဲ့ သွယ်ဝန်းသော သုတမျက်နှာလေးက ရီဝေဝေ ချိုမြလျက်။ နှုတ်ခမ်းလေးက သဘာဝအတိုင်းရဲကာ





လှုပ်ခတ်ဟန်လေးနဲ့ ပြုံးကြည့်နေသော သုတ၊ ညို့လက်ကလေးကို ခပ်ဖွဖွ ဆုပ်ကိုင်ထားရင်းနဲ့ –

"ဘာလို့ စိတ်မဆိုးတာလဲ ညို"

"ဟွန်း၊ သုတကရော ဘာလို့ မွှေးရတာလဲ"

ညိုမေးခါမှ သုတမျက်လုံးလေး ဝိုင်းသွား၏။ ဟုတ်တယ်၊ ဘာလို့မွှေးမိတာလဲ။

"ပြောလေ သုတ၊ သုတကရော ဘာလို့ မွှေးမိတာလဲ"

ထိုမေးခွန်းနောက်မှာ သုတမျက်နှာလေး ပန်းနုရောင်လွှင်သွား၏။ ဆုပ်ကိုင်ထားတဲ့ ညို့လက်ကို သုတရင်ဘတ်နဲ့ ထိကပ်လုမတတ် ဆွဲယူပြီး ရှက်ရေးရေးပြောမိသည်။

"ကျွန်တော့်စိတ်က မွှေးချင်တာနဲ့ ခိုးမွှေးလိုက်တာ"

"အဟင့်၊ ညိုကလည်း သုတ ခိုးမွှေးတာလေးခံရတော့ ရင်ထဲ အလိုလို ကြည်နူးသွားတယ်၊ အဲဒါကြောင့် စိတ်မဆိုးတာ"

"ညိုရယ်"

သုတ ရင်ခုန်သံတွေမြန်ကာ ထိန်းချုပ်ဖို့ ဘရိတ်လေး လွင့်ပျောက်သွားလေသည်။ ထိုအခါ သုတရဲ့ ကျန်လက်တစ်ဖက်က ညို့ပခုံးလေးကို ဆွဲယူလျှင် ညို့ကိုယ်လေးက အလိုက်သင့်ပါလေပြီ။

ရင်ခွင်ထဲမှာ စံပယ်ရနံ့တွေ မွှေးမြမြ၊ ကြိုင်ကြိုင်သင်း၏။ စံပယ်ပန်းတွေ တစွတ်စွတ်ခူးသလို ရင်ခုန်သော၊ မြတ်နိုးသော အနမ်း



www.burmeseclassic.com

တွေ ဆွတ်မိလေသည်။

ထိုအခါ စံပယ်ပန်းတောထဲမှာ စံပယ်ပန်းပွင့်တွေ တသောသော ပြန့်ကြဲလို့။

တစ်နည်းပြောရရင် စံပယ်တွေ သကြွန်ကျသည်လေ။

စံပယ်ပွင့်တွေလိုပဲ သုတ အနမ်းမွှေးမွှေးတွေလည်း ညို့ပါးပြင် နုနုမှတစ်ဆင့် နှုတ်ခမ်းလေးပေါ် သကြွန်ကျလျက်။

✿ ✿ ✿



## အခန်း (၁၀)

"ညနေညို"

ရှေ့တည့်တည့်ကနေ ပိတ်ဆို့ခေါ်လိုက်တဲ့အသံ။ အစိမ်းလိုက်ကြီး ဖြစ်ရုံမက မာတင်းနေတာမို့ ညို့ခြေလှမ်း ဆတ်ခနဲ ရပ်သွားသည်။

ခေါ်သံနောက်မှ ညို့မျက်ဝန်းက အသံရှင်ဆီ ဒိုင်းခနဲ ရောက်လျှင် –

"အပြောင့် မမစိုးသုတ"

ညို့နှုတ်ခမ်းလွှာကြားမှ လွှတ်ခနဲ ခုန်ထွက်သွားသည်။ စိုးသုတက လက်တစ်ဖက် ခါးထောက်တော့မတတ် ရန်လိုနေတဲ့ပုံစံနဲ့ ညို့ရှေ့တိုးလာပြီး –



www.burmeseclassic.com

"ဟုတ်တယ်၊ ခေတ်သုတအစ်မ စိုးစိုးသုတလေ၊ သိတယ် မဟုတ်လား"

"သိပါတယ် မမစိုးရဲ့"

"ငါ့ကို မမစိုးလို့ မခေါ်နဲ့"

"အဟင့်"

ညို မသိမသာ ပခုံးပင့်ရင်း မလွယ်ပါလားလို့ တိုးတိုးရွတ်၏ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်လွန်းလှသည်။ ဒီအချိန်က လူငယ်တွေအား လုံး သင်္ကြန်နောက်ဆုံးနေ့မို့ အပြတ်ကဲဖို့ လမ်းပေါ်ရောက်ရင်ရောက်၊ မရောက်ရင် မဏ္ဍပ်မှာ ပျော်နေကြချိန် မဟုတ်လား။

ညိုကလည်း မဏ္ဍပ်သွားမလို့ နောက်ကျပြီး အိမ်ကထွက်ခဲ့ခြင်း စိုးစိုးသုတက သိနှင့်သလိုနဲ့ စောင့်ကြည့်ထားနေဟန်တူသည်။ ညိုကို ဆီးခေါ်ပြီး ရန်စောင်နေပြီး ညိုကလည်း မမှုပေါင်ဆိုတဲ့ မျက်နှာပေးနှင့် ရင်ဆိုင်လျက်။

အဲဒါကိုပင် စိုးစိုးသုတ ပို၍မကျေမနပ် ဖြစ်ရလေသည်။

ကြည့်ပါလား၊ မကြည်လင်မှန်းသိလျက် ခြံထဲလာသေး။ ကိုယ့် မောင်ကို မြူသွားရုံမက အစ်မဖြစ်သူကိုပါ ခပ်ရင့်ရင့်ရင်ဆိုင်မယ်ဆိုတဲ့ အနေအထားနဲ့။ နောက်ပြီး မောင်လေးခေါ်သလို မမစိုးလို့ခေါ်တာ ခံရ အခက်ဆုံးပဲ။ စိုးစိုးသုတကို ဒီအချိုးချိုးလို့ မရဘူးဆိုတာ ဒင်းကလေး သိသွားစေရမယ်။





"ဒီမှာ ညနေညို၊ ညည်းကို ငါ ရှင်းရှင်းပဲပြောမယ်၊ ငါ့မောင် လေးနဲ့ လုံးဝမပတ်သက်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"အောင်မာ၊ ဘာဖြစ်ရမလဲ၊ ညည်းအဆင့်အတန်းကို ညည်း သိရင် ဘာဖြစ်လဲလို့ ပြန်မေးစရာ မလိုဘူး၊ ညနေညို"

"အဟင့်၊ အဆင့်အတန်း ဟုတ်လား"

ညို ခပ်ရွဲ့ရွဲ့မျက်နှာပေးနဲ့ မခိုးမခန့် မေးလိုက်သည်။ စိုးစိုးသုတ ခံရခက်သွားဟန်နှင့် –

"ဟုတ်တယ်၊ ညည်းအဆင့်အတန်းကို ညည်းသိနေရမယ်၊ ဘယ်လိုအတန်းစားထဲက လူဖြစ်လာတာလဲ၊ ညည်းမသိဘူးလား"

"ကျွတ် မမစိုး"

ညို တင်းခနဲဖြစ်သွားတော့ စိုးစိုးသုတ ပိုပြီးအားတက်သွား သည်။ ဒီမိန်းကလေးမျိုးကို ဒီလိုပြောမှ သိမယ်ဆိုတော့ ပြောရချေသေးရဲ့။

"ဘာဖြစ်လဲ ညနေညို၊ ညည်း ဆင်းသက်လာတဲ့ လူမှုရေး အဆင့်အတန်းကို ငါတို့ ရှုတယ်အေ့၊ ဒါကြောင့် မောင်လေးနဲ့ မပတ်သက် နဲ့လို့ ပြောနေတာ၊ ရှင်းရဲ့လား"

ထိပါးပုတ်ခတ်နေတဲ့ စိုးစိုးသုတစကားနောက် ညို အံကြိတ် လိုက်၏။

"ပတ်သက်ရင် ရှင် ဘာလုပ်မလဲ"



www.burmeseclassic.com

"ဘာပြောတယ်"

စိုးစိုးသုတ ခဏတ်ခဏ်ခဲ နာသွား၏။ ပတ်သက်ရင် ဘာလုပ်မလဲတဲ့။ အရွဲ့တိုက်တာလား၊ မိုက်ရိုင်းတာလား မသိ။ မေးပုံကိုက နာစရာကောင်းလှသည်။

ညို ကိုယ်နေဟန်လေးကို မာန်အပြည့်နဲ့ တင်းပစ်ရင်း –

"ဘာပြောလဲဆိုတာ ရှင်ကြားသားပဲ၊ ရှင့်မောင်နဲ့ပတ်သက်ရင် ရှင် ဘာလုပ်နိုင်မှာမို့လဲ"

"ဘာလဲ၊ ညည်းက ငါ့မောင်နဲ့ ရှေ့ဆက်ပတ်သက်မယ်လို့ အစီအစဉ်ထားတာလား"

"ဒီမှာ ယောက်ျားတစ်ယောက်ကို အစီအစဉ်ပြီး ပတ်သက်ဖို့ အစီအစဉ်ဆွဲရလောက်အောင် ညနေညို အကျည်းမတန်ပါဘူး။ ရှင့်မောင်လို မအေသဘော, အစ်မသဘောနဲ့ အိစိအိညက်ဖြစ်နေတဲ့ ယောက်ျားမျိုးကို ညိုက သွားရည်မကျဘူး"

"ဘုရားရေ၊ ငါ့မောင်ကို ညည်း သွားရည်မကျဘူး။ ဟုတ်လား၊ ဒါဆို ဘာဖြစ်လို့ ငါတို့ခြံထဲအထိ ကျူးကျော်လာရတာလဲ၊ ငါ့မောင်ကို ဘာလို့ အိမ်တိုင်ရာရောက် မြှူဆွယ်ရတာလဲ"

"တောက်"

လက်ညှိုးတထိုးထိုးနဲ့ စိုးစိုးသုတ မေးချသည်။ ညို ခံပြင်းစိတ်ပေါက်ကွဲသွား၏။ ညို မြှူဆွယ်တာတဲ့။ သုတကို ညို မြှူဆွယ်ခဲ့တာမှ





မဟုတ်တာ။ နှစ်ဦးနှစ်ဖက် ကြည်သာကျေနပ်မှုနဲ့ ရင်ခုန်ခဲ့ကြတာလေ။

တစ်ဖက်သတ် လက်ညှိုးထိုးပြီးပြောလာတဲ့ စိုးစိုးသုတကို ညို ဒေါသနဲ့ အစိမ်းလိုက် ဝါးစားချင်မိ၏။ ညို့မျက်နှာရှေ့ ဝဲလာတဲ့ စိုးစိုးသုတရဲ့လက်ကို ဖယ်ပစ်ရင်း –

"ရှင့်မောင်ကလည်း ညို့ကို မမြှူဆွယ်ခဲ့ဘူးလို့ ရှင်ပြောရဲလား"

"ဟင်"

စိုးစိုးသုတ မျက်လုံးပြူးခနဲ ဖြစ်သွားသည်။ ညို ဘာမှ စဉ်းစားဆင်ခြင်မနေတော့ပါ။ စိုးစိုးသုတမျက်လုံးကို တည့်တည့်စိုက်ကြည့်ပြီး ပြောချ၏။

"ပြောလေ ပြောစမ်းပါ၊ ရှင့်မောင်က ကျောက်ရုပ်မို့လို့ ညိုက တွန်းတိုက်ရုံနဲ့ နဲ့သွားတယ်ဆိုရင် ရှင်ပြောတဲ့စကား နားကြားလို့ ကောင်းဦးမယ်၊ ရှင်သိထားဖို့က ရှင့်မောင်က ကျောက်ရုပ်မဟုတ်ဘူး၊ ရှင့်မောင်နဲ့ ညို ကြည်ဖြူတယ်၊ အပြန်အလှန်ချစ်ကြတယ်၊ ရှင် ဘာလုပ်နိုင်လဲ၊ အဲဒီညနေခင်းတစ်လျှောက်လုံး ရှင့်မောင်နဲ့ညို အတူတူ ရင်ခုန်ခဲ့ကြတယ်၊ ရှင်ပြန်ရောက်လာလို့ ညို ပြန်ခဲ့တယ်၊ ရှင်မကျေနပ်ရင် လဲသေလိုက်"

"ဟင် တောက်"

စိုးစိုးသုတ လက်တစ်ဖက် မြှောက်တက်သွားသည်။ ညို နှာခေါင်းရှုံ့ကာ ညို့လက်နဲ့ စိုးစိုးသုတလက်ကို ဖယ်ချလျှင် စိုးစိုးသုတ ကိုယ်နေဟန်ပျက်ကာ နောက်ယိုင်ကျမလို ဖြစ်သွားသည်။



www.burmeseclassic.com

တော်သေးတယ်။ နောက်ကျောမှာ လမ်းမီးတိုင်ကြီးခံလျက်ရှိနေလို့။ ကိုယ်နေဟန်ကို စိုးစိုးသုတ ထိန်းလိုက်နိုင်ပေမယ့် ရင်ထဲက မကျေနပ်မှုက အမြင့်ဆုံးထိ တိုးတက်သွားလေသည်။

"ညည်း၊ ညည်း အတော်အကြံအစည်ကြီးပါလား ညနေညို၊ ညည်း ငါ့မောင့်ကို ညည်းတို့လို အယုတ်သမျိုးဖြစ်အောင် သွေးဆောင်ဖျက်ဆီးနေတာ မဟုတ်လား၊ အဲဒီအတွက် ငါတို့မိသားစု လက်ပိုက်ကြည့်မနေဘူး၊ သိရဲ့လား၊ ညည်းကို ရပ်ကွက်လူကြီးနဲ့ တိုင်မယ်၊ ကမြင်းကြော ထမ သမီး၊ မအေတူ ပထွေးတူ မိန်းမယုတ်မရဲ့"

"ကျစ်"

ညို့ မျက်နှာလွှဲခါ အံကြိတ်ပစ်လိုက်သည်။ ပြောပြီး နောက်ပြန်လှည့်ထွက်သွားတဲ့ စိုးစိုးသုတကို ပြေးဆွဲပြီး ကိုက်ဖဲ့ပစ်ချင်စိတ် တဖွားဖွားထသည်။

ညို့ကိုပြောလိုက်တာများ အယုတ်သမျိုးတဲ့၊ ကမြင်းကြောထမ သမီးတဲ့၊ မာမီ့ကိုပါ စော်ကားတာ။ ဒါတင်မက အန်ကယ့်ကိုပါ ပုတ်ခတ်တာလေ၊

မဆီမဆိုင် မာမီတို့ အန်ကယ်တို့ကို ဆွဲပြောသွားတဲ့ စိုးစိုးသုတကို အမှုန့်ကြိတ်ပစ်ချင်သည်။ အသားကို နာအောင် ရိုက်သွားတာက ခံသာဦးမည်။

ထိပါးပုတ်ခတ်ပြီး ပြောတဲ့စကားက အသည်းထဲက နာသည်။





နောက်ပြီး ရပ်ကွက်လူကြီးနဲ့ တိုင်ဦးမတဲ့။

ဟား ဟား ဟားနဲ့ အော်ရယ်လိုက်ချင်သည်။

တိုင်လေ တိုင်ပေါ့။

တိုင်တစ်လုံး ငါးကျပ်။

နင့်ပါး ငါချ။

ငယ်ငယ်တုန်းက ကစားဖော်တွေနဲ့ ရန်ဖြစ်တိုင်း အရွဲ့တိုက်ရွတ်ခဲ့တဲ့ ရန်ထောင်ကဗျာလေးကို ညို ပြန်ရွတ်လိုက်သည်။

တိုင်ပလေ့စေ။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၁၁)

''ခွပ်''

''အား''

မထင်မှတ်ဘဲ ထိမှန်လာတဲ့ ဖေဖေ့လက်သီးချက်။ သုတ ရှောင်ချိန်မရလိုက်ပါ။ ထိချက်ပြင်းတာမို့ မျက်လုံးမီးပွင့်မတတ် ပူခြစ် နာကျင်ကာ သုတ ကိုယ်ရှိန်လေး မထိန်းနိုင်ဖြစ်ချေသည်။

လည်ဆင်းသွားတဲ့ မျက်နှာနောက် တစ်ကိုယ်လုံးပါသွားကာ ခန္ဓာကိုယ်က နံရံနဲ့ ထိလုမတတ် ကပ်လျက်။

'မိဘကို အရှက်ခွဲတဲ့သား၊ ဒီလောက် အတန်တန်တားထားရဲ့နဲ့ မင်းမို့လို့ လုပ်ရက်တယ်ကွာ၊ ပတ်ဝန်းကျင်က ဘာပြောကြမလဲ၊





မင်း နည်းနည်းမှ မစဉ်းစားမိဘူးလား ခေတ်သုတ၊ ဟင်''

ဖေဖေ့လက်သီးချက်ထက် မေမေ့စကားလုံးက ပြင်းရှသည်ဟု သုတထင်သည်။

''ရှက်တယ် ရှက်တယ်၊ မေမေ့မျက်နှာကို ဓားနဲ့တောင်လှီးပစ်လိုက်ချင်တယ် သားရယ်၊ တကယ်ပဲကွယ်''

မေမေက အံတကြိတ်ကြိတ်နဲ့ ထိထိခိုက်ခိုက် ရေရွတ်၏။ မမက မျက်ထောင့်နီကြီးနဲ့ကြည့်လျက် –

''မင်းဟာမ ပြောသွားလိုက်တာ မမအသည်းထဲက နာတယ်သိလား၊ ပေါက်လွှတ်ပဲစားနေပြီး ဖမသိ ဘမပေါ်ဘဲ မွေးလာတဲ့မိန်းမကို များ မင်း မရှုံ့မရှာဟယ်၊ အပေါင်းအသင်းတောင်မလုပ်နဲ့လို့ နားပေါက်အောင် ပြောထားရဲ့နဲ့ ခြံထဲချိန်းတွေ့တဲ့အထိ ဖြစ်ရတာ အံ့သြတယ်၊ ယုံတောင်မယုံချင်ဘူး။

ဒါကို ရှက်ရကောင်းမှန်းမသိဘဲ ပက်ပက်စက်စက် ပြန်ပြောရဲတာ သြချလောက်တယ်၊ ပြောရဲမှာပေါ့ ကလေကဝရပြီး လူဖြစ်လာတဲ့ပါးစပ်က ဒါမျိုးပဲ ပြောမယ်၊ ဒီကိစ္စ လုံးဝမကျေနပ်ဘူး ဖေဖေ၊ ရပ်ကွက်လူကြီးနဲ့တိုင်ဖို့ စိုးစိုး ဆုံးဖြတ်ထားတယ်''

စိုးစိုးသုတ ပြောလို့အားမရသေး။ သူမ ခံရတဲ့အတွက် အကျယ် အကျယ် ရှင်းဖို့ စကားစလာသည်။ ဦးအောင်သုတ ခေါင်းတယမ်းယမ်းနဲ့ လက်သီးကျစ်ကျစ်ဆုပ်ပြီး –



www.burmeseclassic.com

"တိုင်တော့ ပိုအရှက်ကွဲမယ် သမီး၊ ဒင်းတို့က အရှက်ရှိတာ မဟုတ်ဘူး"

"ဟုတ်တယ် သမီး၊ ဟုတ်တယ်၊ တိုင်ဟယ်ပြုဟယ်နဲ့ တစ်ရပ်ကွက်လုံး သိကုန်လိမ့်မယ်၊ မေမေတို့ နောက်ထပ် အရှက်ကွဲတာ မခံချင်ဘူး သမီးရယ်"

ဒေါ်နှင်းပုလဲ လက်မခံ။ သမီးဖြစ်သူ စိတ်ရှိတိုင်း မပြုဖို့ တားလေသည်။ ညနေညိုကို မကျေနပ်လေ ပစ်မှတ်က သုတဆီ ပြို ကျလေ။

"သုတ မင်းကြောင့် မံမတို့ ဘယ်လောက်နာကျင်ရလဲ ဟင်၊ သူများက လူမှုကျင့်ဝတ် ဘာမှသိတာ မဟုတ်ဘူး၊ အစ်မသောဘာသော နားလည်ဖို့ နေနေသာသာ ပြောချလိုက်တာ အရှက်မရှိစတမ်း၊ နေပါဦး မင့်က ဒီလိုမိန်းမကို သွားရည်ကျနေတာလား၊ ပြောစမ်း"

သုတ မျက်နှာလွှဲထားလိုက်သည်။

"ဟဲ့ မေးနေတယ်လေ"

သုတပခုံးကို မမဆွဲလှည့်ရင်း မရမက ထပ်မေး၏။ သုတ နှုတ်ခမ်းကို စေ့ထားလိုက်သည်။

သုတ မဖြေတော့ မိသားစုဝင်တွေရဲ့မျက်လုံးက ဒေါသရောင် လက်ပြောင်လာသည်။ တစ်သက်နဲ့တစ်ကိုယ် ဒီလိုမဖြစ်ဖူး။ မေးရင် ဖြေရတဲ့ ထုံးစံနဲ့ ကြီးပြင်းလာခဲ့တာ။





ဒီမိန်းကလေးနဲ့ ပတ်သက်လာမှ အံ့ပုန်းဖြစ်နေတာ မိသားစုဝင်တွေ မနှစ်မြို့နိုင်ဆုံးပဲ။

"သားငယ်"

ဖေဖေ လက်သီးဆုပ်လျက်သားနဲ့ အနားရောက်လာပြန်သည်။ မေမေက ဖေဖေ့ထက်ဦးစွာ ရောက်လာပြီး မေးသည်။

"သား၊ သား ဘာဖြစ်နေတာလဲ၊ ပြောစမ်း"

တဲ့။ မေမေ့စကားနောက်မှာ ကြေကွဲမျက်ရည်တို့ သုတမျက်ဝန်းမှာ ဝိုင်းလျက်။

ညာဘက် မျက်ဝန်းထောင့်စွန်းမှ မျက်ရည်တစ်စ လိမ့်ကျကာ ပါးပြင်ပေါ် ထောင်လိုက်စီးဆင်းလေပြီ။ ထိုမျက်ရည်ကို သုတ ပခုံးစွန်းနဲ့ ပွတ်သုတ်လိုက်ပြီး –

"အဲဒီအတွက် သားမှာ အပြစ်ရှိတယ်လို့ ဖေဖေ ဆုံးဖြတ်ခဲ့ပြီ ပဲ"

"ဘာပြောတယ်"

ဖေဖေ ဒေါသထောင်းခနဲ ထ၏။ မေမေက ဖေဖေ့လက်ကို ဆွဲရင်း သူနဲ့ဝေးရာ ဆွဲသွား၏။ ဖေဖေက မေမေဆွဲခေါ်သွားတဲ့နောက် အလိုက်သင့်ပါမသွား။ ရှန်းကန် ရှေ့တိုးလာသည်။

"ဖယ်စမ်းပါ နှင်းပုလဲရာ၊ မင်းသားပြောတဲ့စကားက ဘာအဓိပ္ပာယ်လဲ၊ အပြစ်ရှိတယ်လို့ ကိုယ်ဆုံးဖြတ်ခဲ့ပြီးပြီဆိုတာ ဘာသဘော



www.burmeseclassic.com

လဲ၊ ဟိုမိန်းကလေးနဲ့ တကယ်ငြိနေတယ်လို့ ဝန်ခံတာလား၊ ဖအေထိုးတာ တောင် မမှုဘူး၊ ခံရဲတယ်လို့ ရင်ကော့ဆိုလိုချင်တာလား''

''နေပါဦး ကိုအောင်ရယ်၊ ပုလဲမေးယူပါ့မယ်''

''မောင်လေးရယ်၊ မောင်လေးစိတ်ထဲ ဘာဖြစ်နေတာလဲ၊ ဟို မိန်းမ သွေးဆောင်တဲ့နောက် ပါနေလို့ ဒီလိုစကားပြောတာလားဟင်''

မမ သူ့ပခုံးကို တဖျတ်ဖျတ်ရိုက်ရင်း မေး၏။ သုတ ကိုယ်ကြီး ကို တောင့်ထားလျက် ငြိမ်နေလိုက်သည်။

မေးခွန်းတွေက တစ်ဆိတ် လွန်လွန်းလှသည်ဟု သုတထင်မိ၏။

ညိုနဲ့သူ ခြံထဲမှာတွေ့တဲ့ဖြစ်စဉ်က ဘယ်သူ့ကိုဘယ်သူ သွေး ဆောင်တာမပါ။ ဖြားယောင်းပြီး ညို့တာလည်းမဟုတ်။ သူ့အလိုလို ဖြစ်တည်လာတဲ့ ခံစားမှုက တိမ်းညွတ်သွားခဲ့တာမျိုး။

ထိုတိမ်းညွတ်မှုက လူကြီးတွေအမြင်မှာ အပြစ်တစ်ခု ဖြစ်နေ တာလား။ ဖြစ်တယ်လို့ ယူဆတယ်ဆိုရင်လည်း သုတ ကျေနပ်စွာ ခံ ယူပြီးသား။

ဒါကို ဘာလို့ မကျေနပ်နိုင်သေးဘဲ ဖိအစ်မေးနေကြရတာ လဲ။ မေးလို့ ရင်ထဲရှိတဲ့အတိုင်း ပြန်ဖြေတော့လည်း ဖေဖေက ဒေါသကြီး လာသည်။ မမကလည်း မယဉ်ကျေးတဲ့စကားလုံးတွေနဲ့ ကိုင်ပေါက်ပြန် သည်။





''ဖေဖေရယ် ဒီကိစ္စကို ဒီလောက်နဲ့ ရပ်ထားသင့်တယ်လို့ ကျွန်တော်ထင်တယ်''

တစ်မိသားစုလုံး ဆူပွက်နေတာကို လက်ပိုက်ကြည့်မနေသာတဲ့ ယောက်ဖက လေပြေလေးနဲ့ တစ်ခွန်းဝင်ပြောသည်။

''ကိုခန့် ဝင်မပါနဲ့''

မမက ပက်ခနဲ တား၏။ ကိုခန့် မျက်နှာပျက်သွားကာ –

''ကိုယ်ပြောတာက''

စကားကိုပြန်ဆယ်ပြောလျှင် ဖေဖေက သက်မ,ချပြီး လက်ကာ ဟန့်၏။ ကိုခိုင်ခန့် ဘာမှမပြောတော့ဘဲ ချာခနဲ လှည့်ထွက်လေသည်။

သူဟာလည်း ဒီမိသားစုအရေးမှာ ဝင်ရောက်စွက်ဖက်တိုင်း ကိုယ်ဖြစ်ချင်သလို ဖြစ်လာဖို့ အလားအလာမကောင်းနိုင်ဟု ခိုင်ခန့်ထင် သည်။

ဒါကြောင့် ဖြေလျှော့ပြောကြဖို့ ဝင်ပါပြောခါမှ ဇနီးမယားက ယတိပြတ်ပိတ်ပင်ပြောခြင်းခံရတဲ့အဖြစ်။ ရှက်တာလည်းပါတာမို့ ရှောင် ထွက်ခဲ့သည်။

ဖြစ်ချင်ရာ ဖြစ်စေတော့။ ဘယ်သူ့ဘက်မှ ဝင်ရောက်ဖျောင်းဖျ မနေချင်တော့။ ချက်ချင်းပဲ ထိုတိုက်ထဲက ထွက်ခဲ့သည်။

ကျန်ရစ်ခဲ့သူတွေအားလုံး ပြင်းထန်လျက် မုန်တိုင်းထန်နေမှာ မြင်ယောင်သေး၏။



www.burmeseclassic.com

ခေတ်သုတဆိုတဲ့ ယောက်ဖက လိမ္မာရေးခြားရှိပေမယ့် ရင်ခုန်လှုပ်ရှားနေတဲ့ နှလုံးသားရဲ့ စေညွှန်ရာအတိုင်း ရှက်လွှင့်နေမယ်ဆိုတာ သူသိသည်။

ယောက္ခမနဲ့ မယားကလည်း အလျှော့ပေးမယ့်ပုံ မပေါ်။

"ဒီမှာ သား၊ သားကြောင့် ဖေဖေတို့ ဒီထက် အရှက်ကွဲမခံနိုင်ဘူး၊ နောက်ဆုံးပြောမယ်၊ ညနေညိုနဲ့ လုံးဝဖြတ်၊ ဒါပဲ"

ဖေဖေ အမိန့်ချမှတ်၏။ လုံးဝဖြတ် တဲ့။ ဖြတ်တဲ့ကိစ္စက သုတ နှလုံးသားနဲ့ပဲ ဆိုင်တယ်လေ။ ရင်ထဲက မဖြတ်နိုင်ရင် ဘာတတ်နိုင်မလဲ၊ ဖေဖေ့အမိန့်သံနောက်မှာ သုတ မျက်နှာလွှဲပြီး –

"မမစိုးလည်း ညို့ရှေ့မသွားနဲ့လို့ တားပေး"

"ဘာပြောတယ်"

စိုးစိုးသုတ ဝုန်းခနဲ ပေါက်ကွဲ၏။ မေမေက မမကိုဆွဲထား၏၊ ဖေဖေက လက်သီးတပြင်ပြင်နှင့်။

"ညို့ကို ရပ်ကွက်လူကြီးနဲ့ တိုင်လားတောလား မလုပ်ပါနဲ့မမ"

သုတ ဒါပဲပြောပြီး မိသားစုရှေ့က ရှောင်ထွက်ခဲ့သည်။

"တောက်၊ မေမေ့သားပြောသွားတာ ကြားလား"

မမစိုး ဆတ်ဆတ်ထိမခံ ပြန်ပြောကာ မေမေ့လက်ထဲက ရုန်းထွက်ဖို့တာဆူသည်။ ဖေဖေက အံကြိတ်၏။ မေမေက မမစိုးကို ဆွဲထားဟန်တူသည်။





'ဖယ်ပါ မေမေရယ်၊ သမီး မကျေနပ်နိုင်သေးဘူး၊ ဟိုမိန်းမယုတ်ကြောင့် မောင်လေး ဒီလိုဖြစ်နေတာလေ၊ မှတ်လောက်သားလောက်အောင် လုပ်ပေးလိုက်မှ ဒင်း ရပ်တန်းက ရပ်သွားမယ်"

"တော်ပါတော့ သမီးရယ်၊ ဒီကိစ္စ ဒီထက် ကျယ်လောင်ကျယ်လောင် ဖြစ်ကုန်ရင် မကောင်းဘူး၊ အဲဒီမိန်းကလေးနဲ့ ပတ်သက်နေတယ်ဆိုတာ ဖေဖေတို့အတွက် ဘယ်လိုမှ ဂုဏ်သင့်ဖို့မရှိဘူး၊ သူများ မေးငေါ့ပုတ်ခတ်လိမ့်မယ်၊ အခု ဖေဖေ အမိန့်ပေးထားပြီးပြီ၊ သား အဆက်ဖြတ်ရမယ်၊ ဖေဖေလိုချင်တာ အဲဒါပဲ"

ဖေဖေ အံကြိတ်ရင်း ပြော၏။

"ဟုတ်တယ် သမီးရယ်၊ သားနဲ့ညနေညို ပြတ်သွားရင် ပြီးပြီ၊ ရပ်ကွက်လူကြီးသိရင် တစ်ရပ်လုံး သိတာနဲ့အတူတူပဲ၊ လောလောဆယ် ဘယ်သူမှ မသိသေးတာ ကံကောင်းသေးတယ်၊ သမီး စိတ်ကိုလျှော့ပါကွယ်၊ ပြီးတော့ သားနဲ့ ညနေညို လုံးဝပြတ်သွားစေဖို့ မေမေတို့ တစ်ခုခု စီစဉ်ကြတာပေါ့၊ ဟုတ်ပြီလား သမီးရယ် နော်"

မေမေကလည်း ဖျောင်းဖျောင်းဖျဖျ ပြောပြန်သည်။

ဖေဖေနဲ့မေမေ သဘောထားနောက်မှာ မမ ဒေါသနဲ့ ဖြစ်ချင်ရာ ဖြစ်ခွင့်မရလိုက်။ ထိုနေရာမှာ တန့်လျက်။

ဒါပေမဲ့ မမရင်ထဲ အခဲမကျေဖြစ်နေတာ သုတသိသည်။

သိပေမယ့် မသိချင်ဟန်ဆောင်ကာ ကျိန်းစပ်နေတဲ့ပါးပြင်ကို



www.burmeseclassic.com

လက်ဖဝါးနဲ့ ယောင်ယမ်းဖိအုပ်လေသည်။

ရင်ထဲမှာတော့ ညှိုရယ်လို့ တမ်းတဆဲလေ။

✿ ✿ ✿



## အခန်း (၁၂)

"မမစိုးက အဲလောက်တောင် ပြင်းထန်နေတာပေါ့လေ၊ ဟုတ်လား ညီဇော်"

သူဇာလင်း တအံ့တဩမေးသည်။ ညီဇော်မဖြေရသေးခင် သိရိမာလည်း သိလိုစိတ်လှုပ်ရှားကာ ထပ်မေး၏။

ညီဇော် စိတ်ပျက်ဟန်နှင့် ခေါင်းတစ်ချက်ဆတ်ပြီး –

"အဆိုးဆုံးပေါ့ဟာ"

"အဲဒါတော့ မကောင်းပါဘူး"

ခင်ခင်သာ ဝင်ပြောရင်း ငါးလေးတွေထည့်ထားတဲ့ ရေဖလားကို ကိုင်ပြီး ရေကန်ဆီ ထွက်ခဲ့သည်။



www.burmeseclassic.com

"ဟုတ်သား"

သူဇာလင်းနဲ့ သီရိမှာ ပြိုင်တူထောက်ခံပြီး ငါးလွှတ်ဖို့ ခင်သာ့နောက် လိုက်၏။

"ဟုတ်တာတော့ ဟုတ်တာပေါ့ဟာ"

"ခင်သာကတော့ ညို့ကို သနားတယ်"

ငါးလွှတ်ဖို့ ကန်စပ်နားဆင်းသွားရင်း ခင်ခင်သာပြောလျှင်–

"ဟုတ်သားနော်၊ ညို့မှာ ဘာအပြစ်ရှိလို့လဲ၊ သုတကိုလည်း အားနာတယ်၊ တကယ်ဆို သူငယ်ချင်းနှစ်ယောက် ခြံထဲမှာ စကားပြောကြတာ ဘာထိခိုက်စရာရှိလဲ၊ အဲဒါကို ပွဲကြမ်းလိုက်တာ သီရိတော့ မမစိုးစိတ်ကို နားမလည်နိုင်ဘူးဟယ်၊ နော် သူဇာ"

"ဟုတ်တယ် ဟုတ်တယ်"

မိန်းကလေးသုံးယောက်က တိုင်ပင်စရာမလိုဘဲ သဘောထားညီနေကြသည်။ ညီဇော်ကလည်း သူငယ်ချင်း ဘက်တော်သားပါပဲ၊ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ရေကန်စပ်ကိုသွားပြီး ငါးလွှတ်ဖို့ထက် သူငယ်ချင်းရဲ့အဖြစ်အပျက်ထဲ စိတ်ရောက်လို့နေသည်။

ဒါကြောင့် ငါးလွှတ်တဲ့ရေကမ်းစပ်ဆီ မသွားဘဲ ကန်ဘောင်ဘေးက ခုံတန်းမှာ ဝင်ထိုင်ကာ။ ဒီနေ့က နှစ်ဆန်းတစ်ရက်နေ့မို့ ကုသိုလ်ရအောင် ငါးလေးတွေ ဘေးမဲ့လွှတ်သူများနဲ့ စည်ကားနေသည်။

သူတို့သူငယ်ချင်းတွေက လူရှင်းတဲ့ကန်ဘောင်ဘက်မှာမို့ သီး





သန့်လို့ဖြစ်နေကာ သူငယ်ချင်းအကြောင်း ပြောကြနှင့် ဆူညံနေသည်။

ညိုနှင့်သုတပါမလာလို့ သူငယ်ချင်းတွေစိတ်မှာ တကယ်ဟာနေသည် မဟုတ်လား။

"နေပါဦး ညီဇော်၊ အခု သုတကော"

ခင်ခင်သာက ရေကန်စပ်မှာ ထိုင်ချရင်း လှမ်းမေးသည်။ ညီဇော်က ခုံတန်းနောက်ကျောကပ် မှီထိုင်ပြီး –

"သုတ ခြံပြင်မထွက်ရဘဲ နေအိမ်မှာ အကျယ်ချုပ်ကျနေတာပေါ့ဟာ"

"ဟွန်း"

သီရိမှာ မျက်နှာလေးမဲ့ပြသည်က မနှစ်မြို့စွာ။

"ဒါပေမဲ့ ပြဿနာက ရှေ့ဆက်လောင်ဦးမယ်လို့ ငါထင်တယ်"

"ဘယ်လို ညီဇော်၊ လောင်ဦးမယ် ဟုတ်လား"

"ဘာဖြစ်လို့ လောင်မှာလဲ၊ ပြောပါဦး"

သူငယ်ချင်းတွေက သုတတို့ဇာတ်လမ်းအပေါ်မှာ စိတ်ဝင်စားလွန်းကာ သူ့ထက်ငါ အမြှုပ်မေးကြသည်။ ညီဇော်လည်း ပြောချင်နေသူပီပီ သိသမျှကို တစ်ဆင့်ဖောက်သည်ချ၏။

"ဘာဖြစ်လို့လဲဆိုတော့ ဒေါ်ဒေါ်က ပတ်ဝန်းကျင်အသိမခံဘဲ ဒီကိစ္စကို ဖြတ်တောက်ပစ်ချင်တာ၊ အဲဒီအတွက် တစ်ခုခု လုပ်လိမ့်မယ်"

"ဟဲ့ လုပ်တိုင်းဖြစ်မလား ညီဇော်"



www.burmeseclassic.com

"အဲဒါတော့ ငါလည်း ဘယ်သိမလဲ၊ မနက်က သုတဆီသွားတော့ သုတပြောတာ၊ ဖေဖေနဲ့မေမေ တိုးတိုးတိတ်တိတ် စီစဉ်နေတာ၊ မမစိုးကလည်း အားပေးသတဲ့၊ အဲဒီအတွက် ရှေ့ဆက် ပြဿနာဖြစ်ဖို့ ရှိတယ်လို့ သုတ ကြိုမြင်နေတာ"

"ဟွန်း၊ မမစိုးကလေ သိပ်ပြီး တစ်ဖက်စောင်းနင်းနိုင်တာပဲ"

"အဲဒါတော့ သီရိလည်း ထောက်ခံတယ်၊ ကိုခိုင်ခန့် ဝင်ပြောတာတောင် မမစိုး ပိတ်ပြောတာပဲကြည့်၊ တကယ်ဆို ကိုခိုင်ခန့်ပြောတာ လက်ခံဖို့ကောင်းတယ်၊ လူငယ်ချင်းဖြစ်တဲ့ကိစ္စ လူကြီးတွေအနေနဲ့ လျှော့လျှော့ပေါ့ပေါ့လေးနဲ့ ဖျောင်းဖျသိမ်းသွင်းရင် ဖြစ်နိုင်ချေ ရှိသေးတယ်၊ မုန်တိုင်းတိုက်သလို ဝင်မွှေတော့ ပြဿနာပိုကြီးသွားတာမျိုး။ အဲဒါနဲ့တင် မကျေနပ်သေးဘဲ နောက်ထပ်တစ်ဆင့် တက်ကြမယ်ဆိုရင် ညို့စိတ်နဲ့ ဘာတွေဖြစ်ကုန်မလဲ၊ နော့ ခင်သာ"

"သေချာတာပေါ့ဟာ၊ ညိုက ဘယ်သူ့ကိုမှ ဂရုစိုက်တာ မဟုတ်ဘူး၊ အရွဲ့တိုက်ဖို့လည်း ဝန်လေးတာ မဟုတ်ဘူး၊"

ငါးတွေ တစ်ကောင်ချင်းလွှတ်ချရင်း စကားတွေ လှိုင်လှိုင်ပြောနေကြသည်က စိတ်အားအပြည့်နဲ့။

"ဟုဘ်တယ် သူဇာ၊ ငါလည်း အဲဒါကိုပဲ တွေးပူနေတာ၊ ညိုက ဆတ်ဆတ်ထိမခံ"

"အဲဒါကိုပဲ မမစိုး ခံပြင်းနေတာနေမှာနော်"





"အစစ်ပေါ့ဟာ"

ရေကန်ထဲ လှုပ်ခတ်ပြေးလွှားသွားတဲ့ ငါးလေးကို အမြင်တစ်ဆုံး ကြည့်ရင်း ခင်သာ အားရပါးရ ထောက်ခံလေသည်။

"တကယ်တမ်း ပြန်စဉ်းစားကြည့်ရင် ညို့မှာ ဘာအပြစ် ရှိလဲ၊ ညို့မှာမီ ယောက်ျားအများကြီးယူတာ သူ့ဘဝနဲ့သူလေ၊ ညိုက ခုချိန်ထိ စင်စင်ကြယ်ကြယ်ရယ်၊ သမီးချင်း စာနာစိတ်ရှိတယ်ဆိုရင် မိခင်စိတ်မျိုးနဲ့ ဆုံးမသင့်တယ်၊ လမ်းညွှန်သင့်တယ်လေ၊ ခုတော့ စည်းအပြင်ဘက်ရောက်အောင် တွန်းပို့နေသလို ဖြစ်မနေဘူးလား"

"သုတကလည်း အဲဒါကို ခံပြင်းတာ၊ မလွန်ဆန်နိုင်လို့ ခေါင်းငုံ့နေရပေမယ့် သုတရင်ထဲမှာ အကြိတ်အခဲဖြစ်နေလို့ မမစိုးနဲ့ လုံးဝ မျက်နှာချင်းမဆိုင်ဘူး ဖြစ်နေတယ်"

"ကောင်းတယ်၊ သုတလုပ်ရပ် မှန်တယ်"

ခင်ခင်သာက သုတဘက်က အပြည့်အဝ ထောက်ခံကာ ရေဖလားထဲက ငါးလေးတွေ လွှတ်လို့ပြီးသွားတာနဲ့ ရေကန်စပ်က ပြန်ခွာသည်။ သီရိမာတို့ ငါးလေးတွေလည်း ရေကန်ထဲမှာ လွတ်လပ်ပျော်ရွှင်စွာ ဆော့ကစားနေတာကို သူငယ်ချင်းတွေကြည့်ရင်း သုတတို့ကိုလည်း ထိုသို့ လွတ်လပ်ပျော်နေချင်စိတ် တဖွားဖွား ဖြစ်လို့နေသည်။

နှစ်စဉ်နှစ်တိုင်း နှစ်ဆန်းတစ်ရက်ဆို သူမတို့သူငယ်ချင်းငါး ယောက် အတူတူ ငါးလွှတ်နေကျ။ ဒီနှစ်တော့ သုတမပါ။



www.burmeseclassic.com

"ခုနေခါ ညို ဘယ်လိုနေမလဲ၊ သူဇာ သတင်းမေးသွားချင်တယ်ဟ"

"သွားလေ၊ တို့လည်း လိုက်မှာပေါ့"

သူငယ်ချင်းတွေ ညိုစရာမလို အားလုံးတက်ကြွနေသည်။ ငါးရောင်းတဲ့အဒေါ်ကြီးကို ရေဖလားတွေ ပြန်ပေးပြီး သူတို့အားလုံး ကားရပ်ထားတဲ့ဆီ လျှောက်လာကြသည်က အားကြိုးမာန်တက်။

သူတို့စိတ်ထဲမှာ သူငယ်ချင်းအတွက် စာနာတာပဲ သိသည်။ လူကြီးတွေရဲ့ဆန္ဒကို နားမလည်။ ဘယ်လည်းမလဲ၊ လူငယ်နဲ့လူကြီး။

အရွယ်ချင်းမတူသလို အမြင်ချင်းလည်း မတူဘူးလေ။ ဟုတ်တယ် မဟုတ်လား။

✿ ✿ ✿



## အခန်း (၁၃)

အောက်နှုတ်ခမ်းဖူးဖူးလေးကို အပေါ်သွားနဲ့ ဖိကိုက်လျှင် ညို အောက်နှုတ်ခမ်းလေး လှုပ်ခါသွားမတတ် ဖြစ်လေသည်။

ရင်ထဲက ခံပြင်းမှုတွေပါ လိုက်တက်ကာ မျက်နက်ဝန်း စိမ်းမှောင်လျက် အခဲမကျေစိတ်တွေ တဖွဖွ ရုန်းထနေပေပြီ။

စိုးစိုးသုတ –

ရှင်ဟာ ညို့အပေါ် ဘာကြောင့် အမုန်းပွားနေရတာလဲ။

ပြောစမ်းပါလေ။ ရှင့်ရဲ့ အခဲမကျေမှုက ညို့ကိုသာမက မာမီနဲ့အန်ကယ်တို့အထိ အဆင့်တက်လာတာ ညို တကယ်အံ့သြတယ်။ သိလား။



www.burmeseclassic.com

"စိုးတို့မိသားစုက လူမှုရေးအဆင့်အတန်းကို တန်ဖိုးထားတယ်၊ စိုးမောင်လေးနဲ့ ညို့လို မိန်းကလေးကို တန်းတူတန်ဖိုးထားဖို့ သိပ်ခဲယဉ်းမိတယ်ရှင့်၊ ရှင်တို့သမီး ရဲရဲတင်းတင်း မြှူဆွယ်တာကို ရှင်တို့ ဆုံးမပေးပါ၊ ဆုံးမမပေးနိုင်ရင်တောင် ကျွန်မမောင်ကို လာမမြှူစေနဲ့၊ ရှင်တို့သမီးကို ရှင်တို့ တာဝန်ယူကြစမ်းပါ၊ ပတ်ဝန်းကျင်သိသွားမှာစိုးလို့ ရှင်တို့ကိုလာပြောတာ၊ မအေပီပီ, ပထွေးပီပီ ရှင်တို့သမီးကို ရှင်တို့ဆုံးမကြ၊ ဒါပဲ"

အန်ကယ်နဲ့မာမီကို ထိုသို့ပြောပြီး အနိုင်ပိုင်းလှည့်ထွက်သွားတဲ့ စိုးစိုးသုတ။ ဒေါ်သီဂီရွှေစင် ဝုန်းခနဲထကာ –

"ဟေ့ စိုးစိုးသုတ နေဦးစမ်း"

လို့ ဟန့်တား၏။ အန်ကယ်က လူအများပတ်ဝန်းကျင်မှာမို့ မာမို့ကို ဆွဲထားကာ အတင်းပဲ နေရာမှ ပြန်ထိုင်စေသည်။

"သီဂီရယ်"

"ယူ မကြားဘူးလား၊ ဟိုမိန်းမ ပြောသွားတာ၊ သီဂို့ကို ရှင်နဲ့ ဘာနဲ့ ရင့်ရင့်သီးသီးပြောဆိုရုံမက အသည်းနာအောင် ပြောချတာလေ"

"ကိုယ် ကြားပါတယ်ကွာ၊ ကိုယ်လည်း မနာလို့ မဟုတ်ပါဘူး၊ နာပါတယ်၊ သီဂို့သမီးက ကိုယ့်သမီးပဲ သီဂီရယ်၊ နာတာပေါ့"

မာမီ အံကြိတ်ကာ ပြန်ထိုင်ချသည်။ စားသောက်ဆိုင်ထဲမှာမို့ မာမီ စိတ်လျှော့လိုက်ဟန်တူသည်။ ပြီးတော့ အန်ကယ်နဲ့မာမီတို့ဝိုင်းမှာ





ညှော်သည်တွေလည်း ရှိနေတယ်လေ။ ညှော်သည်တွေလည်း မျက်လုံးအပြူးသားနဲ့ တအံ့တသြ ဖြစ်ကုန်သည်။

ဘာဆိုတာ သိချင်တဲ့မျက်လုံးနဲ့ ဝိုင်းကြည့်လျက်။

မာမို့ခမျာ ညှော်သည်တွေကြားမှာ မချိမဆံ့ ခံစား၍ နောက်ဆုံးတော့ ညှော်သည်တွေကို ညှော်ခံကျွေးမွေးမနေတော့ဘဲ ထထွက်လာတဲ့အထိ ခံပြင်းသွားစေသည်။

အန်ကယ်ကပဲ ညှော်သည်တွေကို စကားလမ်းကြောင်းပြောင်းပြောကာ အဆုံးအထိ ညှော်ခံပြီးမှ မာမို့နောက် လိုက်ခဲ့ရတဲ့အထိ။

အဲဒီနောက်မှာ မာမီ ညို့ကို ပြောချေသည်။

"သမီး၊ သမီးတို့ကို လွတ်လပ်ခွင့်အပြည့်ပေးတာ သူများ စော်ကားမော်ကားပြောသမျှ ငြိမ်ခံရစေဖို့မဟုတ်ဘူး၊ ခုတော့ ကြည့်စမ်း၊ မာမီတို့ တစ်မိသားစုလုံးကို အရှက်ခွဲသွားတာ၊ နေပါဦး၊ စိုးစိုးသုတ မောင်က ဘာမို့လဲ၊ သမီးက သူများအောက်ခြေဖဝါးအောက် ရောက်တဲ့အထိ သိက္ခာမဲ့ပြနေလို့လားဟင်၊ ပြောစမ်း"

ညို့ အံကြိတ်ကာ တစ်ဖက်လှည့်နေလိုက်သည်။ ပြန်ပြောပြန်လည်း စကားကြောရှည်ဦးမယ်။ မာမို့ကို ဒီထက် ဒေါသမထွက်စေချင်တာလည်း ပါသည်။ ဒါကြောင့်မို့ နှုတ်ဆိတ်နေလိုက်ခြင်း။

"ဖြေလေ ညနေညို၊ မာမို့ကို ပြောစမ်းပါ၊ သမီးဖေဖေလို အံ့ပုန်းတစ်လစ်နဲ့ မာမို့ကို မနှိပ်စက်ပါနဲ့၊ ပြောစမ်းပါ၊ မာမီမေးတာ



www.burmeseclassic.com

ဖြေစမ်းပါ ညနေညိုရယ်၊ ဟင့် ဟင့် ဟင့်''

ညို့လက်မောင်းကို လှုပ်ခါရင်း မာမီ ဒေါသတကြီး ပြောဏ်။ ပြောပြီးတဲ့နောက်မှာ ရှိုက်ကြီးတငင်ငိုချသည်။

ထိုအခါ ညို့မျက်ဝန်းမှာလည်း မျက်ရည်တို့ အိုင်ကာ လျှံကျလာသည်က ထိန်းထားလို့မရစွာ။

မာမီပြောတဲ့စကားထဲမှာ ညို့ဖေဖေလိုတဲ့။

ညို့ဖေဖေနဲ့ပတ်သက်ပြီး ညိုကြားဖူးတာ ဒါ ပထမဆုံးအကြိမ်ပါ။ ညို့ဖေဖေနာမည်နေရာမှာ ဦးတင့်ရှိန်ဆိုတာက လွဲပြီး ညို ဘာမှ သိခွင့်မရခဲ့ပါ။ ခုမှ ကြားရပြန်သည်။

မျက်ရည်တွေကြားမှ မာမီကိုငဲ့ကြည့်တော့ –

''ပြောလေ သမီး''

''ညို ဘာပြောရမှာလဲကွယ်''

''သိဂီ''

ကြားထဲက အန်ကယ်မနေသာ။ မာမီ့ကို ညို့နားကဆွဲခေါ်သွားပြီး ဆိုဖာမှာ အတင်းထိုင်စေသည်။ အန်ကယ့်အနေနဲ့ ညို့ဖေဖေအကြောင်း မာမီ့နှုတ်က ထွက်လာတာကို ဘယ်ကြည်ဖြူနိုင်မလဲ။ ညို ရိပ်မိပါသည်။ နောက်ပြီး အန်ကယ်က ဝေဒနာတွေနဲ့ သောကပွားနေတာမျိုး မနှစ်သက်သူ၊ မာမီ့ကို စိတ်ကျေနပ်အောင် တယုတယထားတဲ့ ခင်ပွန်းလေ။





မာမီ့မျက်ရည်တွေကို တယုတယ သုတ်ပေးရင်း လေပြေလေးနဲ့ ချော့မော့ပြောရှာသည်။

''သိဂီရယ် ပြဿနာတစ်ခုဖြစ်လာတိုင်း အတိတ်ကို ပြန်မဆွပါနဲ့၊ ဖြစ်ခဲ့ပြီးတဲ့ကိစ္စ ဘာလုပ်လို့ရမှာလဲ၊ သမီးညိုရဲ့မေမေက သိဂီကို ဘယ်လိုပဲဆက်ဆံခဲ့ပါစေ ဒါတွေဟာ ကြာခဲ့ပြီ၊ အခုလက်ရှိ သိဂီ့သမီးက ကိုယ့်သမီးပဲ၊ သူများ ဒီလိုလာပြောတာကို သိဂီနဲ့ထပ်တူ ကိုယ်ခံစားရတယ်၊ အခု သိဂီ ဘာဖြစ်ချင်လဲ၊ ဖြစ်ချင်တာပြောလိုက်၊ ဒါမှမဟုတ် ကိုယ်ပြောရမလား''

ညို မျက်ရည်တွေသုတ်ကာ အန်ကယ်နဲ့မာမီရှေ့က ထွက်ခဲ့ဖို့ ခြေလှမ်းပြင်သည်။

မာမီ့ကိုလည်း ဘာမှမပြောစေချင်ပါ။ ဒါပေမဲ့ မာမီက –

''နေဦး သမီးညို''

လို့ ဟန့်တားသည်။ ညို ခြေလှမ်းလေး တန့်သွားလျှင် –

''နေဦး၊ ကိုယ်ပဲပြောမယ်''

မာမီ့အသံက ထိခိုက်ကြေကွဲကာ ဆို့နင့်နေမှန်း ညိုသိသည်။

အန်ကယ်ကလည်း သိတာမို့ မာမီ့နောက်မှ လှမ်းပြောသည်။ ညို အရေးမစိုက်တဲ့ ထွက်သွားလို့မသင့်ဟု နားလည်လေသည်။ ဘာဖြစ်လို့လဲဆိုတော့ အန်ကယ်က ပထွေးဆိုပေမယ့် ညို့အပေါ် အဖေရင်းလိုပဲ စောင့်ရှောက်တတ်တဲ့ကျေးဇူး ရှိနေတယ်မဟုတ်လား။



www.burmeseclassic.com

ညှိုရပ်နေလိုက်တော့ အန်ကယ် ဆက်ပြော၏။

"ဒီမှာသမီး ခုချိန်မှာ သမီးဟာ ဒယ်ဒီ့သမီးပဲ၊ ဒယ်ဒီနဲ့ သမီး မာမိရဲ့ အိမ်ထောင်ရေးဟာ ခြောက်ပစ်ကင်းသဲလဲစင် မဟုတ်ဘူး၊ အတိတ်မှာ အပြစ်အနာအဆာတွေ ရှိခဲ့တယ်၊ ဒါပေမဲ့ ခုချိန်မှာ ဒယ်ဒီတို့ အိမ်ထောင်ရေးတည်မြဲအောင် ဆောက်တည်ပြီးနေလာတာ၊ သမီးနှစ်ယောက် စိတ်ချမ်းချမ်းမြေ့မြေ့ နေနိုင်ထိုင်နိုင်ဖို့ နံပါတ်တစ် ဦးစားပေးခဲ့တာ သမီးတို့အသိပဲ၊ လူငယ်တွေရဲ့ကိုယ်ရေးကိုယ်တာကို ဒယ်ဒီတို့ မစွက်ဖက်တာလည်း အဲဒါကြောင့်ပဲ၊ သမီး တစ်ခုသိရမှာက မိဘတိုင်း ဒယ်ဒီတို့လို မဟုတ်ဘူး၊ သားသမီးရဲ့လွတ်လပ်ခွင့်ကို စွက်ဖက်လေ့ရှိတယ်၊ အဲဒီအထဲမှာ ခေတ်သုတမိဘနဲ့ အစ်မက အဆိုးဆုံးလို့ ဒယ်ဒီထင်တယ်"

"ညှို နားလည်ပါတယ် အန်ကယ်"

"အဲဒီအတွက် ဒယ်ဒီ ကျေးဇူးတင်တယ်သမီး၊ ဒါပေမဲ့ သမီးရယ် မိဘနဲ့အစ်မ အဲသလောက် စွက်ဖက်နေမှတော့ သမီးနဲ့ ခေတ်သုတ အတွက် ရှေ့ဆက် ဘယ်လိုမှ အလားအလာမကောင်းနိုင်ဘူး၊ ဒယ်ဒီ ဒီလိုပြောလို့ သမီးတို့ခံစားချက်ကို အလေးမထားဘူးလို့ မထင်လိုက်နဲ့နော်"

"ညှို သိတယ် အန်ကယ်၊ ဒါပေမဲ့ စိုးစိုးသုတ သိမ်းကြုံးပုတ်ခတ်ပြောရုံမက အန်ကယ်နဲ့မာမိကို လူလယ်ကောင်မှာ အရှက်ရအောင် ပြောတာတော့ ညှို မခံချင်ဘူး၊ အဲဒီအတွက် ညှို့ကို နားလည်ပေးပါ အန်ကယ်၊ မာမို့လည်း ညှို ကတိပေးတယ်၊ မာမိ စိတ်ဆင်းရဲအောင်





ညှို ဘာမှမလုပ်ဘူး"

ညှို ပြောလိုက်မှ အန်ကယ်နဲ့မာမိ မျက်နှာကြည်လင်လာသည်။

"သမီးကို မာမိယုံပါတယ်ကွယ်၊ သမီးနဲ့ပတ်သက်ရင် မာမို့ ရင်ထဲမှာ မခံစားနိုင်ဘူး၊ မာမို့သမီးကို ဒီလိုပြောရင် မာမိလည်း ပြန်ပြောလိုက်ရမှ၊ အခု ပြောခွင့်မရတော့ မာမို့ရင်ထဲ မီးတောင်တစ်လုံး ဝင်နေသလို ခံစားရတယ်၊ တကယ်တမ်း ခေတ်သုတ ရွှေထွက်နေရင်တောင် မာမို့သမီး မမက်ပါနဲ့၊ နော် သမီး'

မာမိ ထိခိုက်ကြေကွဲစွာ တတွတ်တွတ် ပြောရှာသည်။

ဟုတ်တယ်။ အဲဒီအတွက် ညှို့ရင်ထဲမှာလည်း မီးတောင်တစ်လုံး ဝင်နေသလို ခံစားရတယ်လေ။ ဒါတွေကို မာမိနဲ့အန်ကယ်သိအောင် ထုတ်ပြောမနေတော့။

ရင်ထဲမှာ ကျိတ်မြိုထားရတာ ခုချိန်မှာ ဝုန်းခနဲပေါက်ကွဲမတတ်ရယ်။ တွေးလိုက်တိုင်း အသည်းနှလုံးထဲက တဝုန်းဝုန်း ဆူပွက်လျက်။

ဒင်းတို့ကိုလည်း ဒီလိုခံစားစေရမည်။ ညှို ထိုသို့အမိဋ္ဌာန်ထားကာ၊ ခင်သာ့ဆီ ဆိုက်ဆိုက်သွားခဲ့သည်။

"သုတကို သွားပြောပေးစမ်းပါ၊ ညှို သိပ်တွေ့ချင်တယ်လို့"

"ဘာလုပ်ဖို့လဲဟင်"

ခင်ခင်သာ သိလိုစိတ်ကလေးနဲ့ မေးရှာသည်။

"မမစိုးပြောသွားတာတွေ ညှို မကျေနပ်ဘူး၊ အဲဒါတွေ သုတ



www.burmeseclassic.com

သိအောင် ပြောချင်တယ်၊ ခင်သာ သွားပြောပေးနော်၊ ညို တွေ့ချင်တယ်၊ အင်ကြင်းနီဆိုင်မှာ ညို စောင့်နေမယ်''

''စိတ်ချ၊ ခင်သာပြောပေးမယ်၊ ဘယ်အချိန်လဲ''

''ဒီညနေ ခုနစ်နာရီ''

''အေးပါ၊ ခင်သာ ခုချက်ချင်းသွားပြောပေးမယ်၊ စိတ်ချ သူငယ်ချင်းရယ်၊ ခင်သာလည်း မမစိုးပြောပုံကို လုံးဝမကြိုက်ဘူး၊ သုတလည်း ခင်သာတို့လိုပဲနေမှာ၊ စိတ်ချ၊ သုတလည်း ညိုနဲ့တွေ့ချင်နေတာလေ၊ ညို ချိန်းတယ်ဆိုရင် သုတမဖြစ်မနေ လာတွေ့မယ်၊ စိတ်ချလက်ချ စောင့်နေနော် သူငယ်ချင်း''

ခင်သာ အားတက်သရောပြောကာ သုတနဲ့ အချိန်းအချက်လုပ်လေသည်။ ညိုက အင်ကြင်းနီမှာ အစောကြီးကတည်းက ကြိုတင်စောင့်နှင့်သည်။

ခုနစ်နာရီထိုးခဲ့သည်ထိ သုတမရောက်သေး။ သုတ မရောက်လေ ညို့စိတ်ထဲက မီးတောင်ကြီး ပို၍ဆူပွက်လေ။ မမစိုးကို မြင်ယောင်ရင်း အံကြိတ်လေနှင့်။

ညိုမရောက်ခင်ကတည်းက ကြိုရောက်နေတဲ့ ဘက်ကီက ညို့စားပွဲပေါ် အချိုရည်နဲ့ အသားကင်တွေ ယူလာပေးသည်။

''ဘီယာသောက်ဦးမလား''

ဘက်ကီမေးတော့ ညို ခေါင်းခါလိုက်သည်။ ဘက်ကီက သူ့





ဘော်ဒါတွေရှိတဲ့ဝိုင်းကို ပြန်သွားလျှင် ညို့လည်တိုင်လေး ရှည်ထွက်တော့မတတ် မျှော်နေရတာ ညောင်းလှပြီ။

အသားကင်မစားတော့ဘဲ အချိုရည်ပဲ ဖိသောက်၏။ ဒီအချိုရည်က ဘာအမျိုးအစားပါလိမ့်။ ချိုချွဲချွဲနဲ့။ သောက်ပြီးမကြာခင် မူးရီရီဖြစ်လို့လာသည်။ ဒါတင်မက တစ်ခုခုကို တင်းကျပ်အောင် တွယ်ဖက်ထားချင်သလိုလို၊ ယစ်မူးပျော်ဝင်စွာ တစ်ခုခုကို ခံစားချင်သလိုလိုနှင့် စိတ်အာရုံပါ တလွင့်လွင့် တလူးလူး ဖြစ်လို့လာသည်။

ထိုအခါ ညို့ရင်ထဲမှာ တောင့်တောင့်တတလေး ဖြစ်ရှာသည်က သုတ။ အမြန်လာပါ သုတရယ်လို့ အသံထွက်ခေါ်မိသည်အထိ။

နောက်ဆုံး ညိုသိတာက ညို့ခေါင်းလေး ညိုထောင်မတ်မထားတော့။ စားပွဲပေါ် ခေါင်းလေးချလျှင် အချိုရည်ခွက်လေး လဲကျရှာသည်။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၁၄)

"မောင်လေးသုတ"

မာန်ပါနေသော မမစိုးခေါ်သံ။ ဟန့်တားမှုတွေ ပါဝင်နေမှန်း သိသာနေသည်။ ထိုအသံကြောင့် သုတခြေလှမ်း ပေါ်တီကိုအောက် ဆင်းလုလုမှာ ရပ်တံ့သွား၏။

ဒါပေမဲ့ နောက်လှည့်မကြည့်ပါ။ လိုက်လာတဲ့ မမစိုးခြေသံ၊ သုတနဲ့ တစ်လှမ်းချင်းနီးကပ်လာမှန်းသိသည်။

"ဘယ်သွားဖို့လဲ"

သံသယမကင်းဟန်နဲ့ မမမေးသည်။ သုတ ချက်ချင်းမဖြေ။ ဖြေဖို့တော့ ပါးစပ်ကိုပြင်ထားမိသည်။ ချက်ချင်းမဖြေတော့ မမစိုး မကျေ





နပ်ပေ။ အနားမှာလာရပ်ပြီး –

"ပြောလေ၊ ဘယ်သွားဖို့လဲ၊ မမစိုးမေးနေတယ်လေ"

"ညို့ဆီသွားဖို့"

"ဘာ"

မမစိုးအသံက မိုးခြိမ်းသံနှယ်။ သုတ မညာချင်။ ညာဖို့လည်း စိတ်မကူး။ ဖြစ်ချင်ရာဖြစ်စေတော့ အမှန်အတိုင်းပြောချကာ ပေါ်တီကို အောက် ခြေလှမ်းချလေသည်။

"သုတ မင်း မင်း အရွဲ့တိုက်နေတာလားဟင်"

စိုးစိုးသုတ ဒေါသနဲ့ အသံတွေ တုန်အက်သွားသည်။ သုတ နောက် ခြေလှမ်းခလုတ်တိုက်မိမတတ် လိုက်ဆင်းကာမေး၏။

သုတ မမကို မကြည့်။ ရပ်ထားတဲ့ကားတံခါးကို ဆွဲဖွင့်ရင်း--

"မမစိုး ထင်ချင်သလို ထင်ဗျာ၊ လောလောဆယ် ညို့ဆီ သွားပါရစေ"

"မသွားရဘူး၊ လုံးဝ သွားစရာမလိုဘူး သုတ၊ လာခဲ့စမ်း"

ကားတံခါးဖွင့်ပြီး ကားထဲဝင်ထိုင်မလိုဖြစ်နေတဲ့ သုတကို စိုးစိုး သုတ လက်မောင်းကနေ ဆွဲထား၏။

"မမ ကျွန်တော့်စိတ်နဲ့ကျွန်တော် ဆုံးဖြတ်ခွင့်ပေးစမ်းပါဗျာ"

"အောင်မယ်လေး၊ မင်းကို ဆုံးဖြတ်ခွင့်ပေးရမယ်၊ ဟုတ်လား၊ ဘုရားရေ၊ မင်း ဘယ်တုန်းက ဆုံးဖြတ်ခွင့်ရခဲ့လို့လဲ၊ ပြောစမ်း သုတ၊



www.burmeseclassic.com

မင်းကိစ္စကို ဖေဖေနဲ့မေမေ ဆုံးဖြတ်ပြီးသား၊ မင်း ဘာမှ ဆုံးဖြတ်ခွင့်မရှိဘူး၊ ခုချက်ချင်း ကားပေါ်ကဆင်း''

ပြောရင်း အတင်းဆွဲထုတ်နေတဲ့ မမစိုး။ ခေတ်သုတ အံကြိတ်ကာ မမစိုးလက်တွေကို လက်မောင်းမှ ဖြုတ်ချနိုင်ဖို့ ကြိုးစားသည်။

''ဆင်းလေ၊ ဘာပေကတ်နေတာလဲ၊ မရဘူး သုတ၊ မင်းဟာ ဒီအိမ်မှာ အငယ်ဆုံး၊ အငယ်တစ်ယောက်ရဲ့ ဆုံးဖြတ်ခွင့်က ဘာကောင်းကျိုးမှမရှိဘူး၊ မင်းလုပ်နေတာတွေ သူများတံတွေးခွက်ထဲ မျောဖို့ချည်းပဲ''

မာန်မာနတွေနောက်မှာ ဒေါသတွေပါလာတဲ့ မမစိုး။ အတင်းဆွဲနေတာကို သုတ အားနဲ့ဖယ်ရှားဖို့ ကြိုးစားချင်သည်။ ဒါပေမဲ့ အကြီးနဲ့အငယ်ဆိုတဲ့စိတ်က ရှိနေတော့ တွန်းဖယ်ရုန်းကန်နေရင် အစ်မလုပ်သူကို အလေးမထားရာရောက်မယ်။ ဆွဲခေါ်တားမြစ်တဲ့အတိုင်း ငြိမ်ခံနေရင်လည်း ညိုနဲ့ ဝေးရလိမ့်မယ်။

သုတ ဘာဆက်လုပ်ရမလဲ၊ ရင်ထဲမှာ သိတာတစ်ခုပဲရှိတယ်။ အဲဒါက ညိုနဲ့တွေ့ဖို့။ ညို စောင့်နေတဲ့ဆီ အရောက်သွားဖို့ပဲ။

''နေပါဦး မမရယ်၊ မမတို့ ဒီလို ခါးသီးနေတိုင်း ကျွန်တော့်ဘက်က ငြိမ်နေမယ်ထင်လား''

''အောင်မာ၊ မင်းက ငြိမ်မနေနိုင်ဘူး ဟုတ်လား၊ ဟိုဟာမဘာတွေနဲ့ မြှူထားလဲမှမသိတာ၊ ဟုတ်တယ်မဟုတ်လား''

''ကျွတ်၊ မမ မရိုင်းနဲ့နော်''





ကားပေါ်တက်ခွင့်မသာတဲ့ သုတ၊ မမဆွဲထုတ်လို့ အပြင်ရောက်တဲ့အခါ မမလက်ကို အားနဲ့ဖယ်ချရင်း ခပ်တင်းတင်းပြောချလိုက်သည်။

စိုးစိုးသုတ ပါးစပ်အဟောင်းသားနဲ့ သုတကို ပြူးကြည့်ရင်း–

''ဘယ် ဘယ်လို၊ မရိုင်းနဲ့ ဟုတ်လား၊ မမက ရိုင်းနေတာလား၊ ဟိုဟာမက မြှူနေတာလား၊ မင်း ခုထိ ခွဲခွဲခြားခြားမသိဘူးလား သုတရယ်၊ မင်းကြောင့် ဖေဖေနဲ့မေမေ ဘယ်လောက်သောကရောက်နေတယ်ထင်လဲ၊ မိဘစိတ်သောကကို နားမလည်ဘဲ ဟိုမိန်းမနဲ့ သွားတွေ့ဦးမတဲ့ မင်းမို့လို့ကွယ်''

စိုးစိုးသုတ လက်တစ်ဖက် ခါးထောက်ကာ ကျန်လက်တစ်ဖက်က လက်ညှိုးတထိုးထိုးနဲ့ ဆိုချေသည်။

သုတ ဆံပင်တွေကို နောက်ပြန်ဖွပစ်ရင်း မမနဲ့ ရင်ဆိုင်ရပ်ပစ်လိုက်ပြီး –

''ဒီမှာ မမ၊ ညို့ကို မမ ဘာဖြစ်လို့ ဦးဦးဖျားဖျား ချိုးဖဲ့ပြောတာလဲ၊ သူတစ်ပါးကို အဲလို ချိုးဖဲ့ပြောတာ လူမှုရေးအဆင့်အတန်း မြင့်တာလား မမရယ်၊ ဖြေစမ်းပါ မမ၊ ညိုတင်မက ညို့မိခင်နှင့် ပထွေးကိုပါ လူကြားသူကြား အရှက်သွားခွဲတာ အဲဒါ တရားလား၊ ပြောစမ်းပါဗျာ''

''ဘုရားရေ''

စိုးစိုးသုတ္တာ မောင်ဖြစ်သူကို မျက်နှာစိမ်းကြီးနဲ့ ပြူးကြည့်မိ၏။ ပြန်မေးနေတာ သူ့မောင်လေးမှ ဟုတ်လေစ။



www.burmeseclassic.com

"မမကို သူများ ဒီလိုအစအဉီး ချိုးဖွဲ့ပြောလာရင် မမ ဘယ်လို နေမလဲ၊ ကိုယ်ချင်းစာကြည့်စမ်းပါဗျာ၊ လောကမှာ အဖြူချည်း မရှိပါဘူး၊ အမည်းလည်း ရှိမယ်၊ အညိုလည်း ရှိမယ်၊ အနီ အစိမ်းလည်း ရှိနေမှာပဲ၊ ဒါပေမဲ့ အရောင်တိုင်းမှာ သူ့ဂုဏ်နဲ့သူ၊ သူ့အရည်အချင်းနဲ့သူ ရှိတယ်၊ အဖြူကမှ သန့်စင်တယ်ဆိုပြီး၊ ကျန်တဲ့အရောင်ကို မသန့်စင်ဘူးဆိုပြီး အပြစ်ကြီးတစ်ခုလို ဆွဲကိုင် လက်ညှိုးထိုးနေမယ်ဆိုရင် တစ်ဖက်သား အပေါ်မှာ လူညွန့်ချိုးရာ ရောက်နေလိမ့်မယ် မမ၊ မမသာ ညီ့နဲ့ ညီ့မိဘကို ဒီလိုတွေ မပြောမဆိုခဲ့ရင် ကျွန်တော် ငြိမ်ငြိမ်လေးထိုင်နေလို့ ရတယ်၊ ခုဟာ ကျွန်တော် ဘယ်လိုမှ ငြိမ်ထိုင်နေလို့ မရဘူး၊ ညီ့အပေါ် မဖွပ်စွဲတာတွေ၊ ရင့်သီးတာတွေ၊ အရှက်ခွဲတာတွေ အားလုံးအတွက် ပြေရာပြေကြောင်းဖြစ်အောင် ကျွန်တော် ပြောဆိုရမှာပဲ၊ အဲဒီအတွက် ကျွန်တော့်မှာ အပြစ်ရှိတယ်ဆိုရင် ကြိုက်တဲ့အပြစ်ပေး၊ ဖေဖေလာရင် ထိုးနိုင်းရုံမက သတ်ပဲသတ်နိုင်း၊ ကျွန်တော်ခံမယ်၊ ခုလောလောဆယ် ကျွန်တော် ညီ့ဆီသွားမှဖြစ်မယ်၊ ညီ စောင့်နေတယ် မမရယ်၊ ညီ့ကို ကျွန်တော်သွားတွေ့မယ်၊ အဲဒါ ကျွန်တော့်ဆန္ဒ၊ တစ်နည်းပြောရရင် မမခင်းပေးတဲ့လမ်းပဲ"

"ဘုရားရေ"

စိုးစိုးသုတ ရေရွတ်လိုက်တာ အသံပင်မထွက်နိုင်တော့ပါ။ ဝေါခနဲ ပြောချသွားတဲ့နောက်မှာ သူမကို ဖယ်ရှားပြီး ကားပေါ်တက်သွား





တဲ့ ခေတ်သုတ။ ချက်ချင်းဆိုသလို ကားကို ဂူးခနဲ မောင်းထွက်ကာ သူမခများ ကားနောက်ပြေးလိုက်ရနိုးနိုး၊ အော်ဟစ်တားမြစ်ရနိုးနိုးနဲ့ ဗျာများပြီး ယောက်ယက်ခတ်ဖြစ်သွားသည်။

"မောင် မောင်လေး"

သူမအသံက သူမအနားမှာ ပြတ်တောင်းကျန်ရစ်ကာ မောင်လေးက ကားကို အရှိန်နဲ့ မောင်းထွက်သွားတဲ့အဖြစ်။

စိုးစိုးသုတ ဒေါသဖြစ်ကာ မျက်ရည်တွေ တသောသော ခြွေချလေသည်။

"တောက်"

ဘာလုပ်လို့လုပ်ရမှန်း မသိတော့ပါ။ တောက်တခေါက်ခေါက်နဲ့ ခါးပေါ် လက်ထောက်လိုက်၊ လက်ထောက်ဖြုတ်၊ ကိုယ်ကို တောင့်မတ်ကာ လမ်းလျှောက်လိုက်နဲ့ တကယ်ကို ပြင်းထန်လို့သွားသည်။

ဇနီးသည်အဖြစ်ကို ပြတင်းပေါက်က အသာရပ်ကြည့်နေတဲ့ ခိုင်ခန့်။ မျက်ခုံးလေးပင့်လိုက်သည်က ဘာမှမတတ်နိုင်ဗွာ။

သူမ မွေးတဲ့မိန်းခုတော့ အတော်လောင်နေပြီ မဟုတ်လား။ ဒီမီးကို ငြိမ်းသတ်ဖို့ လွယ်မတဲ့လား။ မလွယ်ဘူးလို့ ခိုင်ခန့်ထင်သည်။ ဒါလည်း အကြောင်းမဲ့ မဟုတ်ပါ။

ယောက်ျားတစ်ယောက်ရဲ့စိတ်ဆိုတာ ဖိအားတွေများလာလေ အုံကြွလာလေ မဟုတ်လား။



www.burmeseclassic.com

ဖအေလုပ်သူ ထိုးကြိတ်ဆုံးမတာကိုလည်း မမှု၊ ဖအေလုပ်သူ ချော့မော့ဖျောင်းဖျတာလည်း မရ၊ အစ်မဖြစ်သူ ပွဲကြမ်းတော့လည်း ဒင်းက ပိုပြီးကြမ်းပြသွားသည်။

ခုတော့ အခြေအနေက ပိုဆိုးတဲ့ဆီ။

"ကိုခန့်၊ မောင်လေးနောက် အမြန်လိုက်စမ်းပါ"

စိုးစိုးသုတ ကြုံးအော်လေသည်။ ခိုင်ခန့်မမှုသလို ပခုံးလေးပင့်ကာ မျက်နှာလေးလွှဲပြီး ပြတင်းပေါက်မှ ခွာလေသည်။ ပြီးတော့ မွေ့ရာပေါ် ကျောလှဲကာ အိပ်ပျော်ချင်ဟန်ဆောင်နေဖို့သာ အားခဲလိုက်၏။

ဘယ်သူရှို့တဲ့မီး ဘယ်သူငြိမ်းပေါ့ စိုးရယ်။

ဟုတ်တယ် မဟုတ်လား။

✿ ✿ ✿



## အခန်း (၁၅)

ညဦးက ရောင်စုံမီးရောင်ပေွခွဲနှင့်မို့ ပိုလှနေသည်။ ခရမ်းရောင် မီးပွင့်လေးများ ရစ်ခွေပုံဖော်ထားတဲ့ စာလုံးလေးက 'အင်ကြင်းနီ' စားဥယျာဉ်။

ညို့ ချိန်းထားတာ ဒီဆိုင်ပေါ့။

သုတ ချက်ချင်း မှတ်မိသွားသည်။ ဒီဆိုင်မှာ အရင်က ညို့ ခဏ ခဏ ထိုင်နေကျ။

ဘီယာနဲ့ အသားကင် အမျိုးအစားစုံလင်စွာ တွဲရောင်းသည့် ဆိုင်လေး။

သုတတို့နဲ့ ခင်မင်ပြီးနောက်ပိုင်း ညို့ ဒီဆိုင်လေးဆီ ခြေဦးမလှည့်



www.burmeseclassic.com

တော့တာ သုတသိသည်။

ညှိုက ဟော့ဟော့ရမ်းရမ်းနေကာ အပျော်ကြိုက်တဲ့ မိန်းကလေးမျိုးဖြစ်သည်။ ဒါပေမဲ့ ခင်သာနဲ့ပေါင်းပြီးနောက်ပိုင်း ပုံစံပြောင်းလာသည်။

ရိုးအေးလှတဲ့ ခင်သာတို့နဲ့ အဖွဲ့ကျကာ ဟော့ရမ်းရမ်းနိုင်သော ဘက်ကီတို့အုပ်စုနဲ့ အတွဲဖျက်လိုက်သည်။ ညှို့ရဲ့အချိန်အားလုံးဟာ သုတကို သူငယ်ချင်းတွေကြားမှာပဲ ကုန်လွန်စေခဲ့သည်။

သူငယ်ချင်းအားလုံးထဲမှာ သုတကို ညှို အရိပ်တကြည့်ကြည့် ရှိလှ၏။ ဒါ့ပြင် ညှိုဟာ သုတပြောဆိုသမျှကို နားထောင်ရှာတဲ့ ခင်မင်စရာ မိန်းကလေးဆိုလည်း မမှား။

တစ်ခါ ညှိုပြောဖူးသည်။

ခရစ်စမတ်အထိမ်းအမှတ်အဖြစ် သုတတို့အဖွဲ့ကို ညှို ဘီယာအဝတိုက်မယ်တဲ့။

သုတတို့သူငယ်ချင်းအားလုံးက ဗုဒ္ဓဘာသာတွေချည်းသာ။ ညှိုကလည်း ခရစ်ယာန်မဟုတ်။ အမြဲတမ်း အကြောင်းရှာပြီး အထိမ်းအမှတ်ပွဲလုပ်နေတာ ညှိုတို့လို ခပ်ပျော်ပျော်နေတတ်တဲ့သူတွေရဲ့ သဘာဝ။

ညှို ထိုသို့ပြောတော့ သုတတို့အုပ်စု တအံ့တသြ ဝိုင်းကြည့်ကြသည်။

"ဘာ ဘီယာတိုက်မယ်"





"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့ တစ်ခါမှ ဘီယာမသောက်ဖူးဘူး၊ သောက်လည်း မသောက်တတ်ဘူး"

သုတပြောလိုက်တော့ ညှို မျက်လုံးလေးဝိုင်းသွားသည်။ တအံ့တသြနဲ့ အတန်ကြာ စိုက်ကြည့်လျက် –

"ဘယ် ဘယ်လို၊ ဘီယာမသောက်ဖူးဘူး၊ မသောက်တတ်ဘူး ဟုတ်လား"

ညှို မယုံသလို မေးသည်။ ညှိုတို့က ကလေးဘဝကတည်းက ဘီယာမြည်းဖူးကာ ဆယ်ကျော်သက်ဖြစ်လာတဲ့နောက်ပိုင်း ပါတီတက်တိုင်း သောက်နေကျဖြစ်သည်။ သုတပတို့က မသောက်ဖူးဘူး၊ မသောက်တတ်ဘူးပြောတော့ မအံ့သြဘဲ မနေနိုင်။

အံ့သြလွန်းသလို၊ မယုံတာလည်း ပါတာမို့ မေးလိုက်ခြင်း။

သုတက အလေးအနက်ဆိုသည်။

"ကျွန်တော်တို့အသိုင်းအဝိုင်းမှာ တစ်ခါမှ ဘီယာပွဲခံတာမျိုး မရှိဘူး၊ မိဘတွေကိုယ်တိုင် မသောက်ရဘူး တားထားတာလေ၊ ကျွန်တော်တို့လည်း စူးစမ်းပြီး မသောက်ဖူးဘူး"

"အလိုလေး"

ညှို ရင်ဘတ်လေးဖိလျက် ယုံလိုက်ရတဲ့အဖြစ်။

"ညှို အံ့သြသွားလား"



www.burmeseclassic.com

''အေး အံ့ဩတာပေါ့၊ ညီ့တို့အသိုင်းအဝိုင်းထဲမှာ ဘီယာ မသောက်တတ်ရင် တစ်ဂုဏ်ငယ်ရတယ်ဟ၊ ဒါကြောင့် ညီသောက်တာ၊ ဒါနဲ့ သုတ ညီ့ကို အထင်သေးသွားလားဟင်၊ ညီက သုတတို့နဲ့ အယူအဆချင်း မတူတော့လေ''

''မတူရင် တူအောင်ညှိလို့ရပါတယ် ညီရယ်''

''ဘယ်လိုညှိမှာလဲ''

''ညီ ဘီယာမသောက်နဲ့တော့၊ အဲဒီတော့ ကျွန်တော်တို့အုပ်စုနဲ့ အယူအဆတူပြီး သဘောထားညီသွားမှာပေါ့''

ညီ စဉ်းစားဟန်လေးနဲ့ တစ်ချက် ငေးခနဲ ဖြစ်၏။ နောက်မှ အတွေးပေါက်ကာ မျက်ဝန်းလုံးလေး တောက်ရွှန်းလျက် –

''ဟုတ်တယ် ဟုတ်တယ်၊ ညီ မသောက်တော့ဘူး၊ အဲဒါဆို ညီပြီနော်''

''အင်း''

သုတတို့သူငယ်ချင်းအားလုံး သဘောတကျ ခေါင်းညိတ်လက်ခံလိုက်သည်။ ခင်သာကတော့ –

''သုတ စည်းရုံးရေး သိပ်ကောင်းတာပဲ''

လို့ ချီးကျူးသေးသည်။

''ညီကိုယ်တိုင် သူတို့အသိုင်းအဝိုင်းရဲ့ အကျင့်အတိုင်း နေချင်စိတ် မရှိတော့လို့ နေမှာပါ၊ ဒါကြောင့် ကျွန်တော်ပြောတာနဲ့ စဉ်းစားပြီး





အဖြေပေးတာလေ၊ ဘာပဲဖြစ်ဖြစ် မိန်းကလေးဆိုတာ မိန်းကလေးပီသလေ ကောင်းလေပဲ၊ ဘီယာမသောက်ဘဲ အချိုရည်သောက်လို့ရတယ်၊ လက်ဖက်ရည်သောက်ပြီးလည်း နေလို့ရတာပဲ၊ မဟုတ်ဘူးလား''

''ဒါဆို လက်ဖက်ရည်တိုက်မယ်ဟာ နော်၊ လက်ဖက်ရည်ဆိုင်ကောင်းကောင်း ဘယ်မှာရှိလဲ၊ သုတ ခေါ်သွားပေး''

ညီက အဲလိုလေးပါ။ ပြောစကားဆို စကားနားထောင်ရှာတဲ့ မိန်းကလေး။ သုတကိုယ်တိုင်လည်း ညီ့ကို ခင်သာတို့လို ယဉ်ကျေးသိမ်မွေ့စေချင်သည်။ သုတ စည်းရုံးရင် ညီ အလိုက်သင့်ပါလာတာလေးကို သဘောကျသည်။

ညီက ထိုကတည်းကစပြီး ဘီယာ မသောက်တော့ပေ။

ထို့နောက် ညီ့ကို သုတတို့တစ်ဖွဲ့လုံး ပိုပြီး ခင်မင်ရင်းနှီးသွားခဲ့သည်။ ဘီယာဆိုင်ထိုင်နေကျ မိန်းကလေးက သုတတို့နဲ့အတူ လက်ဖက်ရည်ဆိုင် ပြောင်းထိုင်လာတာ ညီ့ရဲ့ ပထမဦးဆုံး ချစ်စရာကောင်းတဲ့ ပြောင်းလဲမှုပါ။

ညီ့မှာ ဇီဇကောင်းလေးတွေ ရှိတတ်လို့ သုတ လက်ခံထားတာ။ အသိုင်းအဝိုင်းချင်း မတူတာပေမယ့် တဖြည်းဖြည်း သုတ စည်းရုံးတဲ့အတိုင်းပါလာလေ ညီ့ကို သုတ ပို၍စုံမက်လေ။

သူငယ်ချင်းတွေတောင် သုတကိုမေးသေးသည်။

''ညီ့အပေါ် သုတ ရိုးရဲ့လားတဲ့''



www.burmeseclassic.com

"နေဦးကွ၊ ဘာရည်ရွယ်ပြီး မေးတာလဲ ညီဖော်"

"ညို့ကို ပုံသွင်းနေတာဆိုတော့ မင်းစိတ်ထဲ ခံစားချက် တစ်ခုခုရှိနေတယ် ထင်လို့ကွ"

ညီဖော်ပြောခါမှ သုတ မျက်ခုံးလေးကြွတက်မတတ် ဖြစ်ကာ သုတ စိတ်နှလုံးကို သုတပြန်ဆန်းစစ်မိသည်။

ခံစားချက်တဲ့။

ခံစားချက်ဆိုတာ ဘယ်ဆီက လာတာလဲ။ မျက်ဝန်းကလား၊ ရင်ခုန်သံကလား၊ ဒါမှမဟုတ် ခန္ဓာကိုယ်ပေါ်ကလား။

ထိုသို့ တွေးမိတော့လည်း ပေါ်လာသလိုလို။

ဟုတ်မယ်။

ခံစားချက်ဆိုတာ မရှိဘဲ ညို့ကို သုတ ပုံသွင်းယူနေမှာမို့ စိတ်ဝင်စားမှာ မဟုတ်ဘူး။

ခံစားချက်တို့ ရှိနှင့်သည်။

သုတလက်ပေါ်က မွေးညင်းရှည်လေးတွေကို ညို ဆွဲကစားတုန်းက သုတရင်မှာ ကြည်နူးကာ ရင်ခုန်ခံစားမှုတို့ ရှန်းရှန်းကြွလျက်။

ဒါတင်မက

ညို့မျက်နှာလေးကို စိုက်ကြည့်မိတိုင်း သုတရင်မှာ တထိတ်ထိတ်ခုန်သည်လေ။

မျက်နှာဝိုင်းပြည့်ပြည့်လေးနဲ့ စကားပြောလိုက်တိုင်း ပါးမို့မို့





နှစ်ဖက်မှာ ပါးချိုင့်ရာလေးခွက်ဝင်သွားတာကအစ ကြည့်လို့ကောင်းနေသည်။

မျက်နှာအစိတ်အပိုင်းအသီးသီး ကာလာခြယ်တတ်ပေမယ့် မျက်ခုံးတန်းနှစ်သွယ်ကို ရိုတ်သင်ပုံဖော်မထား။ ထူခဲကာ အဖျားရှူးသွားတဲ့ မျက်ခုံးက နဂိုအတိုင်းရယ်။

ထိုမျက်ခုံးနှစ်ဖက်နဲ့ ပါးချိုင့်နှစ်ဖက်ကို သုတ စိတ်အဝင်စားဆုံးဖြစ်သည်။

'ညို'

လို့ သုတခေါ်လိုက်လျှင် –

'ဟင်'

လို့ နှုတ်ခမ်းလေးချွန်ကာ မျက်ခုံးနက်ကြီး ပင့်ကြွထူးလိုက်ဟန်ကအစ သုတရင်ကို ဖိုစေခဲ့ သည်။

နောက်ပြီး ညို မရှက်တမ်း တောင်းဆိုဖူးသည်။

"ညို့ကို ဘုရားရှိခိုး သင်ပေးပါလား" တဲ့။

"ကြည့်စမ်း။ ဒီအရွယ်ထိ ရောက်ပြီး ဘုရားရှိခိုးတောင် မတတ်ဘူးလား ညိုရယ်"

"မာမီတို့က စေ့စေ့ပေါက်ပေါက် သင်မထားဘူး သုတရဲ့၊ ဘုရားမြင်တော့ လက်အုပ်ချီပြီး ဦးသုံးကြိမ်ချလိုက်ရင် ပြီးပြီလို့ ထင်နေတာ၊ သုတတို့ရှိခိုးသလို ရှိခိုးမတတ်လို့ သင်ပေးနော် နော်"



www.burmeseclassic.com

သုတလက်မောင်းလေးကို ဆုပ်ကိုင်ကာ ပခုံးပေါ် ခေါင်းလေးငဲ့တင်ရင်း ပူဆာတဲ့ ညို့ကို သုတ လျစ်လျူရှုမထားရက်တော့။

ဘုရားရှိခိုးနည်း၊ ပုတီးစိပ်နည်း သေချာသင်ပေးရုံမက ဗုဒ္ဓဝင်၊ မဟာဝင်ထဲက ဘုရားဖြစ်တော်စဉ်တွေပါမကျန် ပြောပြတော့ ညို ကြည်ညိုစိတ်ကလေး တဖွားဖွားပေါ်လာတဲ့အထိ။

လက်အုပ်ကလေးချီကာ မျက်လွှာလေးစင်းချ၍။ သုတ သင်ပေးတဲ့ ဘုရားရှိခိုးဂါထာကို အာရုံစိုက် ရွတ်နေရှာတဲ့ ညို့မျက်နှာလေးက ပန်းကလေးလို လန်းဆန်းစေလျက်။ ထိုမျက်နှာလေးကို သုတ တကယ် ငေးမဝပေ။

နောက်ပြီး ယဉ်ကျေးသိမ်မွေ့အောင်၊ ဘာသာတရားကို ကြည်ညိုတတ်အောင် သုတသင်ပေးသမျှ အလေးထားလိုက်နာတဲ့ ညို့စိတ်နှလုံးသားကို သုတ မစွဲလမ်းဘဲ နေမတဲ့လား။

အဲဒီ စွဲလမ်းစိတ်က ကြာလေ အမြစ်စွဲလေ။

အထူးသဖြင့် နှစ်ယောက်သားဆိုတဲ့အသိနောက်မှာ သုတတို့ရင်ခုန်သံတွေ လွတ်ထွက်သွားတဲ့ ထိုနေ့။

မေ့နိုင်မတဲ့လား။

ညိုဟာ စံပယ်ပွင့်ကလေးများလို သူ့နှလုံးသားမှာ ဖြူနေသူ။ စံပယ်ရနံ့လို သူ့အာရုံမှာ မွှေးမြကြိုင်သင်းနေသူ။

လွတ်လပ်စွာ ရင်ခုန်ခွင့်ရသွားတဲ့နောက်မှာ မြတ်နိုးသော





အနမ်းတွေ ညို့ကိုပေးရင်း သုတနဲ့ချစ်သူတွေ ဖြစ်ခဲ့တယ်လေ။

ချစ်ကြပြီဆိုမှတော့ နှလုံးသားက အတားအဆီးခံနိုင်မတဲ့လား။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၁၆)

ညို ချိန်းထားတဲ့ဆိုင်ကို သုတရောက်ချိန်မှာ ည ရှစ်နာရီ ကျော်စပြုနေပြီ။ မမနဲ့စကားများနေရင်း အချိန်တွေ ကုန်ခဲ့တာ ရင်မော ရသည်။

ဆိုင်ထဲဝင်ဝင်ချင်း ညို့ကို ရှာကြည့်၏။

ညို ဘယ်နေရာမှာ ထိုင်နေမလဲ။

ညိုက လူရှင်းတဲ့ ထောင့်ဝိုင်းမျိုးမှာ ထိုင်တတ်တာ သတိထား မိသည်။

ထောင့်ဘက်မှာ စားပွဲတစ်လုံးလွတ်နေတာနဲ့ သုတ ဝင်ထိုင်ရင်း ဆိုင်အတွင်းဘက်မှာ ညိုရှိမလား ချောင်းကြည့်သည်။





သို့သော် မမြင်။

ဝိတ်တာလေးလာတော့ သုတ အအေးပဲမှာကာ ထိုင်နေရတာ ဂနာမငြိမ်။ တွဲလောင်းချထားတဲ့ ခြေထောက်က တစ်ခုခုနဲ့ ထိနေသလို ခေါင်းငုံ့ကြည့်လိုက်တော့ ပခုံးလွယ်အိတ်။

ကျွန်းကွက်ပုံဖော်ထားတဲ့ သုံးခေါက်ချိုးပုံစံ အိတ်ရှည်။ ပခုံးမှာ လွယ်တဲ့ ကြိုးပြားလေးပါရုံမက အိတ်အဖုံးပေါ်မှာ ကာတွန်းရုပ်ကလေး ပါတဲ့ ထိုအိတ်။

သုတ ဖျတ်ခနဲ အသိဝင်သွား၏။

ဒီအိတ်က ညို့အိတ်ပဲ။

ညီဖော့်မွေးနေ့အတွက် အမှတ်တရပစ္စည်းလိုက်ဝယ်ကြတုန်းက ညို သဘောကျကာ ဝယ်လိုက်တဲ့ အိတ်လှလှလေး။

သူ့ကိုတောင် မေးသေးတယ်။

"ဒီအိတ်လေး ညိုလွယ်ရင် လှလားဟင်"

တဲ့။ ပခုံးမှာ လွယ်ပြရင်း မေးရှာတဲ့ ညိုရယ်။ ညိုနဲ့လိုက် ဖက်တာမို့ 'လှတယ်' လို့ ထောက်ခံလိုက်သည်နှင့် ဖျတ်ဆို ဝယ်လိုက်တာ လေ။

ညီဖော်ကတောင် ပြောသေးတယ်။

"မွေးနေ့အတွက် လက်ဆောင်ပစ္စည်းက ငါ့အတွက် ဝယ်မယ် ပြောပြီး ညိုပဲ ညို့အတွက်ဝယ်နေတာ မမိုက်ဘူးဟာ၊ မွေးနေ့ရှင် ဒီလ်



www.burmeseclassic.com

အောက်တယ်ဟာ''

ညီဖော်အတွက် အရင်မဝယ်ဘဲ ညီျကြိုက်တဲ့အိတ်လေး ညီျ အရင်ဝယ်လိုက်လို့ ညီဖော် စိတ်ဆိုးဟန်လေးနဲ့ ပြောခြင်း။ ညီဖော် ပြောဟန်က မိန်းမလျာပုံ ကန့်ကလျဖြစ်နေတာမို့ သုတတို့အားလုံး ဝိုင်းရယ်ကြသေးတယ်။

ဒီအိတ်လေးက မှတ်မှတ်ရရမို့ သုတ အံ့ဩလို့မဆုံး။ ခြေဖျားနဲ့ တိုက်နေတဲ့ ထိုအိတ်ကို ကောက်ယူပြီး ညီျ့အိတ် ဘယ်လိုလုပ် ဒီရောက် နေတာလဲ။

သေချာအောင်ဖွင့်ကြည့်တော့ ပိုသေချာနေသည်။

အတွင်းအိတ်ထဲမှာ သုတတို့အုပ်စု ကျောက်တန်းရေလယ် ဘုရား သွားဖူးကြတုန်းက ရိုက်ထားတဲ့ အမှတ်တရပုံလေး။ အတွင်း အိတ်ထဲမှာ ရှိနေသည်မဟုတ်လား။

ဒါဆို ညီျလာတယ်။ သုတနောက်ကျနေလို့ စိတ်ဆိုးပြီး ပြန်သွား တဲ့ သဘောလား။ ပြန်သွားရင် ဒီအိတ်လေး ယူသွားရမှာပေါ့။

စားပွဲအောက်ကျနေတာ အကြောင်းမဲ့မဖြစ်နိုင်။

ဘာကြောင့်ပါလိမ့်။

ညီျ့အိတ်လေး ကိုင်ထားရင်း သုတရင်မှာ အတွေးများကာ စဉ်းစားမရအောင် ဖြစ်လို့နေသည်။

ထိုစဉ် ဝိတ်တာလေး အအေးခွက်ယူပေးပြီး စားပွဲပေါ်လာချ၏။





သုတ တွေဝေမနေတော့ပါ။ ဝိတ်တာလေးကို ညီျ့ပုံစံပြောပြပြီး မေးကြည့် သည်။

ဝိတ်တာလေး စဉ်းစားဟန်နဲ့ ခဏငြိမ်သွားသည်။ ပြီးမှ သတိ ရဟန်နှင့် ဖြေသည်။

''ဟုတ်တယ်၊ မျက်နှာဝိုင်းလေးနဲ့ မဟုတ်လား၊ ပါးချိုင့်နှစ်ဖက် နဲ့လေ''

''သေချာတယ်၊ အဲဒါ ညီျပေါ့''

ထိုအခါ ဝိတ်တာလူရွယ် အံ့ဩကာ သုတကို ဖြန့်ကြည့်သည်။ ထိုမိန်းကလေး ခံပြင်းစိတ်နဲ့ တစ်ယောက်ယောက်ကို စောင့်နေမှန်းတော့ သိသာသည်။ ဘယ်သူ့ကိုစောင့်နေမှန်းတော့ သူမသိပါ။

ဒါပေမဲ့ ထိုမိန်းကလေးထက် ဦးစွာ ဆိုင်ကိုရောက်နေတဲ့ လူ ရွယ်က ထိုမိန်းကလေးကို ပျာပျာသလဲဖိတ်ခေါ်ပြီး ဒီနေရာမှာ ထိုင်စေ သည်။ ပြီးတော့ ထိုလူရွယ် ကြိုတင်မှာထားတဲ့ အအေးနဲ့အသားကင် တွေကို သူမရှေ့ ထိုလူရွယ်ကိုယ်တိုင် ပို့ပေး၏။

ဝိတ်တာစိတ်ထင် သူတို့ချင်း စိတ်ကောက်နေတာထင်သည်။ ပြီးတော့ ထိုမိန်းကလေး စားပွဲပေါ် ခေါင်းလေးချကာ ငြိမ်သက်သွား သည် မဟုတ်လား။

အဲဒီ ထိုလူရွယ်က ညီျ့ကိုကူတွဲပြီး ကားပေါ်တင်ခေါ်သွားသ တဲ့။



www.burmeseclassic.com

"ဟင်"

ဝိတ်တာလူရွယ် သတိထားမိသရွေ့ ပြောသည်က သုတ ခေါင်းနားပန်းကြီးသွားစေသည်။

ထိုလူရွယ်က ဘယ်လိုပုံစံလဲ။

"ပိန်ပိန်သွယ်သွယ်ပဲ၊ ဆံပင်ပွပွနဲ့၊ ဆံပင်အပေါ်တစ်ထပ်ကို နောက်ဘက်ပင့်ပြီး သားရေကွင်းနဲ့ ခေါက်ပြန်ချည်ထားတဲ့ ဟဲစတိုင်လ်နဲ့"

"ဟာ အဲဒါ ဘက်ကီပေါ့"

သုတ ဝုန်းခနဲ ထရပ်လိုက်ကာ ညို့အတွက် ရင်မှာ မီးလောင်လို့သွားသည်။

ဘက်ကီ။ ဒီငနဲက ညို့ကို တွယ်နေတဲ့ကောင်။ ညို ဘေးပယ်ထားလို့ မကြည်လင်ဖြစ်နေတာ ကြာပြီ။

သုတနဲ့ ကြုံရင်လည်း ဘုကြည့်ကြည့်ကြည့်လေ့ ရှိသည်။ သဘောက သုတကြောင့် ဘက်ကီကို ညို ရှောင်နေတာဆိုတဲ့ အဃံတိတ်စွပ်စွဲပုံမျိုးနဲ့ ကြည့်ခြင်းရယ်။

"တောက် ဘက်ကီ"

သုတ ဘယ်လိုမှ စိတ်ကိုတင်းထားလို့ မရတော့ပါ။ အအေးပိုက်ဆံကို ဝိတ်တာလက်ထဲ ထိုးထည့်၏။ ညို့အိတ်လေးကို ဆွဲပြီး ဒရောသောပါးနဲ့ ဆိုင်ထဲက ပြေးထွက်ခဲ့ရသည်။





"ညို ညို ဘယ်မှာလဲ"

နှလုံးသားမှာ အထောင်အသောင်းမကသော မေးခွန်းတွေ ပေါ်ထွက်လျက်။

✿



www.burmeseclassic.com

"ဟုတ်ရဲ့လား သုတ၊ မင်း စိုးရိမ်လွန်နေလို့ ဖြစ်မယ်"

"မလွန်ဘူးကွ၊ ဘက်ကီမှ ဘက်ကီပဲ၊ ညို့ကို ဘယ်အကြံ ဘယ်လိုခေါ်သွားလဲ မသိဘူး။ မင်း ခုချက်ချင်းလာခဲ့ ညီဇော်။ ဒီကောင် တွေ စတည်းချတဲ့ဆီ လိုက်သွားမယ်"

ဖုန်းထဲက တရစပ်ကြားနေရတဲ့ သုတအသံ။ ဘယ်လောက် တောင် ဆူပွက်နေလဲဆိုတာ ညီဇော် မခန့်မှန်းရဲတော့။ သေချာလာ။ ဒါကို တိတိကျကျသိချင်လို့ ညီဇော်ကိုယ်တိုင် ညိုတို့အိမ် ဖုန်းဆက် ကြည့်သည်။

"ညို ပြန်မရောက်သေးဘူး" တဲ့။

ဖျူးတာပေ



ညီဇော် ရင်မှာ သုတနည်းတူ တကယ်ပူလာသည်။ သုတ တစ်ထစ်ချပြောသလို ဘက်ကီလက်ထဲ ညိုရောက်နေပြီလား။

ဖွဟဲ့၊ လွဲပါစေ ပယ်ပါစေ။

အကြိမ်ကြိမ်ရေရွတ်ရင်း သုတဆီ ကားတရကြမ်းမောင်းခဲ့ရပြီ လေ။ ညလယ်ကတော့ ရောင်စုံမီးပွင့်မီးပန်းတွေကြားမှာ လှလို့နေဆဲ။

သုတရင်ထဲမှာတော့ –

✿ ✿ ✿

ဖျူးတာပေ

www.burmeseclassic.com

## အခန်း (၁၇)

ညဥ့်ရနံ့က သင်းသင်းလေးမွှေးသလို ညီုခံစားရသည်က ထူးခြားသည်။ ဒါတင်မက ညီု့ကိုယ်လေးက ဖဲမွေ့ရာပေါ်မှာ အိစက်လျက်။

ညီု မျက်လွှာလေး ဖွင့်ကြည့်မိသည်။ ဘာမှ မမြင်။ နက်မှောင်မှောင်ညက တိတ်ဆိတ်ခြင်းတို့အလယ် ငြိမ်သက်နေတဲ့အဖြစ်။ ညီု့ကျောပြင်က ညီု့မွေ့ရာပေါ်မှာ မဟုတ်မှန်း ယောင်ဝါးဝါးသိနှင့်သလို။ ဒါဆို ညီု ဘယ်ရောက်နေတာလဲ။ ကိုယ့်ကိုယ်ကိုယ်မေးမိပြန်သည်။

ထို့နောက် ညီု ညာလက်တစ်ဖက်ကို ဆန့်လိုက်လျှင် –

"ဟင်"

ခန္ဓာကိုယ်တစ်ခုနဲ့ ထိမိသည်။ ထိမိတဲ့ကိုယ်ကို ညီု လက်ချောင်း





လေးတွေနဲ့ ဖွဖွစမ်းကြည့်တော့ ဆံပင်ကို ထိမိကာ ထိုဆံပင်ကို ညီု့လက်နဲ့ ဖွဖွဆွဲကြည့်မိသည်။ ညီု့လက်အတွေ့က ချောမွတ်နေသော ဆံပင်တိုလေးမဟုတ်၊ ပွပွနဲ့ရှည်သောဆံပင်။ ချက်ချင်းဆိုသလို ဂျယ်နံ့ ထောင်းခနဲရတဲ့အခါ ညီု့ရင်မှာ ထိတ်ခနဲ ဖြစ်သွားသည်။

ဘုရားရေ။

ဂျယ်နံ့သင်းကာ ရှည်ရှည်ပွပွဆံပင်မျိုးပိုင်ဆိုင်တာ ညီု့အပေါင်းအသင်းထဲမှာ တစ်ယောက်တည်းရှိတယ်။ အဲဒါ ဘက်ကီလေ။

ဘက်ကီဆိုတဲ့အသိနဲ့ ညီု စမ်းပြီးကိုင်ထားမိတဲ့ ထိုဆံပင်ကို ဖျတ်ခနဲ လွှတ်ချလိုက်သည်။

ဘုရား ဘုရား၊ ဘာတွေဖြစ်ကုန်ပြီလဲ။

ညီုသိတာ သုတ။ သုတကို ညီု မျှော်နေတာ။ သုတကို ညီု ချိန်းတာလေ။ သုတရောက်လာရင် သုတရင်ခွင်ထဲ ခေါင်းချပြီး ငိုချပစ်မယ်။ မမစိုး ဘာတွေပြောလဲသိလား ဆိုပြီးတော့ပေါ့။

ခုတော့ ဘယ့်နှယ်ကာဘယ်လို သုတနဲ့တွေ့ရတာလဲ။ ပြန်စဉ်းစားလိုက်တော့ အဖြေက ဒက်ခနဲပေါ်သည်။

"ဟင့်အင်း၊ မတွေ့ရသေးဘူး"

သုတကိုစောင့်နေတုန်း ညီု ခေါင်းမထောင်နိုင်ဖြစ်သွားတယ်လေ။ စားပွဲပေါ် ညီု့ခေါင်းလေးကျသွားတာကို ညီု နောက်ဆုံးမှတ်မိလိုက်သည်။ နောက်ထပ် ဘာတွေ ဆက်ဖြစ်သလဲ။



www.burmeseclassic.com

ညို သိလိုလှစွာ။

ဖဲမွေ့ရာပေါ်မှ ဝုန်းခနဲ ထမလိုပြုလျှင်–

"ညို"

ခေါ်သံတိုးရှရှလေးနှင့်အတူ ညို့ခါးကို သိုင်းဖက်လာတဲ့ လက်တစ်ဖက်။ ပြီးတော့ ညို့ကိုယ်နဲ့လည်း ကိုယ်ချင်းထိကပ်လာအောင် အိပ်လျက် ရွေ့လာတဲ့ဘက်ကီ။

ညို လန့်ဖျပ်သွားပြီး –

"ဘက် ဘက်ကီ၊ နင် နင် ဘာလုပ်တာလဲ ဟင်"

"ညို့ကိုချစ်လို့ကွာ"

"ဘာပြောတယ်၊ ဘက်ကီ နင်"

ညို ထိတ်လန့်တကြားပြောရင်း ရုန်းထသည်။ အမှောင်ထဲမှာမို့ ညို ဘာမှမမြင်။ ရှေ့ကပ်လာတဲ့ ဘက်ကီကိုယ်ကို အားနဲ့တွန်းဖယ်၏။

ဘက်ကီ မဖယ်။ မဖယ်တာထက် ပိုပြီး တိုးကပ်လာသည်။ ညို့ကိုယ်လေးကိုလည်း သူ့လက်မောင်းကြား ခွဲထည့်ကာ ချုပ်နှောင်သလို ပြုံးပြပြီး –

"ညိုရယ် ငါ့ကို လေစိမ်းမတိုက်ပါနဲ့၊ ညို့ကို ငါက ချစ်နေတာ ငယ်ငယ်ကတည်းက ညိုသိသားနဲ့"

"ဘာ ဘာမှမသိဘူး ဘက်ကီ၊ နင်မယုတ်မာနဲ့၊ ဖယ်"

"ယုတ်မာတာမှ မဟုတ်တာ ညိုရယ်၊ ညို့ကို ငါ ချစ်တာ၊





ချစ်လွန်းလို့ ငါ စောင့်စားခဲ့ရတဲ့အချိန်တွေ မနည်းတော့ဘူး၊ ရှေ့ဆက်ပြီးလည်း ချစ်မှာပဲ၊ ငါ့ရင်ခွင်ထဲမှာ ညိုပျော်ခဲ့တဲ့အချိန်တွေ ရှိခဲ့တယ်လေ၊ ညို မမေ့ပါဘူးနော်"

"ဘာရယ်၊ ဘာ နင့်ရင်ခွင်ထဲမှာ ညိုပျော်ခဲ့တဲ့အချိန်တွေ၊ ဟုတ်လား။ သွားစမ်းပါ၊ နင့်ကို ညို သူငယ်ချင်းလို တွဲခဲ့တာ၊ သိရဲ့လား၊ ဖယ်နော် ဘက်ကီ၊ ညို့ကို စော်ကားဖို့ မကြိုးစားနဲ့၊ ညို အသက်နဲ့လဲလိုက်မယ်၊ ဘာထင်လဲ"

ညို အားရှိသမျှ အော်ဟစ်ကာ ဘက်ကီရင်ခွင်ကျယ်ကို တွန်းဖယ်နိုင်ဖို့ ကြိုးစားမိသည်။ ဒါပေမဲ့ ဘက်ကီက အသာစီးရထားဟန်နဲ့ ညို တွန်းဖယ်သမျှကို ခုခံကာကွယ်ရင်း ညို့ကို ဖက်တွယ်ထားသည်က မံရခက်လှသည်။

"ဘက်ကီ နင့်ကို ညိုတောင်းပန်တယ်ဟာ နော်"

တွန်းဖယ်ကာ ရုန်းထဖို့ကြိုးစားလေ၊ ညို့ဘက်က အရေးမသာလေ။ ထိုအခါ ညို ဝမ်းနည်းလာသည်။ ဘက်ကီဆံပင်ကို ဆောင့်ဆွဲရင်း ကြေကွဲစွာ ပြောမိ၏။

ခေါ်သံနောက်မှာ ဘက်ကီ အသက်ရှူသံ မြန်လာလေ ညို ပို၍ ဝမ်းနည်းရလေ။ ထို့ပြင် ညို့ပါးပြင်နဲ့ ဘက်ကီပါး အတင်းကပ်ထားရင်း –

"ညိုကို ငါ မြတ်မြတ်နိုးနိုး ချစ်တာပါ ညိုရယ်"



www.burmeseclassic.com

"ဘာမြတ်နိုးတာလဲ၊ ဒါ မြတ်နိုးတဲ့ စိတ်နဲ့ မဟုတ်ဘူး၊ ညို့ကို ကြံစည်တာ၊ နင် ညို့ကို ကြံစည်လိုက်တာ၊ ဟင့် ဟင့် ဟင့်"

ဝမ်းနည်းစိတ်လေး မထိန်းနိုင်။ ညို ပြောရင်း ငိုမိလေသည်။

"ကြံစည်တယ်လို့ မစွပ်စွဲနဲ့ ညို၊ ညို့ကို ငါ အဆုံးရှုံးမခံနိုင်ဘူး၊ ညို ငါနဲ့ ဝေးဝေးနေလေ ငါကြေကွဲလေဟာ၊ အဲဒီ ကြေကွဲစိတ်နဲ့ ငါ ရူးသွပ်နေတာဟ"

"ရူးရုံမကလို့ သေသေ၊ ညိုနဲ့ ဘာဆိုင်လဲ၊ ညို့ကို အကြံကြီး ကြံပြီး ခေါ်လာတာ ညိုအမုန်းဆုံးပဲ ဘက်ကီ၊ ညို အိမ်ပြန်မယ်၊ ညို့ကို ခုချက်ချင်း ပို့ပေး၊ မပို့ပေးလည်း ညို့ဘာသာညို သွားမယ်"

"ညိုရယ် ညိုသွားချင်ရင် သွားလို့ရပါတယ်၊ ဒါပေမဲ့ ဒီညတော့ ညို ငါ့နားမှာပဲ နေရမယ်"

"ဟင့် ဟင့် မနေဘူး၊ ဟင့် ဟင့် ဟင့်"

ညို မိထားတဲ့ ဘက်ကီဆံပင်ကို အားနဲ့ဆောင့်ဆွဲလိုက်သည်။

"ညိုရယ်၊ ညို ကြိုက်သလိုလုပ်ပါ၊ ညို ငါ့ရင်ခွင်ထဲက သွားခွင့်မရှိဘူး၊ မယုံရင် စောင့်ကြည့်လိုက်လေ၊ ညို့ကို ငါ ဘာမှမလုပ်ပါဘူး"

ပြောရင်း ဖက်တွယ်ထားတဲ့ ညို့ကိုယ်လေးကို လျှော့ပေး၏။ ဘက်ကီဖြေလျှော့ပေးသည်နှင့် ညို ရုန်းထကာ အမှောင်ထဲမှာ ထွက်ပေါက်ကို ရှာနေမိသည်။ အမှောင်ထဲမှာ ညို့မျက်လုံးတွေက ပိုမှောင်ကာ-





"ဘက်ကီ မီးဖွင့်ပေးစမ်းပါဟာ"

ညို အားကိုးတကြီးပြောသလို လက်ကလည်း နံရံက မီးခလုတ်ကို လိုက်စမ်းသည်။ မီးခလုတ်မိတာနဲ့ ဖျတ်ခနဲ မီးဖွင့်ပြီး ဟောဒီ မွှေ့ရာပေါ်က ဝုန်းဆို ခုန်ချကာ လစ်ပြေးမယ်လို့ ညို အားခဲထားသည်။

ဘက်ကီက ဘာမှမပြော။ လဲလျောင်းနေတဲ့ ကိုယ်ကို မွေ့ရာပေါ် မှောက်ချကာ ငြိမ်သက်နေလိုက်သည်။

"ဘက်ကီ မီးဖွင့်လေ"

ဘက်ကီ့ကျောကို တဘုန်းဘုန်းထုရင်း ညို တောင်းဆိုပါသည်။ ဒါပေမဲ့ ဘက်ကီ တုတ်တုတ်မျှ မလှုပ်ပါ။

"ဆောရီးပဲ ညိုရယ်၊ နင် ငါ့ကို ကြိုက်သလိုလုပ်၊ ထုထု ရိုက်ရိုက်။ ငါ ခံမယ်၊ ဒါပေမဲ့"

"တော် တော် လူယုတ်မာ"

ညို အသံကုန်အော်ဟစ်ကာ ရမိရရာ ဘက်ကီ့လက်မောင်းကို အားကုန် ဖမ်းကိုက်လိုက်၏။

"အား"

အမှောင်ထဲမှာ ဘက်ကီ့နာကျင်သံ ပျံ့လွင့်လို့သွားသည်။

ဒါပေမဲ့ ညကတော့ မှောင်သထက် မှောင်နေဆဲလေ။

"ညို"

"မခေါ်နဲ့၊ ငါ့နာမည် ဘယ်တော့မှ မခေါ်နဲ့၊ ဟင့် ဟင့်"



www.burmeseclassic.com

ညို နာနာကြည်းကြည်း ရေရွတ်ရင်း ငိုချကာ နံရံထဲ ညို့ကိုယ်လေး နစ်မြုပ်မတတ် တိုးကပ်ရင်း အားကိုးတကြီးခေါ်လိုက်မိသည်။

"သုတ"

အဲဒီနာမည်က ဘက်ကီ့နှလုံးသားကို ပို၍ ကျစ်ခဲသွားစေပြီ။ ညိုရယ် သုတလို့ခေါ်မယ့်အစား ဘက်ကီလို့ ခေါ်လိုက်စမ်းပါကွာ။

ဘက်ကီသာ ညို့ဘဝကို အလင်းရောင်ပေးစွမ်းမယ့် စွမ်းအားရှင်ပါ။

"ဟင့် ဟင့် ဟင့် သုတ"

ရင်ခွင်အက်ကွဲမတတ် ငိုရှိုက်လိုက်တဲ့ ညို့ကြေကွဲသံနောက်မှာ ညဥ့်က ပို၍ ပို၍ နက်မှောင်လို့နေချေပြီ။

✿ ✿ ✿



## အခန်း (၁၈)

အရုဏ်ဦးအသစ် အစပျိုးလေပြီ။

ပြတင်းတံခါးဖွင့်လိုက်လျှင် လေပြည်နုလေးများက မင်္ဂလာပါလို့ နှုတ်ဆက်ပြီး တိုးဝင်လာသည့်နှယ် စိတ်နှလုံးကို အေးတမြမြ ခံစားရစေသည်။

ဒါပေမဲ့ ဒေါ်သိင်္ဂီရွှေဇာ၏ရင်မှာ အေးမြခြင်းအရသာ မခံစားနိုင်။ မီးခင်ပီပီ ရင်မှာပူပူလောင်ကာ။

သမီးလေး ဘယ်ဆီမှာလဲ၊ ဘယ်ရင်ခွင်မှာ ခိုနားနေသလဲ သိလိုစိတ်နဲ့ ဆူကာပွက်လို့နေပေသည်။

သူမသမီးလေး ကံဆိုးနေလား။ ကံကောင်းခြင်းတွေနဲ့ ကြုံဆုံ



www.burmeseclassic.com

နေမလား။ ဘာကိုမှ ရေရေရာရာ မသိသေးသရွေ့ မိခင်အနေနဲ့ အရှက်ဦးလို အေးမြလန်းဆန်းနေမှာမဟုတ်မှန်း ကိုယ်တိုင်သိနှင့်သည်။

"သိင်္ဂီရယ်၊ ဒီလောက်လည်း ပူပင်မနေပါနဲ့၊ အချိန်တန်ရင် အဖြေထွက်မှာပါကွာ"

"သိင်္ဂီစိုးရိမ်နေတာက တခြားပါကိုရယ်"

"တခြား၊ တခြားဆိုတာ ဘာလဲ"

"သမီးလေး ရွှေချင်စိတ်နဲ့ ခေတ်သုတနဲ့ဖြစ်သွားမှာကို စိုးရိမ်တာ ကိုရဲ့၊ ဒင်းတို့မိသားစုကို မျက်နှာပြောင်တိုက်ပြီးတော့လေ"

"သမီး အဲလောက် အတွေးတိမ်မှာ မဟုတ်ပါဘူးကွာ"

"ဘာပဲဖြစ်ဖြစ် သိင်္ဂီပူရတယ်ကွယ်"

ဦးချိန်ဘွား ကိုယ်ချင်းစာစိတ်နဲ့ မသိမသာ သက်မ,ချလျက် ပြတင်းပေါက်နား ရေကုန်ရေခန်းရပ်နေတဲ့ ဇနီးသည်နား ထသွားသည်။

တစ်ညလုံး ခုတင်ခြေရင်းမှာ ငုတ်တုတ်ထိုင်နေတဲ့ ချစ်ဇနီး။ သူကိုယ်တိုင်လည်း စိတ်ပူပန်မှုနဲ့ အိပ်လို့မပျော်နိုင်တဲ့အခြေ။

သူ့သမီး အစိမ်းသွေးအလှည့်တုန်းကလည်း လင်မယားနှစ်ယောက် ဒီလိုပဲ ခံစားရသည်မဟုတ်လား။

လူငယ်တွေကို လွတ်လပ်ခွင့်ပေးထားတာ အကောင်းအဆိုးကို ကိုယ်တိုင်ဆုံးဖြတ်တတ်စေဖို့။ အထူးသဖြင့် အဆိုးကိုဖယ် အကောင်းကို ဆုပ်ကိုင်နိုင်စေဖို့ပါ။





ဒါပေမဲ့ ငယ်ရွယ်သူတွေရဲ့စိတ်က ခက်သားလား။ ချုပ်ချယ်ထားရင်လည်း ထင်ရာစိုင်းတတ်သည်။ လွတ်လပ်ခွင့်ပေးထားပြန်တော့လည်း အကောင်းအဆိုးကို ရွေးချယ်ဖို့ထက် ဖြစ်ချင်တာကို ဖွတ်တိုးလုပ်ဖို့ သတ္တိတွေ ရှိနေပြန်သည်။

ဒီသမီးနှစ်ယောက်အတွက် တစ်မျိုးစီ စိတ်ညစ်ရတဲ့အဖြစ်။ အစိမ်းသွေးက ခြေငြိမ်နေတဲ့အချိန်မှာ ညနေညိုက ခေတ်သုတမိသားစုနဲ့ ယှဉ်ငြိကာ။

"နေဦး သိင်္ဂီ၊ ကို ဖုန်းဆက်ကြည့်မယ်"

"ဘယ်သူ့ကို ဆက်မှာလဲ၊ ခေတ်သုတကိုလား"

"မဟုတ်တာဘဲ သိင်္ဂီရယ်၊ ဘက်ကီကို ဆက်မှာပေါ့ကွ၊ ဘက်ကီနဲ့ဆို ကိုတို့ ရင်ပူရသက်သာမယ်လေ"

"ဟုတ်တယ် ကို၊ သိင်္ဂီလည်း ရင်ပူရသက်သာရမှာကိုပဲ တွေးချင်တာ၊ ဒါပေမဲ့ အဲလိုမတွေးလို့မရဘူး ဖြစ်နေတယ်လေ၊ သမီးက ခေတ်သုတနဲ့ အချိန်းအချက်လုပ်ပြီး ထွက်သွားတာမဟုတ်လား"

ဦးချိန်ဘွား လေးပင်စွာ ခေါင်းတစ်ချက်ဆတ်ရင်း ဇနီးသည် ပခုံးကို နှစ်သိမ့်ပေးသလို ပွေ့ဖက်၏။

သူတို့လင်မယားက ငယ်ငယ်ကတည်းက ပေါင်းလာတဲ့ ဇနီးမောင်နှံမျိုး မဟုတ်ပေမယ့် တစ်ယောက်နဲ့တစ်ယောက် ပေါင်းသင်းဆက်ဆံမှုမှာ လေးနက်ခိုင်မာမှုတွေ အပြည့်ရှိနှင့်သည်။ တစ်ယောက်ခံစား



www.burmeseclassic.com

ချက်ကို တစ်ယောက်ဝေမျှခံစားပေးနိုင်သလို ဖေးမကြင်နာမှုနဲ့လည်း နှစ်သိမ့်ပေးတတ်သည်ကလည်း ထပ်တူညီစွာ။

"ချိန်းထားပေမယ့်လည်း လွဲတတ်တယ်လေ၊ ဘက်ကီနဲ့လည်း ဖြစ်နိုင်တာပဲ၊ သေချာအောင် ရှိန်းဗညားကို ဖုန်းဆက်မေးလိုက်မယ်၊ ဟုတ်ပြီလား"

ဒေါ်သိင်္ဂီရွှေစင် မတတ်သာတဲ့အဆုံး ခင်ပွန်းအလိုကျ ခေါင်းညိတ်ရသည်။ ဦးချိန်ဘွား လက်ကိုင်ဖုန်းယူပြီး ဘက်ကီနဲ့တွဲဖော်တွဲဖက် ရှိန်းဗညား ဖုန်းနံပါတ်ကို နှိပ်ခေါ်ဆိုပေမယ့် မရ။ ဖုန်းက ဘက်ထရီ ဒေါင်းနေသည်။

ဒါနဲ့ အိပ်ခန်းထဲက ထွက်ခဲ့သည်။ ဒေါ်သိင်္ဂီရွှေစင်လည်း ခင်ပွန်းသည်နောက်က လိုက်ပါကာ။

ဧည့်ခန်းထဲ လှမ်းဝင်လျှင် ခြေလှမ်းက အလိုလို တန့်သွားသည်။ ဧည့်ခန်းရှိ ဖုန်းစင်နားမှာ အစိမ်းသွေးရောက်နေသည်။ ဖုန်းခွက်ကိုင်ထားတဲ့ အစိမ်းသွေးကို ဘွားခနဲမြင်လျှင် အံ့ဩကာ ခြေလှမ်းတန့်သွားခြင်း။

အစိမ်းသွေးလည်း သူတို့မိဘနှစ်ပါးလိုပဲ စိတ်ပူနေတယ်ထင်ရဲ့။ အင်းလေ၊ ရွယ်တူတွေကိုး၊ ချစ်ချစ်ခင်ခင်လည်း ရှိကြတာဆိုတော့ သွေးသားမတော်ပေမယ့်လည်း ပူရှာတာပဲလို့ မိဘနှစ်ဦးထင်သည်။

သို့သော် အထင်နဲ့အမြင် လွဲရသည်က –





"ဒယ်ဒီ ညို့ ညို့က ဘက်ကီနဲ့တဲ့"

"ဟင်"

ဦးချိန်ဘွားနဲ့ဒေါ်သိင်္ဂီရွှေစင် မျက်နှာလေး ကျေနပ်စွာ ဝင်းခနဲဖြစ်သွားပါသည်။ ထိုသို့ဖြစ်သည်က စက္ကန့်ပိုင်းမျှပင်မကြာ။

ဘက်ကီနဲ့လို့ပြောပြီးနောက် ဖုန်းခွက်ချကာ မျက်နှာပျက်ပျက်နဲ့ ဟီးခနဲ ငိုချ၏။ ချက်ချင်းပင် မိဘနှစ်ပါးရှေ့မှ ရှောင်ထွက်သွားတဲ့ အစိမ်းလေး။

မိဘနှစ်ပါး ပါးစပ်အပွင့်သားနဲ့ အစိမ်းသွေးကို မျက်တောင်မခတ်တမ်းစိုက်ကြည့်ရင်း ကျောက်ရုပ်လို ငြိမ်နေမိသည်။

ဘာဖြစ်လို့လဲ အစိမ်းလေးရယ်၊ ဦးချိန်ဘွားနဲ့ ဒေါ်သိင်္ဂီရွှေစင် ရင်ထဲမှာ မေးခွန်းတွေ ညံစီသွားသည်။ အစိမ်းသွေး ထိထိခိုက်ခိုက် ငိုရင်း အပေါ်ထပ်သို့ အပြေးကလေး တက်သွား၏။

"အစိမ်းလေး"

ဒေါ်သိင်္ဂီရွှေစင် ရင်မှာ တစ်ပူပေါ်နှစ်ပူဆင့်သလို ခံစားရကာ အစိမ်းလေးကိုခေါ်ရင်း နောက်က လိုက်သွားဖို့ ခြေလှမ်းပြင်သည်။

"သိင်္ဂီ"

ဦးချိန်ဘွား ခေါ်ရင်း ဒေါ်သိင်္ဂီလက်ကို ဆွဲထားလိုက်သည်။

"ဘာဖြစ်လို့လဲဟင်၊ အစိမ်းလေးအတွက် သိင်္ဂီ ရင်ပူရပြန်ပြီ ကိုရယ်၊ သိင်္ဂီ သွားမေးပါရစေနော်"



www.burmeseclassic.com

ဦးချိန်ဘွား မျက်လုံးစုံမှိတ်ကာ ခေါင်းတစ်ချက်ရမ်း၏။

"ကို"

ဒေါ်သိင်္ဂီ ထပ်ဆင့်ခေါ်သည်။ အစိမ်းလေးနောက် သူမ လိုက်သွားခွင့်ပေးပါလို့ တောင်းဆိုတဲ့သဘော။ ဦးချိန်ဘွား နှုတ်ခမ်းတင်းတင်းစေ့ထားလိုက်ပြီး ဖနီးသည့်လက်ကို ဆွဲကာ အိပ်ခန်းထဲ ဆွဲသွင်းပြီး တံခါးကို ဆောင့်ပိတ်လျက်။

"ကိုရယ်၊ ကို ဘာဖြစ်နေတာလဲ၊ ကို့သမီး တစ်ခုခုအတွက် ကြေကွဲနေတာလေ"

ဦးချိန်ဘွား ရှေ့ဆက်ပြောခွင့်မပေးတော့။ ဖနီးသည်ပါးစပ်ကို လက်ညှိုးနဲ့ တေ့ပိတ်လိုက်၏။ ဒေါ်သိင်္ဂီရွှေစင်မှာ ဘာကိုမှ နားမလည်နိုင် ရှာတော့ပါ။

မျက်လုံးပြူးပြူးဝိုင်းဝိုင်းနဲ့ ခင်ပွန်းသည်ကိုပဲ တအံ့တသြ မော့ကြည့်နေလျှင် -

"ဟုတ်တယ်၊ ကို့သမီး တစ်ခုခုအတွက် ကြေကွဲနေတယ်၊ ဘာကြောင့်လဲဆိုတာ ကို မမေးရက်ဘူး။ သမီးလည်း ပြောထွက်မှာ မဟုတ်ဘူး။ ကိုသိနေတယ်"

"ဘုရားရေ၊ ဘာတွေလဲကွယ်၊ ညှိုနဲ့ဘက်ကီ၊ ပြီးတော့ အစိမ်းလေး၊ သိင်္ဂီ ဘယ်လိုနားလည်ရမှာလဲ ကိုရယ်၊ ပြောစမ်းပါကွယ်၊ ဟင့် ဟင့်"





ဒေါ်သိင်္ဂီရွှေစင် ထိခိုက်တာကို ထိန်းမထားနိုင်တော့ပါ။ ခင်ပွန်းသည် ရင်ခွင်ကျယ်မှာ မျက်နှာမှောက်ချရင်း စိတ်မချမ်းမြေ့ဖွယ် ငိုချင်းချ၏။

ဦးချိန်ဘွားက ဖနီးကျောကို သိုင်းဖက်ကာ နှစ်သိမ့်ပေးရှာသာ ပြုနိုင်တော့သည်။

"ညှို ညှိုက ဘက်ကီနဲ့တဲ့"

ပြောပြီး ထိထိခိုက်ခိုက်ရှိုက်ငိုသွားတဲ့ အစိမ်းလေးရဲ့နှလုံးသားကို ဦးချိန်ဘွား ဖတ်မိသွားပြီမဟုတ်လား။

အစိမ်းလေးရယ် -

ဒယ်ဒီ့သမီး ကံဆိုးရှာတဲ့ အဖြစ်လားကွယ်။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၁၉)

"သုတကော မေမေ"

အပြင်ကပြန်ရောက်ရောက်ချင်း စိုးစိုးသုတ လှမ်းမေးသည်။ ဒေါ်နှင်းပုလဲ ခေါင်းလေးယမ်းရင်း –

"ခုထိ ပြန်မရောက်သေးဘူး သမီးရယ်"

"ဘယ်နေရာမှာ အနာကျနေပြီလဲမှ မသိတာ"

လက်ဆွဲအိတ်ကို စားပွဲပေါ်ပစ်တင်ရင်း စိုးစိုးသုတ ဒေါသနဲ့ ပြောသည်။ ဒေါ်နှင်းပုလဲ သမီးဖြစ်သူကို သိပ်မနှစ်မြို့ချင်တော့။ ပြောပုံ ပြောလက်က တဖြည်းဖြည်း ကြမ်းလာတယ် မဟုတ်လား။

"သမီးရယ် ကိုယ့်မောင်လေးကို ဒီလိုမပြောပါနဲ့"





"မပြောလို့ မရဘူး မေမေ၊ မေမေ့သား ဟိုမိန်းမအတွက် အရူးမီးဝိုင်းဖြစ်ပြီး လျှောက်ပြေးနေတာလေ၊ ခုချိန်ထိ ဘယ်သွားပြီး အနှံ့ခံနေလဲမှ မသိတာ၊ ဒီမှာ ရှာရတဲ့လူက ဖတ်ဖတ်မောတယ်၊ ညကတည်းက ပြန်မလာဘူး၊ ဟော ဒီနေ့တစ်နေ့လုံးလည်း ပျောက်နေတာ ဘာသဘောလဲ၊ မိဘ မောင်နှမ ဘယ်လောက်ပူပင်နေမယ်, ခေါင်းမီး တောက်နေမယ်ဆိုတာ မေမေ့သား နည်းနည်းမှမစဉ်းစားတာ သမီး အံ့သြတယ်"

စိုးစိုးသုတ ဒလဟော ပြောချသည်။ ဒေါ်နှင်းပုလဲ စိတ်ထိခိုက်ကာ မျက်နှာပျက်ကျသွားသည်။

သားပြန်မရောက်သေးလို့ မိဘအနေနဲ့ စိတ်ပူပန်ကာ ဟိုဒီမေးရ၊ အစ်မဖြစ်သူက ဟိုရှာရ ဒီရှာရနဲ့ ဖတ်ဖတ်မောနေတာတော့ သိသည်။

ဒါပေမဲ့ စကားလုံးတွေ ရင့်နေတာတော့ မိခင်အနေနဲ့ မခံချင်။

"သမီးရယ် မေမေတို့ကြားတဲ့အတိုင်း ဟုတ်တယ်မဟုတ်လား၊ ညနေညိုက ဘက်ကီဆိုတဲ့ကောင်လေးနဲ့လေ"

"အဲဒီလောက် သေချာနေတာတောင် မေမေ့သား ရောဂါပိုး မသေသေးဘူး၊ ဘက်ကီတို့ကို မတွေ့တွေ့အောင်ရှာနေသတဲ့လေ၊ ဟိုကောင်ညီဖော်၊ ဒင်းပါ အားပေးအားမြှောက်ပါသွားတယ်၊ ဘယ်လောက်တောင် မေမေ့သား မိုက်လုံးကြီးနေဦးမယ်ဆိုတာ သမီး မခန့်မှန်းတတ်



www.burmeseclassic.com

တော့ဘူး မေမေ၊ မေမေ့သား ဒီလိုသာ ရောဂါသည်းနေရင် သမီးတို့ သူများတံတွေးခွက်ထဲ လက်ပစ်ကူးရတော့မယ်၊ အဲဒါ ဘယ်လိုဆက်လုပ်ကြမလဲ မေမေ၊ စဉ်းစားဦး''

မအေလုပ်သူကိုပါ ရန်စောင်သလို ဒလဟောပြောနေတဲ့ သမီးကြီးအသံကို တဒိုင်းဒိုင်းကြားနေရတော့ ဦးအောင်သုတ စိတ်မသက်မသာ ဖြစ်ရသည်။ ဒါကြောင့်မို့ စာဖတ်ခန်းထဲက ထွက်ခဲ့၏။

ညှော်ခန်းအလယ်မှာ မိုးတိုးမတ်တတ်ရပ်ပြီး လက်တစ်ဖက်ခါးထောက်လျက် ဒေါသပြင်းထန်နေရှာတဲ့ သမီး။ ထိုသမီးကို ဦးအောင်သုတ ရပ်ကြည့်နေလိုက်သည်။ ဘယ်ကစပြောရမှန်း ဝေခွဲလို့လည်း မရနိုင်။

''ဖြေလေ မေမေ၊ ဒီကိစ္စ ဘယ်လိုဆက်လုပ်ကြမလဲ''

ဒေါ်နှင်းပုလဲ တစ်ခုခုပြောဖို့ ခက်ခဲနေသည်။ ဘာဆက်လုပ်ရမလဲ။ ဘာဆက်လုပ်ပါလို့ ညွှန်ကြားရမှာလဲ။ ပြောဖို့ တကယ် ခဲယဉ်းနေတော့ သက်မရှည်ကြီးချလျက် ခေါင်းယမ်း၏။

''ဖေဖေရော ဝင်ပြောဦးလေ၊ ဖေဖေ့သား အမိုက်ကောင်ကို ဘယ်လိုကိုင်တွယ်ရမလဲ''

ဦးအောင်သုတ လက်ကာဟန့်ရင်း ပြောသည်။

''ဘာဆက်လုပ်စရာရှိလဲ သမီးရယ်၊ ဟိုမိန်းကလေး ဘက်ကိန်နဲ့လိုက်ပြေးပြီးပဲ၊ သား အချိန်တန် ပြန်လာလိမ့်မယ်၊ အဲဒီတော့ ပြီးသွားမှာပေါ့''





''ဪ် အဲသလောက် ပြီးစလွယ်ဖြစ်သွားမယ်လို့ ဖေဖေထင်နေတာလား''

ဦးအောင်သုတ နှုတ်ဆိတ်နေလိုက်သည်။ သူထင်တာ အဲလိုပဲလေ။ ဒေါ်နှင်းပုလဲကလည်း ထိုသို့ပဲ ယူဆတာကြောင့် –

''ဟုတ်သားပဲ သမီးရယ်၊ သမီးဖေဖေ ပြောသလိုပဲလေ၊ သား ပြန်လာရင် မေမေတို့ ရင်အေးရပြီပေါ့၊ မဟုတ်ဘူးလား၊ သမီး ဘာကို တွေးပူနေရတာလဲကွယ်''

''ဟင့် ဟင့် ဟင့်''

စိုးစိုးသုတနဲ့ သဲ့သဲ့ရယ်ချလိုက်သည်။ ရယ်ချရင်းပြော၏။

''တွေးပူတာ မဟုတ်ဘူး မေမေရေ၊ မေမေ့သားကလေ သူများရဲ့ ကလေကဝဇာတ်လမ်းထဲ ခေါင်းတိုးဝင်ဖို့ ကြိုးစားနေတာ''

''ဘယ် ဘယ်လို''

ဦးအောင်သုတ မယုံနိုင်အောင် ဖြစ်သွားသည်။ ဒေါ်နှင်းပုလဲ စိုးရိမ်တကြီး ဖြေလျက် သမီးအနား တိုးသွား၏။ သမီးလက်မောင်းကို ဆုပ်ကိုင်ရင်း အထစ်ထစ်အငေါ့ငေါ့မေးလျှင် စိုးစိုးသုတ ဒိုးဒိုးဒေါက်ဒေါက် ပြောချသည်က –

''ဒီလိုမေမေရဲ့၊ မေမေ့သားဟာမက ဘက်ကိန်နဲ့နှစ်ပါးသွားလေးသာ ကချင်တာ၊ တစ်သက်လုံးအတွက် လက်တွဲသွားဖို့ စိတ်ကူးမရှိဘူးတဲ့၊



www.burmeseclassic.com

ပြဿနာတွေ တက်နေတယ်''

''ဟုတ်ရဲ့လား သမီးရယ်''

''သမီး မဟုတ်ဘဲပြောပါ့မလား မေမေ၊ မေမေ့သားက နွားဖား ကြိုး လာထိုးပါလှည့်ဆိုပြီး ခေါင်းထိုးပေးဖို့ တာဆူနေတာလေ''

ဦးအောင်သုတ အသက်ရှူလို့ မဝချင်တော့ပါ။ ကြားရတဲ့စကား တွေက လျှော့လျှော့ရှူရှူ ဖြစ်မနေ။

''အဖေကြီး ဒါ ဒါ ဘယ်လိုလုပ်ကြမလဲ၊ သားကို ဒီလို အဖြစ်မခံနိုင်ဘူး အဖေကြီးရယ်''

မေမေ သွေးဆူကာပြောရင်း ဖေဖေ့လက်မောင်းကို အားကိုး တကြီး ဆုပ်ကိုင်သည်။ ဦးအောင်သုတ ဇနီးသည်လက်ကို တစ်ချက် ဖျစ်ကိုင်နှစ်သိမ့်ရင်း –

''အခု သား ဘယ်မှာရှိနေသလဲ သမီး''

ထိန်းပြီး မေးလိုက်ပေမယ့် ဦးအောင်သုတအသံ ကြေမွလို့ နေသည်။ စိုးစိုးသုတက မျက်နှာလေးကို မာန်အပြည့်နဲ့ မောင်းတင်ထား ပြီး ပြော၏။

''ဘက်ကီနဲ့ သူ့ဟာမ ရှိတဲ့ဆီ လိုက်သွားသတဲ့''

''တောက် သားမိုက်တယ်ကွာ''

''မိုက်ရုံတင်မကဘူး၊ မစင်အိုးထဲ ခုန်ချနေတာ ဖေဖေရဲ့''

''ကဲပါ သမီးရယ်၊ သမီးလည်း ပင်ပန်းလှပြီ၊ ခဏနားဦး။





ဖေဖေ သားနောက်လိုက်သွားဦးမယ်''

ဦးအောင်သုတ စိတ်ဓာတ်တွေကျကာ လေသံလျှော့ပြောလျှင် နံ့စိုးသုတက ပက်ခနဲ ပြန်ပြောသည်။

''လိုက်မသွားနဲ့ ဖေဖေ၊ သမီး ထက်ကြပ်မကွာ လိုက်တာသိလို့ မျက်ခြည်ပြတ်ပြီး လစ်ထွက်သွားတာ၊ အဲဒီအတွက် ဖေဖေ့သားကို နုပ်နုပ်စဉ်းပစ်ချင်တယ်၊ လာပလေ့စေ၊ သမီးအကြောင်း သိရစေ့မယ် ဟွန်း''

စိုးစိုးသုတ အံကြိတ်ပြောချပြီး ဆိုဖာပေါ် ပက်ခနဲ ထိုင်ချလိုက် သည်။ ဦးအောင်သုတနဲ့ ဒေါ်နှင်းပုလဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း ကူကယ်ရာမဲ့နေသလို ခံစားနေရတဲ့အဖြစ်။

သမီးရဲ့ ပြင်းထန်မှုနဲ့ သားရဲ့တစ်ဇွတ်ထိုးဆန်မှုက အထွတ် အထိပ်ဆီမှာ နှစ်ယောက်သား ထိပ်တိုက်တွေ့ကြရရင် ဘာတွေဖြစ်ကုန် မလဲ။

ဦးအောင်သုတ အဲဒါကို တွေးအပူဆုံးဖြစ်သည်။ လောလော ဆယ် ဘာလုပ်ဖို့ လုပ်ရမှန်းမသိတော့ပါ။

ဦးအောင်သုတ ခေါင်းတသွင်သွင် ယမ်းလျက် ဇနီးသည် ဆုပ် ကိုင်ထားတဲ့လက်ကို ဖယ်ချကာ တိုက်အပြင်ဘက် ထွက်ခဲ့သည်။ မွန်းကျပ် နေတဲ့ စိတ်နှလုံးအတွက် စံပယ်ပန်းရနံ့သင်းနေသော မွှေးမြတဲ့လေကို တစ်ဝကြီး ရှိုက်ရှူမိ၏။



www.burmeseclassic.com

မျက်လုံးကတော့ သားလာမယ့်လမ်းဆီ မျှော်ဆဲ။

ဒေါ်နှင်းပုလဲခမျာမှာလည်း မျက်ရည်အဝဲသားဖြင့် ရင်ထဲမှာ အကြိမ်ကြိမ် ရွတ်ဆိုနေမိသည်။ သားရယ် မေမေတို့ ရင်ကျိုးအောင် မလုပ်ပါနဲ့ကွယ် လို့။

✿ ✿ ✿



## အခန်း (၂၀)

"ညို"

"မခေါ်နဲ့ ဘက်ကီ"

အစဉ်အမြဲ ရယ်မြူးနေတတ်သော ညိုလေးရယ်။ ခုချိန်မှာ ရယ်မြူးဖို့နေနေသာသာ ဘက်ကီ့ကိုမြင်တာနဲ့ နာနာကြည်းကြည်း တုံ့ပြန်နေသည်။

ဘက်ကီ ငေးစိုက်ကြည့်ရင်း ကျွတ်ခနဲ စုတ်သပ်ပြီး –

"ညိုရယ်၊ ညို ဘာဖြစ်လို့ ခုမှ ကာလာတွေ ပြောင်းနေရတာလဲ"

"အဲလိုပြောင်းအောင် နင် လုပ်လိုက်တာလေ"



www.burmeseclassic.com

"ကျွတ်"

ဘက်ကီ အလိုမကျစိတ်နဲ့ ကျွတ်ခနဲ စုတ်သပ်ပြန်သည်။

"နို့ မဟုတ်လို့လား၊ နင့်ကို ဘယ်သူကြီးစည်းနိုင်းလဲ၊ နင့်အကြံအစည်အတွက် နင့်အပေါ် ငါ စိတ်ကာလာ မပြောင်းဘဲနေမလား၊ နင် ဘာကြောင့် ဒီလိုကြံစည်လဲ၊ ပြောလေ၊ ချစ်လို့ဆိုတာနဲ့တော့ အနားမကပ်နဲ့၊ ဆောရီးပဲ ဘက်ကီ"

ဘက်ကီ စိတ်ပျက်သလို ကိုယ်လုံးလေးပျော့ကျသွားသည်။ ဆိုဖာပေါ် ထိုင်နေရာမှ ညိုက ပြောပြီးထလေသည်။

ထိုအခါ ညို့လက်ကို ဘက်ကီဆွဲတားလျှင် ညိုက ဘက်ကီ့လက်ကို ဖယ်ချပြန်သည်။

"ညိုရယ်၊ ညို့ကို ငါ တောင်းပန်တယ်လေ၊ မစိမ်းပါနဲ့တော့ဟာ"

"စိမ်းမယ်၊ တစ်သက်လုံး စိမ်းမယ်"

"ညို မစိမ်းအောင် ငါ ဘာလုပ်ပေးရမလဲဟင်၊ ညို ပြောလေ"

ဘက်ကီ လေသံပျော့လေးနဲ့ဆိုလျှင် ညို ဖျတ်ခနဲ လှည့်ကြည့်၏။ ဘက်ကီနဲ့ အကြည့်ချင်းဆုံသည်။ ဘက်ကီ ထိုင်နေရာမှ အားမာန်တက်ကာ ညို့ရှေ့ ထလာသည်။ ကျစ်ကျစ်ဆုပ်ပြီး ဘေးဆန့်ချထားတဲ့ ညို့လက်သီးဆုပ်လေးကို ဆွဲယူလျှင် –

"မချွဲနဲ့ဘက်ကီ"





"မဟုတ်သေးဘူး ညိုရယ်"

ကိုင်ထားတဲ့ ညို့လက်သီးဆုပ်လေးကို ကျန်လက်တစ်ဖက်နဲ့ ထပ်ဆုပ်ကာ ဖွဖွလေး ပွတ်သပ်ကြင်နာလေသည်။ ညိုက ထိုအကြင်နာမှာ ပျော်ဝင်မသွား၊ ရုန်းဖယ်လိုက်သည်။

"ညို"

"နင့်ကို ငါပြောပြီးသား ဘက်ကီ၊ ဟောဒီတိုက်ထဲမှာ နင် ငါ့ကိုလှောင်ပိတ်ထားတာ ငါရင်နာတယ်၊ အေး နင်က စေတနာရှိတယ်ဆိုရင် ငါ့ကို ဒီတိုက်ထဲက ထွက်ခွင့်ပေး၊ အဲဒါဆို နင့်အပေါ် ငါ့နာကျင်ချက်တွေ ဖြေလျှော့ပေးလို့ရမယ်"

"အဲဒါတော့ ဘယ်ဖြစ်မလဲ ညိုရယ်"

"အဟင့် ရတယ်လေ၊ ညို့ကို ထောင်ချောက်ထဲထည့်ပြီး အပိုင်ကြံနေသရွေ့ နင့်စိတ်ကူးတွေ အကောင်အထည် ပေါ်လာမှာ မဟုတ်ဘူး၊ နင်မြဲမြဲမှတ်ထား ဘက်ကီ"

ညို ခဲခဲကျစ်ကျစ်ပြောရင်း ဘက်ကီနဲ့အလှမ်းဝေးရာ ဆိုဖာလွတ်တစ်ခုမှာ ကိုယ်ကို ပစ်ချသလို ထိုင်လေသည်။

ဘက်ကီ မျက်လွှာစင်းချကာ ခေါင်းတစ်ချက်ယမ်းလေသည်။ ကျောပြင်ကိုလည်း နံရံမှာမှီချကာ ညို့ကိုပဲ စောင်းငဲ့ကြည့်သည်။

ညိုက အရေးမစိုက်ဟန်ဖြင့် မျက်နှာကို လွှဲနေသည်။ ဘက်ကီ သက်မချလျက် ညို လက်ခံအောင် ဘယ်လိုချော့မော့ရမလဲ။ ဒါပဲ



www.burmeseclassic.com

တွေးကာ။ ထိုစဉ် -

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံ အဆက်မပြတ် ကြားရသည်။ တံခါးခေါက်သံကြောင့် ညို့ မျက်လုံးလေး မျှော်လင့်တကြီး တောက်ပလို့ သွားသည်။

ဘက်ကီ မျက်မှောင်ကြုတ်လျက် တံခါးဆီ ဦးစွာသွား၏။ မှန်ဘီလူးပေါက်လေးကနေ ချောင်းကြည့်ကာ ဟင်ခနဲ ဖြစ်ရလေသည်။

"ခေတ်သုတ"

ရင်ထဲမှာလည်း စိမ်းစိမ်းကြီး ရွတ်မိတဲ့နောက် အံကြိတ်၏။ ခေတ်သုတနဲ့အတူ ညီဇော်ပါ ပါလေသည်။

"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်ပြန်သည်။ ညို့ သိချင်စိတ်ထက်သန်ကာ တံခါးနား တိုးသွားပြီး -

"ဘယ်သူလဲ ဘက်ကီ"

ဘက်ကီ အံကြိတ်ထားရာမှ လက်တစ်ဖက်နဲ့ ညို့ကိုဆွဲကာ တံခါးနားက ခွာသည်။

"ပြောလေ ဘက်ကီ၊ ဘယ်သူလဲလို့"

ဘက်ကီ ကမူးရှူးထိုးနဲ့ ညို့လက်ကိုဆွဲထားရာမှ အားမရ သိမ်းကျုံးပွေ့ချီကာ အိပ်ခန်းထဲ ခေါ်သွင်းသွား၏။

"ငါ မေးနေတယ်လေ၊ ဘယ်သူလဲလို့"





"ရှိန်းဗညား"

ဘက်ကီ ပြတ်တောင်းတောင်း ညာဖြေလိုက်သည်။

"ရှိန်းလား၊ ရှိန်းနဲ့လည်း ညို့ တွေ့ချင်တာပေါ့၊ ရှိန်းက နင့်လိုပဲ ငါ့သူငယ်ချင်းလေ၊ မွန်းမွန်းတို့ စံစံရိုစ်တို့ရော ပါသေးလား"

ညို့ မျှော်လင့်တကြီးမေးပေမယ့် ဘက်ကီမဖြေ။ ပွေ့ချီထားတဲ့ ညို့ကို ခုတင်ပေါ်တင်ရင်း -

"ညို့ ဒီမှာပဲ နေ၊ ငါ ခုချက်ချင်းပြန်လာမယ်"

ဒါပဲပြောပြီး ညို့နားက ခွာသည်။

"ဘက်ကီ"

ညို့ ခေါ်ရင်း ခုတင်ပေါ်က ဖျပ်ဆိုဆင်းပြီး ဘက်ကီနောက်က လိုက်သည်။ ဒါပေမဲ့ ဘက်ကီက လျင်သည်။ အခန်းတံခါးကို ဂျိမ်းခနဲ ဆောင့်ပိတ်ကာ အပြင်ကနေ သော့ခတ်ပစ်လိုက်သည်။

"ဟင့် ဟင့် ဘက်ကီ"

ညို့ တံခါးကို တဝုန်းဝုန်းထု၏။ တံခါးဖွင့်ပေးဖို့လည်း အသံကုန်တောင်းဆိုသည်။ ဘက်ကီက ပြုပြီးတဲ့ကိစ္စကို ပြီးဆုံးတိုင်ပြုဖို့ ဝန်မလေးသူ။ ညို့ ဘယ်လောက်ပဲ တံခါးထုပြီးခေါ်ခေါ် တံခါးဖွင့်မလာတော့ပါ။

ညို့ တံခါးကိုမှီလျက်နဲ့ စိတ်ပျက်လက်ပျက်ဖြစ်ပြီး လျှောခနဲ ကြမ်းခင်းမှာ ထိုင်ချလေသည်။

ညို့ကို တိုက်ပိတ်သလို ပိတ်လှောင်ထားတာ နှစ်ရက်ရှိပြီ။



www.burmeseclassic.com

ဘယ်နေရာလဲဆိုတာ ညှိုမသိတာ ခက်လှသည်။ ဘယ်နေရာဆိုတာ သိရင် ညှို သုတနဲ့ ဆက်သွယ်လို့ရတာပေါ့။ ပြီးတော့ ဖုန်းတွေ ဘာတွေလည်း မရှိ။ ညှို့ပခုံးလွယ်အိတ်လည်း ညှို ရှာမတွေ့။

တွေ့ရင် အကောင်းသား။ ညှို့အိတ်ထဲမှာ လက်ကိုင်ဖုန်းပါတယ်လေ။

ခုတော့ –

✿



"ဒေါက် ဒေါက် ဒေါက်"

မဖွင့်မချင်းမြည်နေတဲ့ တံခါးခေါက်သံ ဘက်ကီ နားကြားပြင်းကတ်လာသည်။ တံခါးခေါက်သူကိုလည်း ဘက်ကီ မုန်း၏။

တံခါးချပ်ကို ဖျတ်ခနဲ ဆွဲဖွင့်လျှင် ခေတ်သုတနဲ့ ဘွားခနဲ ဆုံပေသည်။ နှစ်ယောက်သား အကြည့်တွေနဲ့ တိုက်စစ်ဆင်သလို စိုက်စိုက်ကြည့်ကြ၏။ အတန်ကြာမှ –

"ညှိုကော ဘက်ကီ"

ခေတ်သုတ စမေးသည်။ ဘက်ကီ ပခုံးကြွကာ မျက်နှာလေး တွန့်ပြီး –



www.burmeseclassic.com

"ညို၊ ညိုနဲ့ မင်း ဘာဆိုင်လဲကွ"

"ကျွတ်၊ ဆိုင်တာ မဆိုင်တာ မင်းနဲ့ မပတ်သက်ဘူး ဘက်ကီ၊ ကိုယ် ညိုနဲ့တွေ့ချင်တယ်"

"ဟား ဟား ဟား"

ရယ်စရာမပါဘဲ လက်ခုပ်လက်ဝါးတီးပြီး ဘက်ကီ တဟားဟား အော်ရယ်သည်။

ခေတ်သုတ မျက်မှောင်ကုတ်ကြည့်သည်။ သုတနဲ့ အဖော်ပါလာတဲ့ ညီဖော်က သိပ်စိတ်မရှည်ချင်။

"ဘက်ကီ၊ မင်းကို ရယ်ခိုင်းတာ မဟုတ်ဘူး၊ ကိုယ်တို့ ညိုနဲ့ တွေ့ချင်တယ်၊ ညို့ကို ခေါ်ပေး"

"ညို့ကို ခေါ်ပေး၊ မင်းတို့က ဘာမို့လဲ"

"ဘာဖြစ်ဖြစ်ကွာ၊ မင်း ညို့ကို တိုက်ပိတ်ထားတယ်ဆိုတာ ကိုယ်တို့သိတယ်"

ခေတ်သုတ ကြည်တည်ငြိမ်ငြိမ်နဲ့ လိုရင်းသာပြောသည်။ ဘက်ကီက လက်နှစ်ဖက် ခါးထောက်၏။ မျက်နှာပေါ် ဝဲကျနေတဲ့ ဆံပင်အရှည်တွေ နောက်လှန်သွားအောင် ခေါင်းပင့်ခါလိုက်ပြီး –

"အဲသလောက်သိနေရင် တပ်ခေါက်ပြန်လေကွာ၊ ဟား ဟား ဟား၊ ငါနဲ့ညို ဘယ်အခြေအနေလဲဆိုတာ မင်းတို့သိနေပြီ"

"ဘယ်အခြေအနေဖြစ်ဖြစ် ကိုယ် ဂရုမစိုက်ဘူး"





"ဟာ မင်း ဘာကောင်လဲ ခေတ်သုတ၊ မင်း ယောကျ်ားမဟုတ်ဘူးလား"

ခေတ်သုတကို ပခုံးတိုက်လုတော့မတတ် ကွေ့ပတ်လျှောက်ရင်း ဘက်ကီ ခပ်ရင့်ရင့်မေးသည်။

"မင်းလို ယောကျ်ားတော့ မဟုတ်ဘူးကွာ"

"ဘာကွ"

ဘက်ကီ ထောင်းခနဲ ဒေါသထွက်သွားသည်။ မင်းလိုယောကျ်ား မဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ်က ဘာသဘောလဲ။

ခေတ်သုတပခုံးစွန်းကို ဘက်ကီ လက်တစ်ဖက်နဲ့ တွန်းပစ်ရင်းမေးလျှင် ဘက်ကီ့လက် သုတပခုံးစွန်းပေါ် ရောက်မလာခင် ဘက်ကီလက်ကို ဆုပ်ကိုင်ထားလိုက်သည်။

ဘက်ကီ အမှတ်မထင် ခံလိုက်ရတာမို့ တင်းခနဲဖြစ်၏။

"ဒီမှာ ဘက်ကီ ညို့ကို ကြံစည်သိမ်းပိုက်ထားရုံနဲ့ မင်းဘက်က အလားအလာကောင်းနေပြီလို့ တရားသေမတွက်နဲ့"

ပြောပြီး ဘက်ကီ့လက်ကို ဆောင့်တွန်းလိုက်၏။ ဘက်ကီ ကိုယ်နေဟန် ပျက်သွား၏။ ထိုအခါ ဘက်ကီ ပို၍ခံပြင်းကာ –

"အဲဒါ မင်းနဲ့မဆိုင်ဘူး ခေတ်သုတ၊ ငါနဲ့ညို့ကိစ္စ နှစ်ဖက်မိဘ လက်ခံပြီးသား၊ ငါတို့ ဘယ်အခြေအနေဆိုတာ သိနေတဲ့အတွက် မင်း နောက်ဆုတ်စမ်းပါ၊ ဟိုမှာလေ ညို့မိဘနဲ့ ကိုယ့်မိဘတွေလာနေပြီ"



www.burmeseclassic.com

ခြံဝင်းထဲ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့်ဝင်လာသည်။ ဘက်ကီစကားအဆုံးမှာ ခေတ်သုတနဲ့ ညီဇော် ငဲ့ကြည့်၏။

ကားပေါ် နှစ်ဖက်မိဘနဲ့ ဘက်ကီသူငယ်ချင်းအုပ်စု ပါလာသည်။

သုတတို့ စွန့်စွန့်စားစားလာခဲ့တာ ညို့နဲ့တွေ့ခွင့်ရဖို့။ ညို့နဲ့ရရင် ညို့နှလုံးသားခံစားချက်ကို သုတ ဖတ်ခွင့်ရမယ်လေ။

သုတ သိတယ်။ ညို့က ဘက်ကို့ကို ရင်ခုန်ခြင်းနတ္ထိဆိုတာ။

ရှေ့ကားပေါ်က ဦးဆောင်ဆင်းလာတဲ့ ဦးချိန်ဘွားက ခေတ်သုတနဲ့ ဘက်ကီတို့ အတိုက်အခံဖြစ်နေတာ ဘာကြောင့်လဲဆိုတာ ချက်ချင်းရိပ်မိသည်။

ဒါကြောင့် လူငယ်နှစ်ယောက်ကြားရပ်ကာ –

"ကဲ ဘက်ကီ၊ သမီး ဘယ်မှာလဲ"

"ရှိတယ် အန်ကယ်"

ခေတ်သုတကို မျက်စောင်းနဲ့ကြည့်ရင်း ဘက်ကီ ခပ်တင်းတင်းပြောသည်။ ပြောပုံပြောလက်ကို ခေတ်သုတ မနှစ်မြို့ပါ။ ဒါကြောင့် ဦးချိန်ဘွားနဲ့ ခေတ်သုတ မျက်နှာချင်းဆိုင်လျက် –

"အန်ကယ်၊ ကျွန်တော် တစ်ခုပြောပါရစေ"

"ခေတ်သုတ၊ မောင်ရင့်စိတ်ထဲမှာ ဘာရှိလဲဆိုတာ အန်ကယ်သိတယ်၊ ဒီကိစ္စက သမီးရဲ့ဘဝကိစ္စ, ဂုဏ်သိက္ခာကိစ္စ ဖြစ်နေတယ်၊ အဲဒီအတွက် အန်ကယ်တို့ အကောင်းဆုံးဖြစ်အောင် လုပ်ပေးဖို့ပဲရှိတယ်၊





ဒီမှာ ဘက်ကို့မိဘတွေလည်း ပါတယ်"

ခေတ်သုတ အလိုမကျကာ ခေါင်းယမ်းလိုက်သည်။ ညီဇော်က သုတနားကပ်ပြီး ဆွဲခေါ်ဖို့ ကြိုးစား၏။

"သုတ"

"ငါသိတယ် ညီဇော်၊ ဒီကိစ္စက ဖိအားတွေ သိပ်များနေတယ်ဆိုတာ၊ ဒါပေမဲ့ အန်ကယ် ညို့သဘောအတိုင်း ဆုံးဖြတ်ပါစေ၊ ကျွန်တော် ဒါပဲပြောချင်တယ်"

ခေတ်သုတ ညီဇော်နှင့်တကွ ဦးချိန်ဘွား၊ ဘက်ကို့မိဘနဲ့ သူငယ်ချင်းတွေအားလုံးကို ဦးတည်ပြောလိုက်သည်။

ပြောပြီးသည်နှင့် ကားပေါ်တက်၏။ ညီဇော်က ရိပ်မိစွာ ကားမောင်းသူနေရာ ကမန်းကတန်း ဝင်ထိုင်လျက်။

ထိုကားလေး ဂူးခနဲ မောင်းထွက်သွားတဲ့အခါ ဦးချိန်ဘွား ဝေခွဲမရ၊ ခေါင်းယမ်းရင်း သက်မ ချသည်။

ညို့သဘောအတိုင်း ဆုံးဖြတ်ပါစေ တဲ့။

ဒီလူငယ် ဒီလိုပြောသွားတာက အကြောင်းမဲ့မဟုတ်နိုင်။ လူကြီးတွေမို့ အားလုံးရိပ်မိသည်။

ဘက်ကို့သူငယ်ချင်းတွေလည်း စိုးရိမ်လေ သည်။

"ကဲ သမီးကို မြန်မြန်ခေါ်ပေးကွယ်၊ အန်တီ တွေ့ချင်တယ်"

ဒေါ်သိင်္ဂီရွှေစင် လောဆော်လေမှ အားလုံး လှုပ်လှုပ်ရှားရှား



www.burmeseclassic.com

ဖြစ်ကုန်သည်။ ဘက်ကီက တိုက်ထဲ ဦးဆောင်ဝင်သွားလေသည်။

ဘက်ကီနောက် အားလုံး လိုက်ပါသွားကာ။

ရှိန်းဗညားတစ်ယောက်တည်း နောက်ဆုံးမှာ ကျန်ရစ်ခဲ့သည်။ အားလုံးထဲမှာ ရှိန်းဗညား ရင်အပူဆုံးဖြစ်၏။

အကြောင်းက ဘက်ကီ့ဝေဒနာကို မကြည့်ရက်လို့ သူကိုယ်တိုင် ဒီအစီအစဉ်ကို ရေးဆွဲခဲ့ခြင်း။

ခေတ်သုတက ဒီအခြေအနေမှာတောင် ညို့ရှေ့တိုးဖို့ ကြိုးစားနေသေးသည်က အစိုးရိမ်ရဆုံး မဟုတ်လား။

ညိုက ဘက်ကီ့အပေါ် ချစ်မိုးစွေဖို့ စိတ်မဝင်စားဘူးဆိုတော့ ဒီငနဲပြောတဲ့အတိုင်း အန်တီနဲ့အန်ကယ်က –

"ညို့စိတ် ညို့သဘောအတိုင်း ဆုံးဖြတ်စေ" လို့ အမိန့်ပေးလျှင်ဟူး။

တွေးရင်း ရှိန်းဗညား လေပူကြီးမှုတ်ထုတ်၏။ ရင်မှာလည်း မီးလိုပူလောင်လို့နေပေသည်။

ညို ညို ဆုံးဖြတ်ခွင့်ရရင်တောင် ဘက်ကီရင်ခွင်မှာ ခိုလှုံဖို့ပဲ ဆုံးဖြတ်ပါလေ။

နော် သူငယ်ချင်း။

✿



အချစ်ဆိုတာ ဘာလဲဟင်။

တိမ်တွေလို အရောင်စုံပြောင်းလဲပြီး တလွင့်လွင့် မျောနေတဲ့ ခံစားမှုမျိုးလား၊ ဒါမှမဟုတ် ကြယ်စင်လို တလက်လက် ဖြာနေတဲ့ အလင်းထုထည်တစ်မျိုးလေလား။

ဘာပဲဖြစ်ဖြစ် နှလုံးသားကတော့ ခံစားမှုနဲ့ ထုဆစ်ပုံဖော်ထားတဲ့ အမြုတေတစ်ခု။ အဲဒါကို ဘယ်သူငြင်းနိုင်မှာတဲ့လဲ။

အချစ်ခံစားချက်ကို လေလိုဖမ်းဆုပ်ကိုင်တွယ်ထားလို့ မရပေမယ့် တိမ်စိုင်နဲ့ ကြယ်စင်လိုတော့ မြင်သိတွေ့သိနဲ့ ခံစားလို့ ရတယ် မဟုတ်လား။



www.burmeseclassic.com

အဲဒီအတွက် ရွေးချယ်သိမ်းပိုက်စရာတစ်ခုတည်းသော နှလုံးသား ခံစားချက် ရှိကိုရှိနေရမယ်လေ။

ဟုတ်ဘူးလားကွယ်တို့။

✿ ✿ ✿



အခန်း (၂၁)

"ညို့သဘောထားကိုလည်း မေးကြပါဦး"

"ဟင်"

ညို အသံကျယ်ကျယ် ပြောချလျှင် နှစ်ဖက်မိဘနဲ့ သူငယ်ချင်းအားလုံး မျက်လုံးပြူးကုန်၏။

"ဘယ် ဘယ်လို သမီး"

ဒေါ်သီဂီရွှေစင် အထစ်ထစ်အငေါ့ငေါ့နဲ့ မယုံချင်စိတ်တွေဖြင့် မေးရင်း သမီးအနား ထသွားရှာသည်။ ညို ဘယ်သူ့ကိုမှမကြည့်ဘဲ –

"ဘယ်လိုမှမဟုတ်ဘူး မာမီ၊ ညို့သဘောက ရှင်းပါတယ်၊ ဘက်ကီကို ညို မယူနိုင်ဘူး"



www.burmeseclassic.com

"ဘုရားရေ"

ဒေါ်သီဂီရွှေစင် ဘုရားတလျက် သမီးဖြစ်သူကို စိမ်းစိမ်းစူးစူး ကြည့်လေသည်။ ဦးချိန်ဘွားက ဘက်ကီနဲ့ဘက်ကီ့မိဘနှစ်ပါးကို အားတုံ့ အားနာကြည့်မိ၏။ ဘက်ကီ့မိဘ နားလည်မှုတွေ ရှုပ်ထွေးသွားဟန်နှင့် မျက်မှောင်ကုတ်ကျသွားသည်။

"ညို"

သူငယ်ချင်းအားလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်ကာ ညို့နား ထလာကြသည်။

"ညိုရယ် စိတ်လိုက်မာန်ပါ မပြောနဲ့လေ၊ ညို့ဂုဏ်သိက္ခာကို ငဲ့ပါဦးဟ"

စပ်မီမီက ညို့လက်မောင်းကို လာဆုပ်ကိုင်ရင်း သတိပေးသလို ပြော၏။ ထိုအခါ ညို မျက်နှာလေးမဲ့ချပြီး ပြုံးလိုက်သည်။ ဘက်ကီက အားမလိုအားမရနဲ့ ညို့အနား ချက်ချင်းရောက်လာပြီး –

"ညို ညို ဘာတွေ လျှောက်ပြောနေတာလဲ၊ ခုချိန်က မင်္ဂလာ ကိစ္စ ပြောဆိုရမယ့်အချိန်လေ၊ ညို ထင်တိုင်း စွတ်ငြင်းမနေနဲ့"

"ငြင်းမယ်၊ ငြင်းတော့ နင် ဘာလုပ်ချင်လဲ"

"ဟာ"

လက်တစ်ဖက် ခါးထောက်ပြီး ဘာကိုမှမမှုဘဲ ညို ပြောချ၏။ ထိုအခါ ဘက်ကီ့မျက်နှာကြီး သိသိသာသာ ပျက်ကျသွားသည်။ ပြီး





တော့ ရှက်လည်းရှက်လှ၏။

သူနဲ့ နှစ်နှစ်နီးနှစ်ည အတူတူရှိနေခဲ့တာ နှစ်ဖက်မိဘနဲ့ သူငယ် ချင်းတွေ အသိဆုံး။ အထူးသဖြင့် ညိုလည်း သိနေလျက်နဲ့။ ဘယ်မိဘ မျက်နှာကိုမထောက်ဘဲ ပြောချရဲတဲ့ ညို့ကို အားလုံး ပြူးပြူးပြဲပြဲ ကြည့်ကြလေသည်။

ညိုက အားလုံးရှေ့ ရင်ကော့ရပ်နေရာမှ မျက်နှာလေးကို မော့ထားရင်း –

"ဟုတ်တယ် ဘက်ကီ၊ နင့်ကို ညို လက်မထပ်နိုင်ဘူး၊ ဘာ ဖြစ်လို့လဲဆိုတော့ နင်က ငါ့ဘဝကို ပိုင်စိုးချင်တဲ့အတ္တနဲ့ အကြံကြီး ကြံစည်လိုက်တာလေ၊ အဲဒီအတွက် နင့်ကို ညို ခေါင်းညိတ်လက်ခံလိုက် ရင် ညို့အသည်း ညိုခွဲပစ်တာနဲ့ တူသွားမယ်၊ စိတ်ချ၊ ညိုက ညို့ အသည်းနှလုံးကို ညိုကိုယ်တိုင်ခွဲပစ်မယ့် မိန်းကလေးမဟုတ်ဘူး"

"သ သမီး၊ သမီး ဒီလိုပြောလို့မရဘူးလေ"

ဒေါ်သီဂီရွှေစင် အသားတွေ တဆတ်ဆတ်တုန်ကာ သမီး ကျောပြင်ကို ဘဖျပ်ဖျပ် ရိုက်ရင်းဆိုသည်။

"ရတယ် မာမီ၊ ညို တစ်သက်လုံး မချစ်တဲ့သူကို အောင့်အီး ပြီး မပေါင်းနိုင်ဘူး မာမီ၊ ညို့ကို နားလည်ပေးပါ"

"ဟယ်တော်"

ဒေါ်သီဂီရွှေစင် ဘာပြောလို့ ပြောရမှန်းမသိအောင် ဆွံ့အသွား



www.burmeseclassic.com

သည်။ ဘက်ကို့စိတ်ဓာတ်တွေ ထိုးကျသွားတာ ဟိုးအောက်ဆုံးအထိ။

သူငယ်ချင်းတွေလည်း ဝင်မပြောသာ။ ဘက်ကို့ဒယ်ဒီ ဦး အာကာဇော်နဲ့ ဘက်ကို့မာမီ ဒေါ်နုရည်သစ်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း စိတ်ထဲမှာ မချမ်းမြေ့ဖြစ်လေသည်။

ညို့ကို သူတို့ဖနီးမောင်နံ့ အစကတည်းက ချွေးမ,တော်ဖို့ ဒေါ်သီဂီရွှေစင်နဲ့ ဦးချိန်ဘွားကို ပြောပြီးသား။ သူတို့ကလည်း သဘောတူ သည်။ သားကလည်း စုံမက်ဆိုတော့။ ဘယ်အခြေအနေမှာဖြစ်ဖြစ် မိဘ ဝတ္တရားရှိတဲ့အတိုင်း ဆောင်ရွက်ပေးဖို့ အဆင်သင့်ရှိနေသည်။

ခုလို ညိုကိုယ်တိုင် ဆတ်ဆတ်ခါငြင်းနေတော့ သားအတွက် ရော ညို့အတွက်ပါ တကယ်စိတ်မကောင်းနိုင်ပါ။

"ညိုလေး၊ အန်တီနု ပြောပါရစေနော်၊ သမီးလေးညို တစ် ဆိတ် သည်းခံပြီး နားထောင်ပါကွယ်"

ဒေါ်နုရည်သစ် လေပျော့လေးနဲ့ ညိုလေးအပါး ချဉ်းကပ်သွား သည်။ ညို ရှေ့ဆက် ဘာမှမကြားချင်တော့ပါ။ ညို့စိတ်နဲ့ညိုမို့ ညို လက်ကာ ဟန့်တားလိုက်သည်။

မပြောပါနဲ့ဆိုတဲ့သဘော။ ဒါပေမဲ့ ဒေါ်နုရည်သစ် ရင်ထဲရှိတာ လေးကိုတော့ သမီးချင်းစာနာစွာ ပြောရလေသည်။

"နေပါဦး ညိုလေးရယ်၊ ဒီအချိန်မှာ သားအပေါ် ညိုလေး ဒေါသဖြစ်နေသေးတယ်ဆိုတာ အန်တီနု နားလည်ပါတယ်၊ သမီးလေး





စိတ်ကျေနပ်တဲ့အချိန်အထိ အန်တီနုတို့ စောင့်ပေးမယ်၊ မင်္ဂလာပွဲကို အားချင်း မစီစဉ်ပါဘူးကွယ်၊ ညိုလေးဖြစ်ချင်တဲ့အချိန်မှ မင်္ဂလာပွဲလုပ်ပေါ့။ အန်တီတို့က ညိုလေးကို အသိအမှတ်ပြုပြီးသားပါကွယ်၊ သမီး အချိန် ယူပြီး စဉ်းစားပါနော်"

"ဟုတ်တယ် သမီးရယ်၊ အချိန်ယူစဉ်းစားပါလို့ ဒယ်ဒီ အကြံ ပေးချင်တယ်"

တိတ်ဆိတ်စွာ နားထောင်နေတဲ့ အန်ကယ်ကလည်း ထိုသို့ ဝင်ပြောသည်။ မာမီနဲ့သူငယ်ချင်းအားလုံးလည်း အန်တီနုပြောသမျှကို လက်ခံကြသည်။ ဘက်ကီက မျှော်လင့်ချက်နဲ့ မျက်ဝန်းအရောင် တောက် ပသွားသည်။

အခုမဟုတ်ရင်တောင် အချိန်ယူပြီး ညို စဉ်းစားပေးမယ်ဆို ရင် တစ်ချိန်ချိန်မှာ ညိုနဲ့ မင်္ဂလာဆောင်ခွင့်ရမယ်ဆိုတဲ့အသိနဲ့ ဘက်ကီ လှိုက်ခနဲ ရင်ခုန်သွား၏။

"ညို မာမီပြောသလိုပဲနော်၊ ညို စဉ်းစားပေးပါ၊ ငါ လုံးဝ မနှောင့်ယှက်ပါဘူး၊ ညို နေချင်သလို နေပါဟာ၊ ခုလို ယတိပြတ်ကြီး ငြင်းမယ့်အစား မာမီတို့သဘောအတိုင်း လက်ခံပေးနော် ညို"

ဘက်ကီ အားတက်သရောနဲ့ တရစပ်ပြောလေသည်။ ညို မျက်နှာလေးမော့ကာ ဘက်ကို့ကို မနှစ်မြို့တဲ့ခံစားချက်နဲ့ စောင်းကြည့် လျက်။ ညို့ဆန္ဒကို အပြတ်သားဆုံး ပြောချလိုက်သည်။



www.burmeseclassic.com

"ဘက်ကီ၊ နင့်ကို ညီ့ နောက်ဆုံးပြောမယ်၊ နင့်ကို ညီ့လေ အခု မဟုတ်ဘူး၊ နောင်တစ်ချိန်ချိန်ဆိုတာ ပိုလို့တောင် ဝေးသေးတယ်၊ အရှင်းဆုံးပြောမယ်ဟာ၊ ဒီဘဝမပြောနဲ့ နောက်ဘဝရောက်ရင်တောင် လက်မထပ်ဘူး၊ ဒါပဲ"

"ဟင်"

ညီ့ပြောပြီး အားလုံးရှေ့က ချာခနဲ လှည့်ထွက်ခဲ့သည်။ နောင်တ မရစတမ်း လူကြီးတွေနဲ့ သူငယ်ချင်းတွေ ညီ့ကို အံ့ဩလွန်းရုံမက မယုံနိုင်တဲ့စိတ်နဲ့ စိုက်ကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်ကုန်သည်။

ဒီလောက်ထိ သားရှင်ဘက်က လိုက်လျောရက်နဲ့ သမီးက ငြင်းနေတော့ ဒေါ်သီရိဂျွေစင် အရှက်သည်းစွာငိုချသည်။

"ဟင့် ဟင့် ဟင့်"

ဦးချိန်ဘွားက စာနာစွာ ဖနီးသည်အပါး ထသွားရင်း ပခုံးဖက် ကာ ချော့ရှာသည်။

ဒေါ်နုရည်သစ်နဲ့ ဦးအာကာဇော် စိတ်ပျက်စွာ ခေါင်းယမ်းပြီး ညီ့လေးကို ဘယ်လိုမှ ဖျောင်းဖျလို့မရနိုင်မှန်း ရိပ်မိသွားတော့ သားကို ကြည့်လျက် ကရုဏာသက်လို့နေသည်။

ဘက်ကီက ခေါင်းငိုက်စိုက်နဲ့ အရှက်သည်းစွာ ထွက်သွားတဲ့ အခါ –

"ဘက်ကီ နေဦး"





သူငယ်ချင်းတွေ စိုးရိမ်တကြီး ဟန့်တားကြသည်။ ဘက်ကီ နှလုံးသားလေး ဘာကိုမှ ကြားနိုင်စွမ်းမရှိတော့ပါလေ။ ဘက်ကီ ထွက် သွားတဲ့နောက် သူငယ်ချင်းတွေ စိုးရိမ်တကြီးပါသွား၏။

"ဟင့် ဟင့် ဟင့်၊ သမီး သိပ်မိုက်တယ် ကိုရယ်၊ ဟင့် ဟင့် ဟင့်"

ဒေါ်သီရိဂျွေစင် ဒါပဲပြောပြီး ငိုနေသည်။ သူမလို အိမ်ထောင် ဆက်မျှားမှာကို မလိုလားပေမယ့် သမီးလေးဆုံးဖြတ်တာက မိန်းကလေး တစ်ယောက်အတွက် အမိုက်မဲဆုံးလို့ ဒေါ်သီရိဂျွေစင် ယူဆကာ ယူကျုံး မရ ကြေကွဲသလို ရှက်ပြီးလည်း ငိုခြင်းဖြစ်သည်။

"သီရိရယ် နှတို့က ဘယ်အခြေအနေမှာဖြစ်ဖြစ် ညီ့လေးကို လက်လွှတ်စပယ် ပြုရက်မှာ မဟုတ်ပါဘူး၊ ဒီလောက်လည်း ဝမ်းမနည်း ပါနဲ့နော်"

"ဟုတ်တယ် ကိုတွား၊ ကိုယ်တို့ဘက်က သဘောထားမပြောင်း ဘူးကွာ"

ဦးအာကာဇော်နဲ့ ဒေါ်နုရည်သစ်က ညီ့အပေါ် ထိုမျှအထိ သဘောထားကြီးကြောင်း ထုတ်ပြောကာ ပြန်သွားကြသည်။

ဦးချိန်ဘွားမှာတော့ ဖနီးသည်ကို ချော့မော့ရုံသာ တတ်နိုင် သည်။ အခြေအနေအားလုံးကို အတွင်းဘက်က နံရံနဲ့ကွယ်ပြီး စောင့် ကြည့်နေတဲ့ အစိမ်းသွေးမျက်ဝန်းမှာ မျက်ရည်တွေရွဲကာ ဝေါခနဲ ပြိုကျ၏။



www.burmeseclassic.com

ထိုမျက်ရည်တွေက ဝမ်းနည်းခြင်းလား၊ ဝမ်းသာကြည်နူးခြင်းလား အစိမ်း မခွဲခြားတတ်တော့ပါ။ ဒါပေမဲ့ နှလုံးသားအသိမှာတော့ ညို့ ငြင်းဆန်မှုက အစိမ်းနှလုံးသားအတွက် ကံကောင်းခြင်းဖြစ်နေမလား လို့ တွေးမိကာ။

✿ ✿ ✿



## အခန်း (၂၂)

"တောက်"

စိုးစိုးသုတ ဒေါသတဖွားဖွားထွက်ကာ တောက်တခတ်ခတ် ဖြစ်နေသည်။ ဘာကြောင့်ဆိုတာ ခိုင်ခန့် သိနှင့်နေသည်။

ဒါကြောင့်မို့ ရှောင်ထွက်တဲ့သဘောနဲ့ ညှိခန်းထဲက ထွက်ခဲ့သည်။ တိုက်ဘေးရှိ စံပယ်ရုံထဲမှာ ခိုင်ခန့် သက်မတချချနှင့် ဟိုဟိုဒီဒီ လျှောက်သွားလိုက်၏။

သူ့ဇနီးက ဒီမောင်နဲ့ပတ်သက်လာရင် ဘီလူးဆိုင်းတီးဖို့သာ ပြင်းထန်နေတယ် မဟုတ်လား။

"သမီးရယ်၊ သမီးဒေါသကို ရှေ့ထားပြီး မပြောပါနဲ့နော် သမီး"



www.burmeseclassic.com

ယောက္ခမလုပ်သူက သမီးကို ဖျောင်းဖျရှာသည်။ မိခင်ဖျောင်းဖျလေ စိုးစိုးသုတ ပိုတင်းလေ ဖြစ်၏။

“ဒေါသရှေ့ထားနေတာ မဟုတ်ဘူး မေမေ၊ မေမေ့သား မိုက်လုံးကြီးနေတာက မိသားစုသိက္ခာကို ထိုးချနေတာနဲ့ တူနေတယ်၊ အဲဒီအတွက် ပြောရမှာပဲ”

သမီးကြီးစကားအဆုံးမှာ ဦးအောင်သုတနဲ့ ဒေါ်နှင်းပုလဲ သက်မတချချဖြစ်ကာ အပြစ်ရှိသူလို ခေါင်းငုံ့ထိုင်နေတဲ့သားကို ငဲ့ကြည့်သည်။

သားက မျက်လွှာချထားရာမှ အစ်မဖြစ်သူကို မော့ကြည့်ပြီး-

“နေပါဦး မမရယ်၊ ညီ့အပေါ် မမ ဘာလို့ အငြိုးကြီးနေရတာလဲ”

“ဘုရားရေ”

စိုးစိုးသုတ အံ့သြလွန်းလို့ ဘုရားတ၏။ မောင်ဖြစ်သူကို စွပ်စွပ်စွဲစွဲ ပြောလေခြင်းလို့လည်း စိုက်ကြည့်သည်။

မိဘနှစ်ပါးက သားနဲ့သမီးနား တစ်ဖက်စီ ရောက်သွားပြီး-

“တော်ကြတော့”

လို့ ပြိုင်တူ ဟန့်တားလေသည်။ သုတ ပြန်ပြောလိုတဲ့ စကားကို မျိုချလိုက်ပေမယ့် စိုးစိုးသုတက မျိုမချ။ မိဘနှစ်ပါးကို စူးစူးရဲရဲ ကြည့်ရင်း

“မေမေနဲ့ဖေဖေက သုတဘက်က ကာကွယ်ချင်တာလား”





“ဘယ်လိုပြောလိုက်တာလဲ သမီးရယ်၊ ဒီကိစ္စ ဖေဖေတို့ရင်မှာ ဘယ်လောက်မီးလောင်နေတယ် ထင်လဲ”

“မီးလောင်နေရုံနဲ့ မပြီးဘူးဖေဖေရဲ့၊ ဖေဖေ့သားက ဟိုဟာမကို ယူဖို့ တာဆူနေတာလေ၊ အဲဒါကို ဖေဖေတို့ လက်ပိုက်ကြည့်နေမှာလား။ မပြောမဆိုတော့ဘူးလား၊ မတားကြဘူးလား၊ ပြောလေ ဖေဖေ”

ဘယ်တုန်းကမှ ခွန်းတုံ့ပြန်မပြောဖူးတဲ့သမီးကြီး၊ ဒီလိုတွေ ပြောလာတော့ မိဘရင်မှာ ထိခိုက်ရလေပြီ။

“သားကို နားဝင်အောင် ဖေဖေတို့ ဆုံးမနေတာပဲ သမီးရယ်၊ သမီးလည်း သိနေတာပဲ”

“ဟုတ်သားပဲ သမီးရယ်၊ သားကို မေမေတို့ ဟင်းရွက်ကန်စွန်းလို ပစ်ထားတာမဟုတ်ဘူး၊ နွံထဲမနစ်အောင်တော့ ဖျောင်းဖျပြီး ဆွဲတင်နေတာပါကွယ်”

ဖေဖေ့စကားနောက် မေမေကပါ ဝင်ပြောသည်။ ဖေဖေနဲ့မေမေ ပျော့ပျောင်းစွာ ဝင်ပြောတာကို မမက ခနဲ့သဲ့သဲ့ ရယ်ချ၏။

“ဘာရယ်၊ နွံထဲ့မနစ်အောင် ဖောင်းဖျပြီး ဆွဲတင်နေတာ ဟုတ်လား မေမေ၊ ဟင့် ဟင့် ဟင့်”

သမီးက ခနဲ့စကားကိုဆိုလာတော့ မိဘနှစ်ပါး ခံခက်ခက်ကြီး ဖြစ်လေသည်။ ခိုင်ခန့် နားထောင်နေရင်း ရင်လေး၏။ မိဘနှစ်ပါး ခံခက်ကာ မျက်နှာကြီးတွေ ညှိုးမည်းလျက် တစ်ခုခုပြန်ပြောဖို့ပြင်လျှင်-



www.burmeseclassic.com

"ဟင့် ဟင့် ဟင့်၊ မေမေနဲ့ ဖေဖေ ဖျောင်းဖျပြီး နှံ့ထဲကဆွဲတင်နေတာနဲ့ မတူဘူး၊ မေမေ့သား ပထွေးလုပ်ခွင့်ရဖို့ အချိန်ပေးတာနဲ့တူနေတယ်၊ ဟင့် ဟင့် ဟင့်"

"ကျွတ်"

မိဘနှစ်ပါး မျက်နှာပျက်ရုံမက ဒီသမီးအပေါ် နာကျင်လာသည်။

"သမီး"

ဦးအောင်သုတ ခံခက်ခက်ချည်း ဖိခေါ်၏။ သမီးက အရေးမစိုက်။ တဟင့်ဟင့်နဲ့ ခနဲ့ပြီးရယ်နေဆဲ။

ဒီသမီးက သူတို့လင်မယား အငြိမ်းစားယူပြီးကတည်းက ရှာဖွေကျွေးမွေးလာတာ မှန်ပါသည်။ ဒါပေမဲ့ အဲဒီအပေါ်မှာ ဩဇာလွှမ်းမိုးလာခဲ့တာ တစ်ရစ်ပြီးတစ်ရစ်ရယ်။

ဘာကိစ္စမဆို မိဘရှေ့က နှာတစ်ဖျားအသာ စီရင်ဆုံးဖြတ်ကာမိသားစုအရေးကို လွှမ်းမိုးလာသည်။ သားကိစ္စမှာ ပိုသိသာကာ –

"ဖေဖေ"

သူ့ကြောင့် ဖေဖေ၊ မေမေနဲ့ မမတို့ သွေးကွဲမှာကို မလိုလားပါ။ ဒါကြောင့် ထိုင်နေရာမှ ထပြီး ဖေဖေနဲ့ မျက်နှာချင်းဆိုင်သည်။

ဖေဖေက မမကိုပြောဖို့ အဆင်သင့်ဖြစ်နေချိန်မှာ သုတကိုငဲ့ကြည့်သည်။ ထို့အတူ မမကလည်း သူ့ကို စောင်းစွေကြည့်ပြီး –





"သုတ နင့်ပါးစပ် ပိတ်ထား၊ နင် ပြောသမျှက ပထွေးလုပ်ချင်နေတဲ့ တပ်မက်စိတ်နဲ့ချည်းပဲ"

"တော်တော့ မမ၊ မမ,ပြောတာတွေ သိပ်လွန်နေပြီ"

"နို့ မဟုတ်လို့လား သုတ၊ နင့်ဟာမ ဟိုကောင်နဲ့ နေ့အိပ်ညအိပ် နေလို့ဝသွားပြီလေ၊ အဲဒါကြောင့် ဘက်ကီကို ခါထုတ်တာလေ"

"မမ,ထင်တာတွေ လျှောက်မပြောပါနဲ့"

"ပြောတယ်၊ ပြောတော့ နင်က ဘာလုပ်ချင်လဲ"

စကားဦးလှည့်လိုက်တိုင်း ညို့အပေါ် ခါးခါးသီးသီးမို့ ခပ်ရိုင်းရိုင်း စကားလုံးတွေနဲ့ချည်း ဖိနှိပ်တာ သုတ မနှစ်မြို့ဆုံး။

သူ့ကိုလည်း ပထွေးဘာညာနဲ့ ဦးချိုးတဲ့စကားလုံးတွေနဲ့ ကိုင်ပေါက်လိုပေါက်နဲ့။ နောက်ဆုံး ဘက်ကီ့ကို ညို ငြင်းတဲ့ကိစ္စက သူ့ကိုပိုလို့တောင် ဖိဖိစီးစီး ပြောဆိုလာတဲ့အထိ။

ဖေဖေနဲ့မေမေ စိတ်ပျက်လက်ပျက်နှင့် သားနဲ့သမီးကိုကြည့်ရင်းထိခိုက်နေရှာသည်။ ဒီအချိန်မှာ သုတ ပြတ်သားရမယ်လို့ယူဆကာ –

"ဒီမှာ မမ၊ မမဟာ ပတ်ဝန်းကျင်အလယ်မှာ ယဉ်ကျေးသိမ်မွေ့တယ်၊ သိက္ခာရှိတယ်ဆိုပြီး မာန်တဝင့်ဝင့်နေလာတဲ့ သူပါ"

"ဟုတ်တယ်၊ စိုးစိုးသုတတို့က ညနေညိုဆိုတဲ့မိန်းမလို ဆယ်လင်ယူတဲ့ မိခင်မျိုးက မွေးလာတဲ့သမီး မဟုတ်ဘူး၊ ညနေညိုလိုလည်း ဆတ်စလူးမထဘူး၊ ဟိုယောက်ျားကိုပစ်, ဒီယောက်ျားနဲ့ပေါင်းမယ်ဆိုတဲ့



www.burmeseclassic.com

စိတ်မျိုးနဲ့ သိက္ခာမဲ့တဲ့ဇာတ်ကို ဖန်တီးနေတဲ့ စာရိတ္တအပါးလွှာနေတဲ့ မိန်းမမျိုးမဟုတ်ဘူး၊ ဂုဏ်နဲ့ ဒြပ်နဲ့ သိက္ခာရှိတဲ့အဆင့်အတန်းနဲ့ ခေါင်းမော့ပြီး နေလာတာလေ၊ အဲဒါ ဘာဖြစ်လဲ''

''ဟင့် ဟင့် ဟင့်၊ မမက သိက္ခာရှိတဲ့အဆင့်အတန်းနဲ့ ခေါင်းမော့နေပေမယ့် ညီ့က မမလို သူတစ်ပါးကို မှိုချိုးမျှစ်ချိုး မပြောဘူး၊ သူများရဲ့အရှက်သိက္ခာကို မစော်ကားဘူး၊ သူများမိဘရဲ့အသိုင်းအဝိုင်းကြား သွားပြီး လက်ညှိုးတထိုးထိုးနဲ့ ပုတ်ခတ်ပြီး မပြောခဲ့ဘူး၊ အဲဒါ ဘာကြောင့်လို့ထင်လဲ''

''ဟင်''

စိုးစိုးသုတ ပြန်ပက်ဖို့ ခက်ခဲသွားသည်။

''ညီ့ဟာ မမလိုမျိုး သူများရဲ့အပြစ်အနာကို ဆွဲထုတ် ပုတ်ခတ်ပြီး ချိုးဖဲ့လိုက်မယ်ဆိုတဲ့ ယုတ်မာတဲ့ လူမှုရေးအတ္တ မရှိဘူး မမရဲ့''

''ဟင် သု သုတ၊ သုတ မမကို ဘယ်လိုပြောလိုက်တယ်၊ ပြန် ပြန် ပြောစမ်း''

စိုးစိုးသုတ အသားတဆတ်ဆတ်တုန်ကာ မောင်ဖြစ်သူရှေ့တိုးလာရင်း နာကျင်ခံပြင်းစွာ လက်ညှိုးတထိုးထိုးနဲ့ မေး၏။

သုတကလည်း အောင့်ထားမနိုင်တော့။ ဘာကိုမှ မငဲ့ကွက်ဘဲ ပြောချသည်။

''ဟုတ်တယ်လေ၊ မမက မမကိုယ်မမ သိက္ခာကြီးလေခြင်း





ဆိုပြီး ဂုဏ်တင်ရုံမက ညီ့နဲ့ညီ့မိဘရဲ့ အပြစ်အနာအဆာတွေကို ဆုပ်ပြီး အရှက်ခွဲပစ်တာလေ၊ အဲဒါက မမရဲ့ ယုတ်မာပက်စက်တဲ့ လူမှုရေးအတ္တ မဟုတ်ရင် ဘာလဲ''

''ဟင် တောက်၊ ပြောဦး၊ ယုတ်မာပက်စက်တယ်လို့ ပြောဦး၊ ဖြန်း ဖြန်း''

စိုးစိုးသုတ လက်နှစ်ဖက်မြှောက်တက်သွားကာ မောင်ဖြစ်သူရဲ့ ပါးပြင်ကို စုံရိုက်ချလိုက်သည်။

''ဟင်''

ထင်မှတ်မထားတဲ့အဖြစ် မိဘနှစ်ပါး ကြောင်သွားသည်။ သုတ ပူကြိမ်းသွားတဲ့ ပါးနှစ်ဖက်ကို ယောင်ယမ်းဖိအုပ်လျက် –

''မမ''

ဟု နာနာကျင်ကျင် ခေါ်သည်။ စိုးစိုးသုတ လက်တစ်ဖက် ခါးပေါ်တင်၏။ မျက်နှာမော့ရင်း လက်ညှိုးထိုးပြောချသည်။

''ငါ့ကို တစ်သက်လုံး မော်မကြည့်ရဲတဲ့မောင်က ဟိုဟာမဘက်ထိတော့ အစ်မလုပ်သူကို ရက်ရက်စက်စက် ပြောချရက်တယ်၊ ဟွန်း စိုးစိုးသုတကို ဒီလို ဘယ်တော့မှမပြောနဲ့''

''တော်ကြတော့ တော်ကြပါတော့''

သားမျက်ရည်ကျတာမြင်တော့ ဒေါ်နှင်းပုလဲ ငြိမ်မနေတော့။ သမီးရှေ့က တားရင်း ဟန့်တားသည်။ ဦးအောင်သုတလည်း စိတ်ထိ



www.burmeseclassic.com

နိုက်ကာ -

"တော်ပါတော့ သမီးစိုးစိုး၊ ဖေဖေနဲ့မေမေ သက်ရှိထင်ရှား ရှိနေသေးတယ်ဆိုတာ သမီးခေါင်းထဲ ထည့်ထားပါဦးကွယ်၊ ဒီကိစ္စကို ဖေဖေပဲ ဆုံးဖြတ်မယ်၊ ဒီနေ့ကစပြီး သားနဲ့သမီး ဖေဖေပြောတာ နာခံရ မယ်၊ ဒါပဲ"

ဦးအောင်သုတ ဖအေပါဝါ သုံးရလေသည်။ သမီးကြီးက အံ ကြိတ်မဲ့ကာ အနိုင်ပိုင်းတဲ့မျက်နှာထားနဲ့ ထွက်သွားသည်။ သားက မျက် ရည်သောသောကျရင်း နာကျင်စွာ အံကြိတ်ကာ။ မိခင် ချော့မော့တဲ့ လက်ကို ဖယ်ရှားပြီး အခန်းထဲဝင်သွားသည်။

ဖခင်နဲ့မိခင်က သားနဲ့သမီး ကျောပြင်ကို တစ်လှည့်စီကြည့်ရင်း ဒီအရေးအတွက် ရင်မှာလောင်တဲ့မီးက ပို၍ပင် တောက်လောင်သလို ခံစားနေရသည်။

သမက်လုပ်သူက ရှောင်နေနိုင်ပေမယ့် မိဘအနေနဲ့ ဒီကိစ္စ ရှောင်နေလို့ မဖြစ်နိုင်။ အစကတည်းက သမက်ပြောတဲ့အစီအစဉ်ကို လက်ခံခဲ့ရင် အကောင်းသား။

"ဒီကိစ္စမှာ စိုးစိုးဘက်က သိပ်ပြင်းထန်နေတာ ကျွန်တော် သိပ်ပြီးသဘောမကျဘူး ဖေဖေ"

"ဘာဖြစ်လို့လဲ မောင်ခန့်"

"ဖေဖေပဲ စဉ်းစားကြည့်လေ၊ တကယ်ဆို ညှိုနဲ့သုတ မနီးစပ်





အောင် လုပ်ဖို့က အလွယ်လေးရယ်၊ ပထမလမ်းက ချော့မော့သိမ်းသွင်း ဖို့ ဒုတိယလမ်းက အစီအစဉ်ရှိတဲ့အတိုင်း သုတကို အမေရိကလွှတ်လိုက် ဖို့ ချော့မော့သိမ်းသွင်းရင် သုတက မိဘမောင်နှမစကားကို နားဝင်လာ မယ်၊ မိဘမောင်နှမရဲ့ ဂုဏ်သိက္ခာကိုငဲ့ကြည့်မယ့် အလားအလာရှိတယ်၊ အမေရိကလွှတ်လိုက်ရင် အခြေအနေက တစ်မျိုးပြောင်းလဲသွားမယ်လို့ ကျွန်တော် ယူဆတယ်၊ အဲဒီနှစ်နည်းထဲက တစ်နည်းမှ မသုံးဘဲ ကြမ်း တမ်းပေါက်ကွဲရုံမက တစ်ဖက်မိန်းကလေးနဲ့ သူတို့ဂုဏ်သိက္ခာရဲ့ ဆိုးကျိုး တွေကို ဖော်ထုတ်ပြီး ပြဿနာလိုက်ရှာတာက လူငယ်တွေရဲ့စိတ်ကို ထိုးဆွတာနဲ့ တူနေတယ်၊ အဲဒီတော့ လူငယ်တွေဆိုတာ သွေးဆူပြီး သူတို့ဆုပ်ကိုင်ထားတဲ့အဖြစ်အပျက်ကို လွှတ်ချဖို့ထက် ရှေ့ဆက် ပိုပြီး ဆုပ်ကိုင်ခွင့်ရဖို့ပဲ တာဆူနေမှာလေ၊ အဲဒီအခါ ကျွန်တော်ထင်တယ်၊ မိသားစုကြားမှာ အဆိုးဆုံးဖြစ်ကုန်မယ်လို့"

ဦးအောင်သုတ သက်ပြင်းတချချနဲ့၊ ခုတော့ သမက်ပြောသလို အဆိုးဆုံးအခြေအနေ ရောက်လို့နေပေပြီ။ သူတို့မိဘအနေနဲ့ ဘာဆက် လုပ်ရမလဲ။

သမက်ပြောသလို နည်းလမ်းနှစ်သွယ်ထဲက တစ်ခုခုနည်းကို ရွေးရမလား၊ ရွေးရမယ့်အချိန် ရောက်လာပြီလား။

ဘယ်နည်းကို ရွေးရမှာလဲ၊ ပထမနည်းကိုရွေးရင် ဖြစ်နိုင်မလား၊ ဟင့်အင်း။ ဒါတော့ မဖြစ်နိုင်တော့ဘူး။ သားက ပြတ်သားနေသလို



www.burmeseclassic.com

တစ်ဖက်မိန်းကလေးက ဖွတ်တရွတ် ဖြစ်နေသည်။

ဒီတော့ ဒုတိယနည်းကိုပဲ သုံးရတော့မည်။ ထိုနည်းကရော အောင်မြင်နိုင်မလား။ အဲဒီအတွက် တွေးပူရလေပြီ။

ဒုတိယနည်းနဲ့ မဟုတ်ရင်လည်း ကိစ္စမရှိ၊ တခြားနည်းသုံးပြီး မရ ရအောင် သားနဲ့ ထိုမိန်းကလေးကို စည်းတားရမယ်။

မတားလို့မှ မရဘဲလေ။

သူတို့မိသားစုက ဂုဏ်သိက္ခာကြီးစွာ ခေါင်းမော့ရှင်သန်နေတဲ့ မိသားစုဆိုတော့။

✿ ✿ ✿



## အခန်း (၂၃)

"အဟင့်"

ဘက်ကီ့ရင်ထဲမှာ ခြောက်ခန်းစွာ မဲ့လိုက်မိသည်။ မျက်လုံးထဲ ညို့ပုံရိပ်ကို မြင်ယောင်လာလျှင် နှလုံးသားမှာ မာကျစ်ကာ အသည်းနှလုံးက စကားလုံးတွေ အုံကြွလို့လာသည်။

ပျော်မြူးခဲ့တဲ့ ရင်ခုန်သံတွေဟာ တစ်ဘဝလုံးအတွက် မဟုတ်ဘူးတဲ့လား ညို့ရယ်။ အဲဒီတုန်းက ငါ့ရင်ခုန်သံတွေဟာ ညို့ကို ဘာသာမပြန်တတ်ခဲ့တာ ဘာလို့လဲကွယ်။

ညို့က ဟန်ဆောင်ကောင်းတာလား။ ဒါမှမဟုတ် ရင်ခုန်ပျော်မွေ့စရာ ရင်ခွင်တစ်ခုမရှိသေးလို့ သူ့ရင်ခွင်မှာ တစ်ထောက်နိုဝင်တာမျိုး



www.burmeseclassic.com

လား။ ပြောပါ ညို။

ငါ့မှာတော့ တစ်ဘဝလုံးအတွက် ရည်မှန်းပြီး ပျော်ရွှင်ခဲ့တာ အရှုံးအမှုး။ ညိုကလွဲပြီး ငါ့အတွက်က တခြားမိန်းကလေးတွေဟာ ဖွဲနဲ့ဆန်ကွဲပဲ။

အခြေအနေတွေ လွန်နေတာတောင် ဂုဏ်သိက္ခာအတွက် မငဲ့ ကွက်တဲ့ညို၊ ငါ ဘယ်လိုနားလည်ရမလဲ။

"မင်းဖီလင်တွေ လမ်းကြောင်းပြောင်းလိုက်တော့ ဘက်ကီ"

ရှိန်းဗညား ခံပြင်းစွာ အကြံပေး၏။

"မှန်တယ် ဘက်ကီ"

မွန်းမွန်းကလည်း ထောက်ခံသည်။ ဘက်ကီ ခပ်တွေတွေလေး ငေးနေတာ စံစံရှိစ်နဲ့ စပ်မီမီက ဘက်ကီ့ကို အားမလို အားမရ ကြည့်လေသည်။

"ဟုတ်သားပဲ ဘက်ကီ၊ စိတ်ကတော့ သူဖြူ ကိုယ်ဖြူ၊ သူစိမ်း ကိုယ်စိမ်းပဲ ဖြစ်စေချင်တယ်"

"အဲဒါအမှန်အကန်ပဲ၊ ကိုယ်က ဖြူပြီး သူက စိမ်းနေရင် ဘယ်လောက်ပဲ ကြိုးစားကြိုးစား ဖြူလာဖို့ နတ္ထိပဲ"

စပ်မီမီပြောတာကို စံစံရှိစ်လည်း အားတက်သရော ထောက်ခံ သည်။ ရှိန်းဗညားက ဘယ့်နှယ်ရှိစဆိုတဲ့ မျက်နှာမျိုးနဲ့ မျက်ခုံးပင့်ပါပါ ပင့်၏။ ပြီးတော့ ဝီစကီခွက်ပါ ကမ်းပေးသည်။





ဖန်ခွက်တစ်ဝက်သာသာရှိနေတဲ့ ဝီစကီခွက်ကို ဘက်ကီ ဆုပ် ကိုင်ထားရင် –

"ငါ့ရင်ထဲမှာ ဝေခွဲရခက်နေတယ်ကွာ"

"ဘာကိုလဲ"

"ညို အပြင်းအထန် ငြင်းပစ်တဲ့အကြောင်းရင်းက ဘာလဲ"

ရှိန်းဗညား စားပွဲခုံကို လက်နဲ့တစ်ချက်ပုတ်ရင်း ပြော၏။

"အဲဒါ ပွိုင့်ပဲ ဘက်ကီ၊ ကိုယ်ကလည်း အဲဒါကိုပဲ ပြောချင်နေ တာကွ"

"ဘာလဲ ရှိန်း၊ ပြောလေ"

ရှိန်းဗညား စကားမဆုံးသေး။ မွန်းမွန်း သိလိုလှစွာ မေးလေ သည်။ ဘက်ကီက ဝီစကီခွက်ကို တစ်ကျိုက်မော့သောက်၏။ မိန်းကလေး သူငယ်ချင်းတွေလည်း စင်းဂါးဘီယာကို အပျင်းပြေသဘော သောက်ထား သည်မို့ စကားဝိုင်းက စည်သည်။

သူတို့အုပ်စုက ဆုံကြတွေ့ကြရင် သောက်မယ်စားမယ်၊ ပျော် မယ် ပါးမယ်။ အကြောင်းအရာတစ်ခုရရင် အမျှင်မပြတ်တမ်း ပြောဆို တတ်တာ သူတို့အုပ်စုရဲ့ ယဉ်ကျေးမှုဆိုလည်း မမှားပေ။

ခုလည်း ထိုနည်းလည်းကောင်း။ ဘက်ကီနဲ့ညို့ကိစ္စ ပြောမဆုံး ပေါင် တောသုံးတောင် ဖြစ်ရလေပြီ။

"ကဲပါ မြန်မြန်ပြောစမ်းဟာ"



www.burmeseclassic.com

ရှိန်းကို ပခုံးချင်းတိုက်ရင်း မွှန်းမွှန်းမေးလေသည်။ ရှိန်းက အမြည်းကို စိမ်ပြေနပြေ ဝါးနေတာမို့ မွှန်းမွှန်း စိတ်မရှည်တော့ဘဲ စကားထောက်မေးခြင်း။

သူငယ်ချင်းတွေ သိလိုနေကြပြီမို့ ရှိန်းဗညား ဘဲခြေထောက်ပေါင်းကို ဝါးရင်းပြော၏။

"ညို ဘာကြောင့်ငြင်းလဲဆိုတော့ နွားတစ်ကောင်ရှိနေတယ်လေ၊ ခေတ်သုတဆိုတဲ့ ငနဲက ပခုံးတပြင်ပြင်နဲ့၊ အဲဒါကို ညိုက အဟုတ်ကြီး ထင်နေတာ၊ တကယ့်လက်တွေ့မှာ ဖြစ်နိုင်မတဲ့လား"

အားလုံး ခေါင်းတညိတ်ညိတ်နဲ့ ဖြစ်ကုန်သည်။ တကယ့်လက်တွေ့မှာ မဖြစ်နိုင်မှန်း ကိုယ်စီသိသည်။

"ဟုတ်တယ် ရှိန်း၊ မဖြစ်နိုင်ဘူးဆိုတာ သိသိကြီးနဲ့ ညို ငြင်းထန်နေတာ ရို့စ်တို့ အရမ်းအံ့ဩတယ်၊ ခေတ်သုတတို့မိသားစုက ဂုဏ်သိက္ခာကို အသက်လို တန်ဖိုးထားတာလေ၊ ညိုတို့မိသားစု အစဉ်အလာနဲ့ယှဉ်ရင် ဆီနဲ့ရေ"

"အဲဒါကြောင့် မီပြောတာ၊ သူဖြူ ကိုယ်ဖြူ၊ သူစိမ်းမှတော့ ကိုယ်လည်းစိမ်းလိုက်လေ၊ ဒါပဲ ညို ထိုက်တန်တာ၊ မဖြစ်နိုင်တာကြီးကို ဂဟေဆက်ချင်နေတဲ့ ညို ရှေ့ဆက် ဝင့်လည်ဖို့ရှိတယ်၊ မယုံရင် စောင့်ကြည့်လိုက် ဘက်ကီ"

စံစံရို့စ်နဲ့ စပ်မီမီ အားမနာတမ်းပြော၏။ ဘက်ကီမှာ ခေါင်းတွေ





ပူလာသည်။ ဘယ်ဘက်ကမှ မဖြစ်နိုင်မှန်းသိနေလျက်နဲ့ ညို မိုက်မဲတာကို ဘက်ကီ မခံစားနိုင်ဆုံးဖြစ်သည်။

ရှိန်းဗညားက ဘက်ကီ့စိတ်ကို ရိပ်မိတာမို့ –

"ဘက်ကီရာ နှလုံးသားဆိုတာ သူ့ဘက်ကိုယ့်ဘက် မျှမျှတတ ခံစားပေးမှ အနှစ်သာရရှိတဲ့ ချစ်ခြင်းဆိုတာကို ခံစားလို့ရမယ်၊ ပြီးတော့ မင်းက ယောကျ်ား၊ အခွင့်အရေးတွေ အများကြီး၊ မခံစားပေးနိုင်တဲ့ မိန်းကလေး ဧကျာင်းပေါ့ကွာ"

ရှိန်းဗညားပခုံးကို ဖက်ရင်း ဘက်ကီ့ကို အားအပြည့်ပေးသည်။

"ရှိန်းသီအိုရီအတိုင်း ကျင့်စမ်းပါဟာ"

စပ်မီမီလည်း ဘက်ကီပခုံးကို ဖျတ်ဆိုပုတ်ရင်း တွန်းအားပေး၏။

"အေးနော်၊ တစ်ယောက်ဆိုတစ်ယောက်ဆိုတဲ့ ဖီလင်ကြီး ဆုပ်ကိုင်မထားနဲ့၊ နှလုံးသားလေး ပင်ပန်းတယ်၊မောင်ဘက်ကီရဲ့၊ ဟင့် ဟင့်"

စံစံရို့စ် မြူးမြူးလေးပြောတော့ ဘက်ကီနှလုံးသားက ဝီစကီ အရှိန်နဲ့ ရီဝေသွား၏။

ခေတ်သုတကြောင့် ဘက်ကီ့အပေါ် ရှောင်ဖယ်စိမ်းကားသွားတဲ့ ညို့အမူအရာတွေနောက်မှာ တရိပ်ရိပ် ဝင်လာသူလေးက ဘက်ကီ့ မျက်လုံးထဲ ဘွားခနဲ မြင်လာသည်။ သူ့ကို စိတ်တွေ လှုပ်ရှားအောင်



www.burmeseclassic.com

အစဉ်အမြဲ သရိုးသရီ စိုက်ကြည့်တတ်သည့် အစိမ်းသွေး။

ဟင့်အင်း သွားစမ်းပါ။

ဘက်ကီ ခေါင်းယမ်းပစ်လိုက်သည်။

"ဘက်ကီရယ် ယူ့ကို မကြင်နာတဲ့သူအတွက် အသည်းမကွဲချင်ပါနဲ့၊ ယူအသည်းကွဲတာနဲ့ မထိုက်တန်ဘူးလေ၊ ယောက်ျားပဲ၊ ညို တောင် ပြတ်နိုင်သေးတာပဲ၊ ယူလည်း တိခနဲ ဖြတ်ပစ်လိုက်"

"အိုကေ၊ အဲဒါပဲ ကိုယ်ပြောတာ ရို့စ်ရယ်"

ရှိန်းဗညား အပြတ်အသတ် ထောက်ခံနေသည်။ ပြီးတော့ ရို့စ်က မျက်ရိပ်လေးနဲ့ အစိမ်းရုပ်သွင်လေးကို ဖော်ပြ၏။

အစိမ်းက ပိုက်ပိုက်နဲ့ အခွဲလိုက်ရတဲ့နောက်ပိုင်း ပိုပြီး မြူးကြွသွက်လက်လို့လာသည်။ ဒါပြင် ပိုပြီးပွင့်လင်းလျက်။ ဘယ်ယောက်ျားလေးနဲ့မဆို အပျော်တွဲတတ်၏။ သူတို့အသိုင်းအဝိုင်းမှာ တစ်ယောက်နဲ့ တစ်ယောက် တွဲကြ၊ ခွာကြတာ မထူးခြား။

အားလုံးက ဒီအတိုင်းချည်းပဲ။ အထူးသဖြင့် ဘက်ကီကို ညိုရှောင်ခွဲနေမှန်းသိကတည်းက အစိမ်းက ဘက်ကီ့ရဲ့ တွဲဖော်တွဲဖက်ဖြစ်လာသည် မဟုတ်လား။ ထိုသို့တွဲတဲ့အထဲမှာ သကြီန်တုန်းက အကဲဆုံးလေ၊

ကားနဲ့ ရေပက်ခံထွက်တိုင်း ဘက်ကီ့ရင်ခွင်ထဲက မခွာတဲ့ အစိမ်းရယ်။ အကြည့်တွေကအစ ဘက်ကီ့အပေါ် ညွတ်ညွတ်ယိုင်လျက်။





ယောက်ျားကြိုက်က ဘာလဲဆိုတာ အစိမ်းက နောကျေနေပြီးသား။

ဘက်ကီကသာ ညို့အတွက် ဖီလင်နဲ့မို့ သတိမထားမိခြင်း။ ခုလိုအနေအထားမှာ ဘက်ကီ့အတွက် ဖြေဆေးက အစိမ်းလည်း ဖြစ်နိုင်သည်။ ဒါမှမဟုတ် တခြားမိန်းကလေးတွေလည်း ဖြစ်နိုင်သည်။

ဒါကြောင့် သူငယ်ချင်းပီသစွာ ဘက်ကီ့ဝေဒနာတွေနဲ့ နစ်ပါးသွားလေး မကစေချင်။ ပြီးတော့ ညို့ကိုလည်း ခံစားရစေချင်သည်။

ညိုက ခေတ်သုတအတွက် ပြတ်သားနေမှတော့ ဘက်ကီ့အနေနဲ့လည်း မမှုပါဘူးကွာဆိုတာမျိုးနဲ့ တစ်ယောက်ယောက်နဲ့ ဖြေသိမ့်စေလိုသည်။ ဒါကြောင့်မို့ သူငယ်ချင်းအားလုံး စိတ်ကူကိုယ်တူ လမ်းခင်းပေးခြင်းရယ်။

"ဒီမှာ ဘက်ကီ၊ ညို မင်းရင်ခွင်ထဲ တစ်ပတ်ပြန်လည်လာစေရမယ်၊ စိတ်ချ၊ ခေတ်သုတက ညို့ကို လိုချင်ဦးတော့ သူ့မိဘမောင်နှမ ပြင်းထန်နေတဲ့အချိန်မှာ နွားဖြစ်ခွင့်ရမှာမဟုတ်ဘူး၊ အဲဒီတော့ မင်းရင်ခွင်ထဲ ရောက်ကိုရောက်လာစေရမယ်၊ အဲလိုရောက်လာဖို့ လက်ရှိ မင်းခံစားနေရတာတွေ ဖြေလျှော့ပိုက်ဖို့ လိုတယ်ကွ"

ရှိန်းဗညား ဘာကိုဦးတည်ပြောမှန်း ဘက်ကီရိပ်မိလာသည်။ ခုချိန်မှာ ဘက်ကီ့ရင်ခွင်ထဲ တစ်ယောက်ယောက်ကို ဆွဲသွင်းထားချင်စိတ်ကလေး ရှန်းကြွနေတာ ကိုယ်တိုင်သိသည်။

"ညို ငါ့ရင်ခွင်ထဲ ပြန်ရောက်လာဖို့ ငါ ဘာလာလုပ်ရမလဲ"



www.burmeseclassic.com

အမှူးလွှန်ကာ ရင်ဘတ်ကို တဘုန်းဘုန်းထုရင်း မေးနေရှာတဲ့ ဘက်ကီ။ သူငယ်ချင်းအားလုံး ကိုယ်ချင်းစာစိတ်နဲ့ကြည့်ပြီး မျက်စတွေ ပစ်ဖော်။

"အင်း"

ရှိန်းမညား နားလည်သွားဟန်တူသည်။ ဘက်ကီကတော့ ခေါင်း ပင် မထောင်နိုင်တော့။ နှုတ်က တညီညီနဲ့ ရွတ်ရင်း စားပွဲပေါ် မှောက် လျက်ဖြစ်လေပြီ။

ဘက်ကီ့အာရုံမှာ လွှမ်းမိုးနေတာ ညို။ ဘက်ကီ့နှလုံးသားက တောင့်တနေတာ ညို။ သူငယ်ချင်းတွေ ဘယ်လိုပြောပြော စိမ်းနေတဲ့ ညို့နှလုံးသားကို အဖြူရောင်ဆေးဆိုးပေးချင်စိတ်သာ လွှမ်းမိုးလျက် တောင့်တနေသည်က –

ညို ညိုရေ –

ငါ့ရင်ဘတ်ကို ခွဲဖွင့်ကြည့်ပါကွာလို့။

✿ ✿ ✿



## အခန်း (၂၄)

"ညို စိတ်ချပါ"

"သုတကို မြန်မြန်လေးဆက်ခိုင်းနော်၊ ညို့ဘက်ကဆက်ရင် သုတ ဖုန်းကိုင်လို့ရမှာမဟုတ်ဘူး၊ သုတအိမ်က လူတွေနဲ့ချည်း တိုးနေ မှာလေ"

"ခင်သာနားလည်ပါတယ်၊ ခင်သာတို့က သုတဘက်တော်သား ပါ၊ ညို စိတ်မပူပါနဲ့၊ ဒါပဲနော် ညို"

"အင်း"

ညို ကျေနပ်စွာ ဖုန်းချလိုက်သည်။ သုတနဲ့တွေ့ခွင့်ရဖို့အတွက် ခင်သာ့ကိုပဲ အားကိုးနေရသည်။ တော်ပါသေးတယ်၊ ခင်သာတို့အားလုံး



www.burmeseclassic.com

ညို့ဘက်က ရှိကြလို့။

လောလောဆယ်အခြေအနေမှာ သုတ အပြင်ထွက်ခွင့် မရသေးတာမို့ ညို့ဘက်က ခြေငြိမ်နေရခြင်း။ အပြင်ထွက်ခွင့်မရသေးတဲ့အတောအတွင်း ဖုန်းလေးဆက်ခွင့်ရရင် ဖြေသာဦးမယ်။

ခင်သာက စိတ်ချပါတဲ့။ စိတ်ချဆိုတဲ့အတိုင်း ညို့ လက်ကိုင်ဖုန်းလေး တကိုင်ကိုင်နဲ့။

ချစ်သူဆီက ဖုန်းမျှော်ရတာလည်း ဖီလင်တစ်မျိုးရှိလှသည်။ သုတ ဖုန်းဆက်လာရင် ညို့ ဘယ်လိုမျှော်နေရလဲဆိုတာ ပြောပြရမှာပေါ့။

ဟုတ်တယ်။ မျှော်နေရင်း ညို့ ရင်ခုန်လို့နေသည်။ ဖုန်းလိုင်းကောင်းကောင်းမိတဲ့ တိုက်အပေါ်ဆုံးထပ်ရဲ့ လေသာဆောင်မှာ ထိုင်နေလိုက်တဲ့အထိ။

ညမှောင်နေပေမယ့်လည်း ညို့ရင်ထဲ မျှော်လင့်ချက်နဲ့ ကြည်နူးနေသည်။ လဆန်းရက်မို့ ကောင်းကင်ကြီးက လှနေသည်။

ကြယ်ပွင့်လေးတွေ ဟိုနား ဒီနား လက်ဖြာနေသည်က ညို့စိတ်အာရုံကို ဖမ်းစားလို့နေသည်။ ထိုစဉ် ညို့လက်ကိုင်ဖုန်းလေး မြည်လာသည်။

ညို အားရဝမ်းသာနဲ့ ပေဂျာပေါ်ကနံပါတ်ကို ကြည့်၏။ ညို့ ထင်သလို သုတဆီက မဟုတ်။ ရှိန်းဗညား ဖုန်းနံပါတ်ကြီး။

ဒီကောင်တွေနဲ့ စကားမပြောချင်ဘူး။ ဒါပေမဲ့ သူငယ်ချင်းတွေ





ဆိုတော့ ဘာပဲဖြစ်ဖြစ်လေ။ ပြောလိုက်မယ်လို့ ဆုံးဖြတ်ပြီး ဟဲလိုနဲ့ ပြန်ထူး၏။

"ညို"

"ပြောလေ ရှိန်း"

"ညိုလာခဲ့ပါလား"

"ဘာလုပ်ဖို့လဲ"

"ဒီမှာ ညို လာကြည့်၊ ဘက်ကီလေ"

"ဘက်ကီ၊ ဟွန်း စိတ်မဝင်စားဘူး"

"စိတ်မဝင်စားလို့ မရဘူး၊ ညို ငြင်းလိုက်လို့တဲ့၊ ခံစားပြီး ပေါက်ကွဲနေတာ လူမှန်းတောင် မသိဘူး"

"ဘာရယ်၊ လူမှန်းတောင် မသိဘူး၊ ဟုတ်လား၊ ရှိန်း ဆိုလိုချင်တာက ညို့ကြောင့် ဘက်ကီ အသားကုန်သောက်ပြီး မှောက်နေတယ်ပေါ့၊ ဟုတ်လား"

"အေး ဟုတ်တယ်"

"အဲဒါဆို နင်တို့ပဲ ပြုစုလိုက်၊ ဒါပဲ"

ညို ပြောပြီး ဖုန်းပိတ်လိုက်၏။ အလကား ငကြောင်။

အမူးသောက်ပြီး မှောက်နေတာများ ဆန်းလွန်းလို့။ ညို ဖုန်းပိတ်ပြီး နောက်ပြန်လှည့်လိုက်တော့ ရိပ်ခနဲ မြင်လိုက်တဲ့ လူရိပ်။

အစိမ်းသွေးမှန်း ညိုသိလိုက်သည်။ ညို ဖုန်းပြောနေတာကို



www.burmeseclassic.com

နိုးနားထောင်တာလား။ ဒါမှမဟုတ် ညို ဖုန်းပြောနေမှန်းသိလို့ ရှောင်ထွက်သွားတာလား။

ရှောင်သွားတာ ဖြစ်နိုင်တယ်လို့ ညိုယူဆသည်။ အစိမ်းကလည်း လသာဆောင်ပေါ် ညတိုင်းမဟုတ်ရင်တောင် စိတ်ကူးပေါက်တဲ့ညမျိုး လာထိုင်တတ်တယ် မဟုတ်လား။ ညို ရှိနေတာမို့ ရှောင်မသွားတာ ဖြစ်နိုင်တယ်။

ရှောင်သွားတယ်ဆိုရင် ကျေးဇူးပဲ အစိမ်းရယ်။ ညိုက လသာဆောင်ပေါ်မှာ အကြာကြီးနေဦးမှာ။ သုတဆီက ဖုန်းဆက်လာမယ့်အချိန်ကို စောင့်မျှော်နေရမှာလေ။ လွဲပုခက်လေးပေါ် အသာထိုင်ရင်း နေလိုက်သည်။

မကြာပါ။ ကားသံကြားလို့ လှမ်းကြည့်လိုက်တော့ အစိမ်းရဲ့ ကားလေး ခြံဝင်းထဲက ထွက်သွားချေပြီ။

သွားပေါ့ကွယ်။

✿



"တီ တီ တီ"

"အို"

ညို ထခုန်မတတ် ဝမ်းသာမြူးတူးသွားသည်။ အခုမှ ညို စောင့်မျှော်နေတဲ့ သုတဆီက ဖုန်းခေါ်လေပြီ။

"ဟဲလို၊ သုတ္တ သုတနော်"

ညို ဟန်မဆောင်နိုင်တမ်း ပြောလေသည်။

"ဟုတ်တယ် ညို"

"သုတ"

"ဟင်"



www.burmeseclassic.com

"သုတ ညို့ကို တကယ်ချစ်တာနော်"

"ညိုရယ်"

ရင်ခုန်သံတို့နှင့် ပျော်ဝင်အိစက်နေတဲ့ သုတ ရေရွတ်သံလေး။ ညို့နှလုံးသားမှာ ရင်ခုန်ခံစားမှုတို့ ညွတ်ပျောင်းသွားလေသည်။ ညိုရယ် လို့ ရေရွတ်ရင်း သုတပြောသည်က –

"ချစ်တာပေါ့ ညိုရယ်၊ ညို့ကို မောင် တစ်ဘဝလုံးအတွက် ချစ်တာ"

မောင်တဲ့၊ သုတ သူ့ကိုယ်သူ ချစ်သူနာမ်စားလေးသုံးလိုက်တာ ညို ရင်ခုန်သံတွေ ညိုးညိုးညံ့သွားလေသည်။

"မောင်ပြောတာ ညိုယုံလား"

"ယုံတာပေါ့ မောင်ရယ်၊ သိပ်ယုံတာပေါ့၊ ညိုလေ မောင့်ကို အရမ်းတွေ့ချင်နေတာ"

"မောင်လည်း တွေ့ချင်တယ်၊ ဒါပေမဲ့"

"ဒါ ဒါပေမဲ့ ဘာဖြစ်လဲ ဟင်"

"လောလောဆယ်ဆယ် မေမေတို့နဲ့ အချေအတင်ဖြစ်နေလို့ မောင် ငြိမ်ကုပ်နေရတယ်၊ အခွင့်သာတာနဲ့ မောင်ထွက်ခဲ့မယ်၊ ညို မောင့်နောက်လိုက်ရဲလား"

"စိန်မခေါ်ပါနဲ့ မောင်ရယ်"

"အဲဒါဆို ပြီးရောညို၊ ညို့ဘက်က အဆင်သင့်လုပ်ထား





မောင် ဆက်သွယ်တာနဲ့ ညို ထွက်ခဲ့လေ၊ မောင်နဲ့ညို နှစ်ယောက် တစ်ဘဝ တည်ဆောက်ကြတာပေါ့"

"အိုကေ ဒါနဲ့မောင်"

"ဘာပြောမလို့လဲ ညို ပြောလေ"

ညို တစ်ချက် တွေခနဲဖြစ်သွားသည်။

ညကောင်းကင်ပြာပေါ်က ကြယ်သံတွေကို တစ်ချက်မော့ကြည့်ရင်း –

"ဟိုလေ မောင် ညို့အတွက် တစ်ချိန်ချိန်မှာ ဝမ်းနည်းစရာ၊ ဒါမှမဟုတ် နောင်တရစရာတွေကိုများ ခံစားရစေမလားလို့"

"ဘာဖြစ်လို့လဲ ညို"

"ညိုက မောင်သိတဲ့အတိုင်းလေ၊ ပြီးတော့ ဘက်ကီနဲ့"

"တော်ပါတော့ ညိုရယ်"

ညို့စကားမဆုံးလိုက်။ သုတ ချက်ချင်း ဖြတ်ပြောလေသည်။

"မောင်က ညို့ကို တစ်သက်လုံးအတွက် ဖြူဖြူစင်စင်ချစ်သွားမယ့်သူပါ၊ ညို ဘာကြီးပဲ ဖြစ်ခဲ့ဖြစ်ခဲ့ ညိုဟာ ညိုပါပဲ၊ ဂုဏ်သိက္ခာဟာ တစ်ခါတစ်ရံမှာ ပတ်ဝန်းကျင်ပယောဂတွေနဲ့ ညစ်ထေးထေး ဖြစ်နေပေမယ့် ဒါကို ရွံရှာစရာလို့ စွန့်ဖယ်ထားလို့မှ မရတာ၊ ဒါပေမဲ့ ဂုဏ်သိက္ခာ မရှိခဲ့တာကို ဘေးဖယ်ထားပြီး ဂုဏ်သိက္ခာရှိအောင် ဆက်ပြီးနေထိုင်သွားဖို့ပဲ အရေးကြီးတယ်၊ မောင့်နှလုံးသားအတွက် ညို့မှာ ကောင်းကင်လို



www.burmeseclassic.com

ကျယ်ပြန့်တဲ့ ဂုဏ်သိက္ခာမရှိပေမယ့် မောင့်အတွက် အချစ်ကြယ်စင်တွေ အများကြီးရှိတယ်လေ၊ မောင်က အချစ်တွေကိုပဲ ပိုင်ဆိုင်ချင်တာ၊ ဂုဏ်သိက္ခာကို မမက်ချင်တော့ပါဘူး၊ ဒါကြောင့်ပါ ညို့''

''တကယ်''

''တကယ်ပေါ့ ညိုရယ်၊ မောင့်နှလုံးသားက ကောင်းကင်ကို မပိုင်ရရင် နေပါစေ၊ ကောင်းကင်ပေါ်က ကြယ်စင်တွေကို ချစ်ခွင့်ရရင်ပဲ ကျေနပ်ပြီ''

''ဟွန်း မောင် အပြောကောင်း''

ညို ချစ်စဖွယ် မျက်စောင်းလေးထိုးရင်း ကောင်းကင်မျက်နှာပြင်ဆီက ကြယ်ပွင့်တွေကို မော့ကြည့်မိပြန်သည်။

''ချစ်တတ်နေတော့လည်း အပြောကောင်းနေတာပေါ့ ညို။ ဒါပဲနော် ညို၊ ဖေဖေတို့အိပ်ပျော်နေတုန်းမို့ မောင် ဖုန်းခိုးဆက်တာ၊ တော်ကြာ နိုးသွားဦးမယ်''

''အင်း မောင်''

''ပြောလေ''

''မောင့်ဘက်က အခွင့်ရေးရအောင် မြန်မြန်ကြိုးစားပါနော်''

''စိတ်ချပါ ညိုရယ်၊ ညို့ကို မောင် အဆုံးရှုံးမခံဘူး၊ တစ်သက်လုံး ရင်ခွင်ထဲသိမ်းထားမယ့် မောင်ပါ ညိုရယ်''

''အဟင့် မောင်ပို''





''မပိုပါဘူး၊ ညိုသာ အနားမှာရှိနေရင် မောင် လက်တွေ့ပြချင်တယ်''

''ဘာကိုလဲ''

''မောင့်အချစ်တွေကိုလေ''

''အချစ်က ထုတ်ပြလို့ရလား မောင်ရဲ့''

''သိပ်ရတာပေါ့''

''ညိုကလည်း မောင့်အချစ်တွေကို မြင်ချင်တယ်''

''အိုကေလေ၊ ဒါပဲနော် ညို''

မောင် ဦးစွာ ဖုန်းလေးချသွား၏။ ထိုအခါ ညို့နှလုံးသားလေး ကြည်နူးမြူးကာ အားမလို အားမရ ဖြစ်ကျန်ခဲ့သည်။

မောင်ရယ် ညိုက မောင့်အတွက် ကောင်းကင်မဟုတ်ဘူးတဲ့လား။ ညိုက မောင့်အတွက် ကြယ်စင်တဲ့။

ဟုတ်တယ်နော်။ ကြယ်စင်ဆိုတာ ညကောင်းကင်ပေါ်မှာ အစွမ်းကုန် တလက်လက် ဖြာနေတာလေ။ မောင့်နှလုံးသားအတွက် ကြယ်စင်နဲ့တူတဲ့ ညို့အချစ်တွေ တလက်လက် လင်းပေးမှာပါ မောင်ရဲ့။

တစ်သက်လုံးအတွက်လေ။

ဟင့် ဟင့် ဟင့်။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၂၅)

ညရိရိ အမှောင်ထုက နူးညံ့မွတ်သိပ်မှုတွေနဲ့ သာယာနေသည်ဟု ဘက်ကီထင်သည်။

မွှေးမြတဲ့ရနံ့ချိုချိုတွေကလည်း သွေးဆောင်ညို့အီလို့နေလျှင် ဘက်ကီ့နှလုံးသား ပျောင်းနွဲ့ကာ လက်ချောင်းလေးတွေက ပျော့နွဲ့သော ဆံပင်လှိုင်းကောက်တွေကြားမှာ ပျော်ဝင်လေပြီ။

နှုတ်ခမ်းလေးက လိမ္မော်ရနံ့လေး မွှေးသင်းနေတဲ့အခါ ဘက်ကီ့ အာရုံထဲမှာ တစ်ခုခုကို ခွဲခွဲခြားခြား ခံစားသိရှိသွားသည်။

ညို။

ဟုတ်တယ် သူ့ရဲ့ညို။





ညို့နှုတ်ခမ်းသားအစုံက ဘာအရောင်ပဲ ခြယ်ထားထား၊ လိမ္မော်ရနံ့လေး သင်းနေတတ်သည် မဟုတ်လား။

ရှိန်းဗညားအစီအစဉ်နဲ့ ညို့ကို သူခိုးယူခဲ့တဲ့ နှစ်ရက်နဲ့နှစ်ညမှာ ညို့ဆန္ဒမပါဘဲ သူ ဘာမှ မလွန်ကျူးခဲ့ပါ။ ညို့ကို သူ အဲလောက် မြတ်နိုးသည်လေ။ ဒါပေမဲ့ စိတ်မထိန်းနိုင်လို့ ညို့ နှုတ်ခမ်းလေးကို ထိုညက ဖွဖွလေး မွှေးကြူမိတာက လွဲလို့ပေါ့။

ညိုမသိအောင် တိတ်တိတ်ခိုးနမ်းမိတဲ့အခါ လိမ္မော်ရနံ့မွှေးမြတဲ့ ညို့နှုတ်ခမ်းလေးကို ဘက်ကီ တကယ် စွဲလမ်းခဲ့တယ်မဟုတ်လား။

ဟော ခုတစ်ခါ လိမ္မော်ရနံ့သင်းတဲ့ နှုတ်ခမ်းဖူးဖူးလေးကို မွှေးမိပြန်သည်။ ရှိန်းပြောသလို သူ့ရင်ခွင်ထဲ ညို ပြန်ဝင်လာတာလား။

ဖြစ်နိုင်၏။ သူ့လက်ချောင်းလေးတွေက ညို့ဆံပင် ရှည်ရှည်ခွေ လိမ်ကောက်လေးတွေကို အဖျားအထိ ပွတ်သပ် ကြင်နာခွင့်ရနေသည်။

သွယ်လျသောအရပ်နှင့် ကောက်ကြောင်းလေးများ ပေါ်လွင်ကာ ပျောင်းနွဲ့သော ညို့ကိုယ်လုံးလှလှလေးကို ထွေးဖက်ထားလျက် ညို့ကိုယ်လေးကလည်း သူ့ရင်ခွင်ထဲ ခိုဝင်လာသည်မှာ ရင်ခုန်ခံစားမှုတွေနှင့် ဖြစ်မှန်း ဘက်ကီနှလုံးသားက အလိုလိုသိနှင့်နေသည်။

ညိုရယ် –

အချစ်စိတ်တွေ နိုးကြွနေတာ ဘာကြောင့်လဲကွယ်၊ သူ့အချစ်ကို တန်ဖိုးထား မက်မောနေလို့ မဟုတ်လား။ အစကတည်းက ညို မငြင်းသင့်



www.burmeseclassic.com

ဘဲနဲ့ ငြင်းခဲ့တဲ့အချိန်တွေအတွက် နှမြောလိုက်တာကွာ။

ဒီညက ကိုယ်တို့ရဲ့ အချစ်ညလေးလား။ ဟုတ်တာပေါ့၊ နှလုံးသားမှာ အပြန်အလှန် လိုအပ်နေတဲ့ အချစ်တွေ၊ တပ်မက်နေတဲ့ ရင်ခုန်ခံစားမှုတွေကို ကိုယ်တို့ အပြန်အလှန် မျှဝေခံစားကြပါစို့။

နော် ညို။

ညို့ကို သိပ်ချစ်တယ်။

အပြာရောင်ကောင်းကင်ကြီးကို တိုင်တည်ပြီး ပြောသလို ကြယ်စင်တွေကိုလည်း သက်သေထူပြီး ပြောမယ် ညို။

ညို့ကို သိပ် သိပ်ချစ်တယ်ကွာ။

✿ ✿ ✿



## အခန်း (၂၆)

"ညို သမီး၊ ထ ထစမ်း"

ညို့ကို အလောတကြီး လာနှိုးတဲ့အသံ၊ ညို့အာရုံထဲမှာ ဝိုးတဝါး။

"ညို ညို သမီး ထစမ်းပါဦး"

ရှုပ်ထွေးနေတဲ့အသံ။ ဒီအသံက မာမီ့အသံပဲ။ မာမီ့အသံက ပုံမှန်နဲ့မတူ။ စိုးရိမ်တကြီးဖြစ်နေဟန် တူသည်။ ညို့လက်မောင်းကို တယှုပ်လှုပ်ခါပြီး ခေါ်နှိုးသလို ဆွဲထူဖို့လည်း ပြု၏။

ဒီတော့မှ ညို အသိဝင်လာကာ။

နှစ်ခြိုက်စွာ အိပ်မောကျနေတဲ့ ညို၊ အနှိုးခံရတော့ စိတ်ထဲ



www.burmeseclassic.com

မကြည်လင်တော့။ မျက်လုံးကို လက်ခုံနဲ့ပွတ်သပ်ရင်း ကြိုးရှန်းထပြီး –

"ဘာလဲ မာမီရယ်၊ ညို့ အိပ်ကောင်းနေတုန်းကို"

"အိပ်ကောင်းမနေနဲ့၊ ဘယ်အချိန်ရှိပြီလဲ၊ နာရီထကြည့်ပါဦး"

"ဘယ်အချိန်ရှိရှိပေါ့ မာမီရယ်၊ ညို့ အိပ်ချင်သေးတယ်"

ညို့ အိပ်ချင်စိတ် မပြယ်၊ တဝါးဝါးသန်းရင်း ခေါင်းအုံးပေါ် ခေါင်းလေးပြန်ထိုးချဖို့ လုပ်သည်။ မာမီ စိတ်မရှည်စွာ ညို့ပခုံးကို ဆွဲလှုပ်ခါပြီး –

"အိပ်ချင် နောက်တော့မှပြန်အိပ်၊ မာမီ မေးစရာရှိလို့ သမီး"

"ဟာ မာမီကလည်း ဘာမေးမှာလဲ"

"အစိမ်းလေးကို မေးမလို့"

"အစိမ်း"

ညို့ တိုးတိုးရွတ်ရင်း မျက်လုံးကို ပွတ်၏။ မာမီ့မျက်နှာလေး ကိုလည်း မော့ကြည့်မိသည်။ စိုးရိမ်နေတဲ့မာမီ့မျက်နှာလေးက ပျက်ချင်ချင် နှင့်။

"ဟုတ်တယ် အစိမ်းလေး၊ ညက သမီးရှိတဲ့ လသာဆောင်ပေါ် တက်သွားတာ မာမီမြင်တယ်၊ ပြီးတော့ မကြာဘူး ပြန်ဆင်းလာပြီး ကားမောင်းထွက်သွားတာ သမီးရယ်၊ အဲဒါ ခုချိန်ထိ ပြန်မရောက်လာ သေးဘူး"





"ဟင်"

ညို့ အိပ်ချင်စိတ်ကလေး ပြယ်လုလုဖြစ်သွားသည်။ ညက အဖြစ်ကိုလည်း ပြန်ခံစားမိသည်။ ညက ဖုန်းမျှော်နေတဲ့အချိန်လေ။ ရှိန်းဆီက ဖုန်းလာသေးတယ်။

အဲဒီနောက် အစိမ်းထွက်သွားတာ ညို့ ရိပ်ခနဲမြင်လိုက်တယ် လေ။ အဲဒါ ညို့ ဖုန်းမျှော်နေမှန်းသိလို့ အစိမ်း ရှောင်ထွက်သွားတာလို့ ညို့ထင်တယ်။ ပြီးတော့ ကားမောင်းထွက်သွားတာလည်း ညို့ မြင်လိုက် တာပဲ။

အစိမ်း ပြန်လာတယ်၊ မလာဘူးဆိုတာ ညို့မသိ၊ မောင်နဲ့ ဖုန်းပြောပြီးနောက် ညို့ အိပ်ရာဝင်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခဲ့ သည်လေ။

အခု မာမီလာနှိုးခါမှ နိုးတဲ့အဖြစ်။

"ဟုတ်တယ်၊ အစိမ်း ညက ပြန်ရောက်မလာတာ မာမီတို့ သတိမထားမိဘူး၊ အခု မနက်စာစားဖို့ အစိမ်းကို သွားခေါ်တော့ အစိမ်း မရှိဘူး၊ ဂိုထောင်ထဲလည်း ကား ပြန်မရောက်ဘူးဆိုတော့"

"ဟော့တော်"

"အဲဒါပေါ့၊ သမီးကို တစ်ခုခု ပြောသွားသလားကွယ်"

"ဟင့်အင်း၊ ညို့ကို ဘာမှပြောမသွားဘူး မာမီ"

"အဲဒါပေါ့၊ အစိမ်းလေးဒယ်ဒီက သမီးကို တစ်ခုခု ပြောသွား



www.burmeseclassic.com

တယ် ထင်လို့၊ သမီးကိုသွားမေးကြည့်ဆိုတာနဲ့ မာမီ လာမေးတာ''

''ညို့ကို ဘာမှမပြောသွားတာ မာမီရဲ့''

''အေး ပြောမသွားရင်လည်း ပြီးရော၊ မာမီ ပြန်ပြောလိုက်မယ်၊ ခုတောင် အစိမ်းလေးဒယ်ဒီ ဒေါသထွက်နေတာ သမီးရယ်''

မာမီပြောရင်း ခပ်သွက်သွက်လေး ညို့အိပ်ခန်းထဲက ထွက်သွားသည်။ ညို့မှာ အိပ်ချင်စိတ်ထက် အစိမ်းဆီ စိတ်ရောက်ကာ။

အစိမ်း ယုစ်ခနဲထွက်သွားတာ ဘာကြောင့်လဲ။ ရှိန်းတို့ဆီလား၊ ဒါမှမဟုတ် တခြားသူငယ်ချင်းတွေဆီလား။ ဘယ်ပဲသွားသွား ညတော့ ပြန်အိပ်သင့်တယ်လေ။ ဒါမှမဟုတ်လည်း ဖုန်းလေးဆက်ပြီး ပြောလိုက်ပေါ့။ သူငယ်ချင်းတွေနဲ့ စုအိပ်မယ်ဆိုလည်း အိပ်မယ်ပေါ့။

ခုတော့ကွယ် မာမီ့ခမျာ စိတ်ပူနေရပြီ။

အန်ကယ်လည်း ဒေါသမဖြစ်ဘဲ နေမလား။ လွတ်လပ်ခွင့် အပြည့်ပေးထားလျက်နဲ့ ပိုက်ပိုက်နဲ့ ပြန်ဆက်သွယ်မိပြီး –

ဖွဟဲ့ လွဲပါစေ။

အန်ကယ်က ပိုက်ပိုက်နဲ့ အစိမ်းကို လုံးဝ သဘောမတူတာလေ။ ပိုက်ပိုက်က ဖြိုးဖြိုးနဲ့ ဖယားရှိနေတာသိလို့ ခွဲပြီးကတည်းက အစိမ်းလည်း ဖြတ်ခဲ့တာပဲ။

ပိုက်ပိုက်က ဆက်သွယ်ပါသေးသည်။ အစိမ်းကလည်း ဆောရီး ပြောပြီးကတည်းက လည်ပြန်မကြည့်တဲ့အဖြစ်တွေ။ ညို့ သိနေတယ်လေ။





ဘာကြောင့်မှန်းတော့မသိ။ ပိုက်ပိုက်နဲ့ဖြိုးဖြိုး ခုချိန်ထိ မညားသေး။ အရင်လိုပဲ နှစ်ဦးသား လွတ်လပ်နေကြသည်။ တိုးတိုးတိတ်တိတ်တော့ ငြိနေမှာပေါ့။ ညို့ ထင်တယ်လေ။

ပိုက်ပိုက်က အစိမ်းကိုပဲ လိုချင်တော့ ဖြိုးဖြိုးနဲ့ တရားဝင်မယူတာလည်း ဖြစ်တန်ကောင်းရဲ့။ ခုလို အစိမ်းပျောက်နေတာက ပိုက်ပိုက်နဲ့သာ ဖြစ်နိုင်သည်။

ပိုက်ပိုက်နဲ့ဆိုရင် ရင်လေးရတယ် အစိမ်းရယ်။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၂၇)

"သမီးမိုက်"

"ဘုရားရေ"

အန်ကယ့်အသံ ကျယ်ကျယ်လောင်လောင် လွင့်လာသည်။ အဝေးက ကြားလိုက်ကတည်းက ညို့ရင်မှာ ထိတ်ခနဲ လန့်ဖျပ်ကာ နေရာမှာတင် ခြေလှမ်းတွေ တန့်သွား၏။

သမီးမိုက်တဲ့။ ဒါ အစိမ်းကိုပြောတာပဲ ဖြစ်ရမယ်။

"မိုက်လုံးကြီးတဲ့ သမီး၊ ဒီလောက် မိုက်မိုက်ကန်းကန်း လုပ်လိုက်မယ်လို့ ကိုယ်မထင်ဘူးကွာ"

"ဝုန်း ခလွမ်း"





ပြောသံတွေနောက်မှာ ကျသံတွေ၊ ကွဲသံတွေ ပေါ်ထွက်လာသည်။ ဘာတွေဖြစ်ကုန်ပြီလဲ။ ညို သိချင်စိတ်လေး တားမရတော့ပါ။ နေရာတင် ရပ်နေရာမှ နံရံနဲ့ကွယ်ကာ အခန်းနား တရွေ့ရွေ့ ရွေ့ခဲ့၏။

အန်ကယ်ရှိနေတဲ့ ညော့ခန်းနဲ့ ညိုရှိနေတဲ့ အနားယူခန်းကြားမှာ တလွင်လွင် စင်းကျနေတဲ့ လိုက်ကာစလေးသာ ခြားတော့သည်။ ထို လိုက်ကာစလေးကို လှပ်ကြည့်ဖို့ ညို လက်ကလေး ရောက်ရှိသေးတယ်၊

"တောက် ရှက်တယ်ကွာ၊ ရှက်တယ်၊ သမီးမိုက်လုပ်ချင်ရာ လုပ်သွားတာ၊ ကိုယ် ဘယ်သူ့ကို ဘယ်လိုမျက်နှာနဲ့ ကြည့်ရမလဲ၊ ပြောကြစမ်းပါကွာ"

ညို့လက်ကလေး လိုက်ကာစလေး လှပ်ကြည့်ဖို့ တုံ့နှေးသွားသည်။ သေချာတာက ဒယ်ဒီတစ်ယောက်တည်းတော့ မဖြစ်နိုင်။ မာမီ့ သက်ပြင်းချသံတွေ ကြားနေရသည်။

ညို အသာလေးပဲ ရဲဆေးတင်ပြီး အကဲခတ်ကြည့်တော့ ညော့ ခန်းစားပွဲက ကိုးလိုးကန့်လန့်ဖြစ်ကာ စားပွဲပေါ်က ပန်းအိုးလှလှကြီး က အစိတ်စိတ်အမြွှာမြွှာ ကျကွဲလို့။

"ဟင်"

ပြီးတော့ ညို အံ့ဩရပါ၏။ ဘက်ကို့ဒယ်ဒီနဲ့မာမီက ညို့ဘက် ကျောပေးထိုင်ကာ အန်ကယ်က အားလုံးကို ကျောခိုင်းလျက် ဒေါသ တကြီး ရပ်နေ၏။



www.burmeseclassic.com

ဘာတွေဖြစ်ကြပြီလဲ။ ဘက်ကီမိဘရောက်လာတာ အစိမ်းနဲ့ ဘယ်လိုပတ်သက်လို့လဲ။ မာမီ့ကို ချောင်းကြည့်တော့လည်း မာမီက ခေါင်းငိုက်စိုက်နဲ့ မျက်ရည်စတွေကို လက်ညှိုးလေးနဲ့ တို့သုတ်ကာ ကျွန်ဆယ်နေသည်။

"ကိုဘွား၊ ကိုယ်တို့ကတော့ ဖြစ်လာတဲ့အခြေအနေကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးဖို့ကလွဲပြီး ဘာတတ်နိုင်မှာလဲကွာ"

ဦးအာကာဇော် လေသံပျော့ပျော့လေးနဲ့ အန်ကယ့်ကို နှစ်သိမ့်ပေးသလိုဆိုသည်။ အန်တီနုကလည်း မာမီ့ဘက် ငဲ့ကြည့်သလို မာမီ့ လက်ဖဝါးလေးကို ဆုပ်ကိုင်ပြောရှာသည်။

"နုတို့ကတော့ သားသမီးတွေရဲ့စိတ်ကို ဘယ်လိုမှ နားမလည်နိုင်တော့ အမှန်ရယ်၊ ဒါပေမဲ့ သူတို့ချင်းက အဲသလိုတွေ လုပ်သွားတာကို နုလည်း ခံပြင်းတယ်၊ သီဂီ့ကို ဘယ်လိုမျက်နှာနဲ့ ပြောရဆိုရမလဲဆိုတာ အတော်စဉ်းစားခဲ့တယ်၊ ဖြစ်ပြီးမှတော့ နုတို့လည်း ဘာတတ်မနိုင်လဲ၊ ရှေ့မျက်နှာ နောက်ထားပြီး လာခဲ့ရတာပဲ"

"သီဂီလည်း ရှက်တာပဲသိတယ်၊ အစိမ်းလေး မိုက်တယ်လို့ ပြောရင်လည်း ကို့မျက်နှာကို ကြည့်ရဦးမယ်၊ ကိုကလည်း အဲဒါကိုပဲ ပေါက်ကွဲပြီး အစိမ်းကို သတ်မယ်ဖြတ်မယ် တကဲကဲလုပ်နေလို့ သီဂီ မနည်းတားထားရတယ်၊ မမနုတို့ရောက်လာတာနဲ့ နည်းနည်းစိတ်လျှော့ထားတာ၊ ဒါတောင် ပြောရင်းဆိုရင်းကို ပေါက်ကွဲနေသေးတာ ကြည့်"





မာမီရှင်းပြသလို ပြောနေပေမယ့် ညို နားမလည်နိုင်သေး။ အစိမ်းနဲ့ပတ်သက်နေမှန်းတော့ သိသည်။ ဘယ်လိုပတ်သက်နေသလဲ။ ပိုက်ပိုက်နဲ့ ဒုတိယအကြိမ် ပြန်လိုက်ပြေးတာလား။

စကားအသွားအလာက ပိုက်ပိုက်နဲ့မဟုတ်မှန်း သိသာနေသည်။ ဒါဆို ဘယ်သူနဲ့ ပတ်သက်နေသလဲ၊ ညို ငြိမ်ပြီးနားစွင့်နေကာ –

"မပေါက်ကွဲချင်စရာလား၊ မမနု စဉ်းစားကြည့်လေ၊ ဘက်ကီနဲ့ညိုကိစ္စက ဘာမှ ပြတ်ပြတ်သားသား မဖြစ်သေးဘူး၊ ညို့သဘောထား ပြောင်းလာမယ့်အချိန်ကို စောင့်ကြည့်နေရဆဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တာပေါ့ဗျာ၊ ညိုက သဘောထား မပြောင်းဘဲ ကိုယ့်သားက စိတ်ပြောင်းပြီး"

"ဘက်ကီ စိတ် ဘယ်လိုပြောင်းပြောင်း အစိမ်းရှောင်ရမယ်၊ ကိုယ့်သမီး မရှောင်လို့ ဒီလိုတွေ ငြိကြတာ၊ အခု ဘယ့်နှယ်လုပ်မလဲ၊ ညို့ကို ကိုယ် ဘယ်လိုမျက်နှာနဲ့ ရင်ဆိုင်ရမလဲ၊ အစိမ်းနဲ့ဘက်ကီနဲ့ လိုက်သွားတယ်ဆိုတာ"

"ဘုရားရေ"

ညို ခုမှပဲ ရှင်းရှင်းကြီး သိရတော့သည်။ ဘက်ကီနဲ့ အစိမ်းတဲ့၊ ညို့မှာ အံ့ဩလွန်းလို့ ယုံတောင်မယုံချင်။

"ဖြစ်လာပြီပဲ ကိုရယ်၊ သီဂီတို့ ဘာလုပ်လို့ရမလဲ"

မာမီက စိတ်ထိခိုက်သံလေးနဲ့ ဝင်ပြောရှာသည်။



www.burmeseclassic.com

"ဟုတ်တယ် ကိုယ်လည်း အဲဒါပဲပြောတာ၊ သားနဲ့အစိမ်းက တကယ်ပဲဆိုတော့ မိဘအနေနဲ့ ဖြစ်လာတာကို လုပ်ပေးဖို့ပဲရှိတယ်၊ ညီလေးနဲ့ကိစ္စက တိုးတိုးတိတ်တိတ်ရယ်၊ အစိမ်းနဲ့က အသိုင်းအဝိုင်းက ပိုသိကုန်ပြီ၊ ဒါကြောင့် မင်္ဂလာညစာပွဲကို အမြန်ဆုံးပဲ လုပ်ပေးချင်တယ်၊ အချိန်လည်း ဆွဲမနေချင်တော့ဘူး"

ဦးအာကာဇော်က မြန်မြန်ဖြစ်မြောက်သွားဖို့ကိုပဲ ပြောလေသည်။

"ကိုယ်က သိင်္ဂီသမီး ခံစားနေရမှာကို စိုးတယ်"

အန်ကယ်က ညီ့ဘက်က စာနာစကားပြောလေရဲ့။ အဟင့် ညီက အန်ကယ်ထင်သလို မဟုတ်ပေါင်လို့ ပြောလိုက်ချင်ရဲ့။ ညီ ဝင်ပြောရင် စကားတွေ ကြာရှည်မှာ သေချာတယ်။

ဒါကြောင့် ဝင်မပြောတော့။ ညီ ဘာမှ မခံစားရပါဘူးလေ။ ရင်ထဲမှာ သီချင်းလေးပင် ညည်းလိုက်ချင်သေးတယ်။ တော်ပြီ။ အကြောင်းရင်းကို သိပြီဆိုတော့ ညီ ချောင်းပြီးနားမထောင်ချင်တော့။

အပေါ်ထပ် သွက်သွက်ကလေးတက်ကာ ဘက်ကီနဲ့အစိမ်းဆီ မိဘတွေ အာရုံရောက်နေတဲ့အချိန်မှာ ညီကလည်း တစ်ခုခုကို ပြင်ဆင်ရမှာပေါ့။ ဟုတ်တယ်နော် မောင်။

✿ ✿ ✿



## အခန်း (၂၈)

"ဒီမှာ ဖတ်ကြည့်ပါဦး ကိုရယ်"

"ဘာလဲ သိင်္ဂီ"

ဝမ်းနည်းတကြီးဆိုကာ စာခေါက် လက်ထဲထည့်ပေးတဲ့ သိင်္ဂီကို ဦးချိန်ဘွား နားမလည်သလို ကြည့်မိ၏။

"ကို ဖတ်ကြည့်ပါဦးလို့၊ သိင်္ဂီသမီးလေး သိင်္ဂီရင်ကို ခွဲသွားပြန်ပြီ"

"ဟင်"

သိင်္ဂီစကားအဆုံးမှာ ဦးချိန်ဘွား ခေါင်းနားပန်းကြီးသွားသည်။ ညီလေး ဘာလုပ်သွားပြန်ပြီလဲ သိချင်စိတ်နှင့် စာကို ကမန်းကတန်း



www.burmeseclassic.com

ဖတ်၏။

အနှ်ကယ်နဲ့ မာမီ

ညို့ကြောင့် အနှ်ကယ်နဲ့မာမီ အစိမ်းနဲ့ ဘက်ကီတို့ကို အနေမခက်စေချင်ပါဘူး။ ဘက်ကီနဲ့အစိမ်းကိစ္စကို ညို ကန့်ကွက်စရာအကြောင်း မရှိဘူး အနှ်ကယ်။ အစကတည်းက ညို့စိတ်နဲ့ ညို ဘက်ကီအပေါ် ပြတ်သားပြီးသားပဲ။ ဒါကြောင့် ညို့အတွက် အနှ်ကယ့်စိတ်မှာ သောကရောက်မနေပါနဲ့။ အစိမ်းကျေနပ်အောင် စီစဉ်ပေးလိုက်ပါ။ ညိုကတော့ ညိုချစ်တဲ့သူနဲ့သာ လက်တွဲသွားချင်တယ်။ လက်တွဲသွားဖို့ကိုလည်း ဆုံးဖြတ်ပြီးပါပြီ။ ညို့ဆုံးဖြတ်ချက်ကို အနှ်ကယ်နဲ့မာမီ လက်ခံပေးပါလို့။

မာမို့သမီး

ညနေညို

စာဖတ်ပြီး ဦးချိန်ဘွား စိတ်ပျက်စွာ ခေါင်းယမ်းလေသည်။ သီဂီက ဝမ်းနည်းစွာ အသံတိတ် ရှိုက်နေ၏။

ဒီသမီးနှစ်ယောက်အတွက် သူတို့လင်မယား စိတ်ဂယောက်ဂယက်ဖြစ်ပြီး ရူးချင်ရူးသွားလို့ရတယ်။

ဟုတ်တယ်လေ။ ဦးချိန်ဘွား စာကို ဆုပ်ချေရင်း ခံရခက်ခက်ကြီး ဆိုချေသည်။

"ဘယ့်နှယ်ကွာ၊ လုပ်သွားကြတာ တစ်ယောက်တစ်မျိုးစီ"





"သီဂီတော့ သမီးစိတ်ကို နားမလည်တော့ဘူး ကိုရယ်"

"ကိုလည်း သီဂီ့လိုပဲ မျက်စိရှေ့မှာ ခုနေခါ မြင်ရရင် အဲဒီသမီးနှစ်ယောက်လုံးကို နားနာလေး ရိုက်မေးချင်တယ်။ တကယ်ကွာ၊ တစ်ယောက်တစ်မျိုး ထင်တိုင်းလျှောက်လုပ်နေတာ မိဘရင်မှာ ဘယ်လောက်ထိခိုက်စေမလဲ၊ နည်းနည်းလေးမှ မတွေးကြတာ ရင်နာတယ်ကွာ"

"ဟင်"

ဒေါ်သီဂီရွှေစင် ရှိုက်ရင်း သက်မလေးချလေသည်။

"အခု ဘယ်လိုလုပ်ကြမလဲ ကို"

"ကိုတော့ ဘာလုပ်လို့လုပ်ရမှန်း မသိတော့ဘူးကွာ၊ ဦးနှောက်ထဲ ထူထူပူပူဖြစ်နေတာပဲ သိတယ်"

"သီဂီလည်း ကို့လိုပါပဲ"

လင်မယားနှစ်ယောက် ရင်ထဲ အပူလှိုင်းတွေ ကူးစက်ကာတစ်ယောက်မှ စိတ်မချမ်းသာတဲ့ အနေအထား။

"ဒီလိုဖြစ်ရတာ ဘာကြောင့်လဲ၊ သမီးတွေကို လွတ်လပ်ခွင့်ပေးထားလို့လား၊ ဒါမှမဟုတ် ကိုတို့အိမ်ထောင်ရေးတွေ အကြောင်းမလှခဲ့လို့လား"

"သီဂီတော့ ဘာကိုမှ ခွဲခြားစိတ်ဖြာပြီး မခံစားချင်တော့ဘူး၊ အိမ်ထောင်အပြိုအကွဲတွေနဲ့ ကြုံလာရတဲ့နောက်မှာ တည်တည်မြဲမြဲ



www.burmeseclassic.com

နေထိုင်တော့မယ်လို့ အဓိဋ္ဌာန်ချပြီး ကိုနဲ့ပေါင်းနေခဲ့တာပါ''

''ကိုလည်း သီဂီ့လိုပါပဲကွာ''

သီဂီ့လက်ဖဝါးကို ဦးချိန်ဘွား ဆုပ်ကိုင်နှစ်သိမ့်ပေးရင်း ဆိုလေသည်။ လင်မယားနှစ်ယောက် နောက်ဆုံး အိမ်ထောင်ဆက်ခါမှ အတွေးတူ အယူအဆတူကာ တစ်ဦးနဲ့တစ်ဦး ဖေးဖေးမမ၊ လိုက်လိုက်လျောလျော ပေါင်းသင်းလာခဲ့တာ ဒီသမီးနှစ်ယောက်ဘဝ လှပရေးအတွက် ရှေးရှုခဲ့တာကလွဲပြီး တခြား ဘာဖြစ်နိုင်မှာတဲ့လဲ။

ခုတော့ သမီးနှစ်ယောက်အရေးက ထင်သလို ဖြစ်မလာ။

''လောလောဆယ် ဘာလုပ်ကြမလဲ ကို''

သီဂီ စိုးရိမ်စိတ်တွေဘေးဖယ်ပြီး ခင်ပွန်းဖြစ်သူကို အားကိုးတကြီး မေးရှာသည်။ ဦးချိန်ဘွား ဖနီးပါးပြင်ပေါ် စိုစွတ်နေသေးတဲ့ မျက်ရည်စီးကြောင်းတွေကို စာနာစွာ ပွတ်သုတ်ပေး၏။

''သီဂီသဘော ဘယ်လိုရှိလဲ၊ ညို့နဲ့သုတကို''

''သူတို့ချင်းက ကျေနပ်တယ်ဆိုရင် သားရှင်ကျေနပ်အောင် မျက်နှာအောက်ကျရင်ကျပါစေ၊ သီဂီတော့ မျက်နှာအငယ်ခံပြီး''

''ကို သဘောပေါက်ပြီ သီဂီ''

သီဂီ့စကားမဆုံးသေး ဦးချိန်ဘွား ခေါင်းတညိတ်ညိတ်နဲ့ဆိုလေသည်။

''သူတို့ဆန္ဒအတိုင်း ကိုတို့ လိုက်လျောဖြည့်ဆည်းပေးတာ





အကောင်းဆုံးပဲ၊ ကိုယ်လည်း အဲလို ယူဆတယ်၊ သီဂီစိတ်ချပါ၊ အစိမ်းလေး မင်္ဂလာပွဲပြီးတာနဲ့ ညို့တို့မင်္ဂလာပွဲဖြစ်အောင် ကို လိုက်လုပ်ပေးမယ်''

''ကျေးဇူးတင်ပါတယ် ကိုရယ်''

သီဂီ့ခေါင်းလေး ခင်ပွန်းသည်ပခုံးပေါ် ယုံကြည်အားကိုးစွာ ယိမ်းကျသွားသည်။ ဦးချိန်ဘွားကလည်း ဇနီးသည်ပခုံးကို ဖွဖွဖက်ကာ အားပေးကြင်နာလျက်။

သူတို့လင်မယား အကောင်းဆုံးကိုမျှော်လင့်ကာ စိတ်တူကိုယ်တူဖြစ်လျက် စီမံဆောင်ရွက်ပေးဖို့ အဆင်သင့် ဖြစ်နေရှာသည်။

သို့သော် တကယ်ဖြစ်လာမယ့်အခြေအနေက ဘာလဲ။

လျှို့ဝှက်စွာရှိနေတဲ့ အကြောင်းပြချက်ကို သိကြရင် လင်မယားနှစ်ယောက် ညို့ အတွက် ခုလို ရတက်အေးနေမယ်လို့မထင်။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၂၉)

"ညီုရယ်၊ ညီု့ကို ခင်သာ တကယ်မပြောရက်ဘူး ဟယ်"

"ဟင့်အင်း၊ မပြောနဲ့"

ဝဲအိုင်နေတဲ့ မျက်ရည်တွေ ယိုဖိတ်လွင့်စဉ်မသွားစေဖို့ ညီု မျက်နှာလေး မော့ထားလိုက်သည်။ ညီဇော်က မကြည့်ရက်နိုင်သလို မျက်နှာလေး လွှဲ၏။

သူဇာလင်းနဲ့သီရိမာလည်း စိတ်မကောင်းစွာ နှုတ်ဆိတ်နေ သည်။ ခင်ခင်သာ စကားစလျှင် ညီု ခေါင်းတစ်ချက်ယမ်းပြီး အားလုံး ကို ကျောပေးရပ်နေမိတာ ကျောက်ရုပ်ကလေး ဖြစ်သွားသည့်အလား

"သုတကို ဒေါ်ဒေါ်တို့တွေ အတင်းအကျပ်ဖိအားပေးပြီး အဝ





ရိုကကို ပထုတ်လိုက်တာလေ၊ ခင်သာတို့သူငယ်ချင်းတွေ မရိပ်မိအောင် ပိပိရိရိ စီစဉ်ပြီး ပို့ပစ်တာ၊ မမစိုးနဲ့ ကိုခိုင်ခန့် လိုက်သွားတာလေ၊ ညီု နဲ့သုတ ဘယ်အနေအထားနဲ့မှ အပြန်အလှန် ဆက်သွယ်လို့မရအောင် မမစိုး စီစဉ်လိုက်တာလို့ ခင်သာတို့ထင်တယ်၊ သုတ ထွက်သွားပြီဆိုတာ ခင်သာတို့လည်း သိသိချင်း မယုံဘူး၊ နောက်မှ တကယ်ဖြစ်နေတာလေ၊ အဲဒီအကြောင်း ညီု့ကို ခင်သာ့ကို တကယ်မပြောရက်ဘူး"

သူဇာလင်းနဲ့ သီရိမာက ခေါင်းလေးညိတ်ကာ –

"ဟုတ်တယ် ညီု၊ ညီု အခုရောက်လာပြီး သုတကို တစ်မေး တည်း မေးနေလို့ မပြောမဖြစ် ပြောလိုက်ရတာ"

ခင်သာ့စကားနောက်မှာ ညီဇော် ဝင်ပြော၏။ ညီဇော် ဆက် ပြောမှာကို ညီု နားမဆင်လိုတော့ပါ။ ဒါကြောင့် ညီု့လက်ကလေးနဲ့ ဟန့်တားလိုက်သည်။

မပြောပါနဲ့တော့ကွယ်လို့ ရင်ထဲမှာပဲ ပြောမိကာ ထိန်းထားရင်း ကြားက ဝေါခနဲ ပြိုကျလာတဲ့ မျက်ရည်တွေ ညီု့ပါးပြင်ထက် တသော သော စီးဆင်းလို့သွားသည်။

ဒီမျက်ရည်တွေ ဘာ့ကြောင့် ကျတာလဲကွယ်။

အချစ်စစ်နဲ့ တူနှစ်ကိုယ် ပေါင်းကြမယ်လို့ အားခဲထားသမျှ ခုတော့ ခုတော့ ခဲလေသမျှ သဲရေကျ ဖြစ်ရပြီးလား မောင်ရယ်။

အချစ်နဲ့ ခွဲခွာခြင်းဟာ အဲသလောက် မြန်မြန်ဆန်ဆန် နှောင့်



www.burmeseclassic.com

ယှက်လိမ့်မယ်လို့ ညို့ တကယ်ထင်မထားပါဘူး။

"အဟင့်"

ရင်ထဲက ရှိုက်သံလေးက နှလုံးသားကို တုန်ခါသွားစေသည်။ နှုတ်ခမ်းသားတွေပါ တဆတ်ဆတ်တုန်ကာ။

ထိခိုက်ကြေကွဲသော မျက်ရည်တွေက အချစ်အတွက် ကဗျာလှလှ မဟုတ်တော့ပါ။ အချစ်အတွက် ဝေဒနာတွေကို ကိုယ်စားပြုနေပါပြီ။

စကားလုံးတွေနဲ့ ခါးခါးသီးသီးပစ်ပေါက်ရင်တော့ ညို့ ဒီလောက်ထိ နာကျင်ခံစားမိမယ် မထင်ပါဘူး။

ခုတော့ နှုတ်ဆက်ချိန်လေးတောင် မရလိုက်တဲ့အဖြစ်။ ချစ်ခြင်းအတွက် ရင်စည်းခံစားရတဲ့ နှလုံးသားလေး ထိခိုက်လှတယ်ကွယ်။

"ဟင့် ဟင့် ဟင့်"

"ညို့"

ခင်သာတို့ခေါ်ပေမယ့် ညို့ လှည့်ပြန်ငဲ့ကြည့်နိုင်စွမ်း မရှိတော့ပါ ညို့ဟာ ဘယ်တုန်းကမှ အရှက်နဲ့သိက္ခာကို မမှုခဲ့တဲ့ မိန်းကလေးပါ ညို့ မမှုနိုင်တဲ့အရှက်နဲ့ ဂုဏ်သိက္ခာက ညို့ကို တန်ပြန်နေတာလား။

အဲဒါကြောင့်မို့ ထင်ပါရဲ့။ ညို့ ဘယ်သူ့ရှေ့မှာမှ ရပ်မနေဝံ့တော့ပါ။ ရှက်စိတ်တွေနောက်မှာ ရင်မဆိုင်ရဲတဲ့ နှလုံးသားက ခြေဦးတည့်ရာ ပြေးထွက်ခဲ့တဲ့အဖြစ်။

မောင်ရယ် –





ညို့လေ မောင့်လက်ကိုတွဲပြီး ဂုဏ်သိက္ခာရှိရှိ နေချင်ပါတယ်။ အဲဒီအတွက် မောင့်ရင်ခွင်ထဲ ခိုဝင်ဖို့ လာခဲ့တာပါ။

အလာကောင်းပေမယ့် အခါနှောင်းသလို ဖြစ်နေတာလား၊ ဒါမှမဟုတ် မောင့်မိဘနဲ့ မမစိုးတို့ လက်ဦးမှုက ညို့နဲ့မောင့်ကို ချစ်ခြင်းကို ထာဝရ ခွဲလိုက်တာလား။

ပြောပါလေ။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၃၀)

မင်္ဂလာတေးသီချင်းတွေ မြိုင်နေသည်။ သတို့သား သတို့သမီးရဲ့ အပြုံးပန်းတွေ လှိုင်လှိုင်ပွင့်နေသလို နှစ်ဖက်မိဘနဲ့ သူငယ်ချင်း ဆွေမျိုး အသိုင်းအဝိုင်းနဲ့ ဧည့်သည်တွေအားလုံး ပြုံးရွှင်ရယ်မောကြနဲ့ နှလုံးသား လေး ရွှင်လန်းနေချိန်ရယ်။

ဒီလိုအချိန်မှာ မရွှင်လန်းတဲ့ နှလုံးသားနဲ့ တစ်ကိုယ်တည်း ျိုဝ်ိုင်နေတဲ့ ညိုလေး။

ဦးချိန်ဘွား ရင်ထဲ တကယ်မကောင်းဖြစ်သွားသည်။

အစိမ်းနဲ့ဘက်ကီရဲ့မင်္ဂလာပွဲ စည်ကားနေချိန်မှာ ညိုလေးက အပေါ်ထပ်တက်တဲ့ လှေကားအောက်ဆုံးထစ်မှာ ကျုံ့ကျုံ့လေးထိုင်ရင်း





ကြေကွဲနေရှာတာလေ။

ပထွေးဆိုပေမယ့် ဖခင်စိတ်နဲ့ ညိုလေးအပေါ် ချစ်ခင်တွယ်တာ ရတာမို့ ဖခင်စိတ်နဲ့ တကယ် မချမ်းမြေ့။

ဧည့်သည်တွေကို ဧည့်ခံရင်း ညို့အရိပ်လေး မတွေ့တာနဲ့ စိတ်ပူပြီး လာကြည့်ခြင်း။ တစ်ကိုယ်တည်း ငိုနေတာမြင်တော့ –

“သမီး ညို”

လို့ စာနာစွာခေါ်မိပြီး ခေါ်သံနောက် လှမ်းကြည့်တဲ့ ညို့မျက်ဝန်းထဲမှာ မျက်ရည်တွေပြည့်လျှက်။ ဦးချိန်ဘွား ကရုဏာသက်စွာ ရှေ့တိုး လာပြီး –

“သမီးရယ်၊ သမီးအတွက် ဒယ်ဒီ တကယ်စိတ်မကောင်းဘူး”

ညို တစ်ချက်ရှိုက်ရင်း မျက်ရည်တွေ မသုတ်ဘဲ –

“ကျေးဇူးတင်ပါတယ် အန်ကယ်”

လို့ ငိုသံအိုင်အိုင်လေးနဲ့ ပြောရှာသည်။

“သမီး ဘာဖြစ်ချင်လဲဟင်၊ ဒယ်ဒီ့ကို အားမနာပါနဲ့၊ ပြောပါ သမီးရယ်၊ သမီးအတွက် သမီးမာမိလည်း စိတ်ထိခိုက်နေတယ်၊ ဟန် ဆောင်ပြုံးပြီး ဧည့်သည်တွေ ဧည့်ခံနေပေမယ့် စိတ်က သမီးဆီမှာပါ”

“ညိုသိပါတယ် အန်ကယ်၊ ဒါပေမဲ့ မာမိမသိအောင် ညို့ကို တစ်ခုကူညီပါလား အန်ကယ်”

“ပြော ပြောလေ၊ ဒယ်ဒီ ဘာကူညီရမလဲ”



www.burmeseclassic.com

ခြံရှေ့ဧည့်ခံပွဲဆီ တစ်ချက်ငေ့ကြည့်ရင်း ဦးချိန်ဘွား အားတက်သရော ဆိုသည်။ သိင်္ဂီရောက်လာမလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ပါ။ ဘယ်သူမှ ရောက်မလာ။ ဧည့်ခံပွဲမှာပဲ အားလုံး ပျော်ပျော်ရွှင်ရွှင်ရှိနေကြလို့ တော်သေးသည်။

ညို့က မျက်ရည်တွေ သုတ်ရင်း ထိုင်နေရာမှ ထလေပြီး–

“ဒီလို အန်ကယ် . . . ညို့ ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး။ ညို့ ကံဆိုးတယ်လို့ ယူဆပါတယ်၊ ပြီးတော့ ညို့လေ ညို့ဘဝဖြစ်စဉ်တွေကို ပြောင်းလဲပစ်ချင်တယ်၊ ဖြစ်ပြီးတာကို ဖြစ်ပြီးတဲ့အတိုင်း ပြည့်ဖုံးကားချလိုက်ချင်ပါတယ် အန်ကယ်”

“ကောင်းတာပေါ့ သမီးရယ် . . . အဲဒီအတွက် အန်ကယ် ဘာကူညီရမလဲ . . . ပြောပါသမီး”

“ဟိုလေ . . . ညို့ ပတ်ဝန်းကျင်အသစ်မှာ နေချင်တယ်”

“သြော် . . . ဒါများ သမီးရယ်၊ ဘယ်မှာနေချင်လဲ . . . ပြင်ဦးလွင်မှာ သွားနေမလား၊ ဒါမှမဟုတ် ဒယ်ဒီ့အမျိုးတွေရှိတဲ့ ပြင်သစ်မှာ သွားနေမလား၊ ပြည်တွင်းပြည်ပ သမီးသွားချင်တဲ့ဆီ ဒယ်ဒီပို့ပေးမယ်၊ သမီးဘဝ လုံခြုံစိတ်ချစေရမယ်၊ ပြည့်စုံစေရမယ်နော်၊ ဒယ်ဒီ တာဝန်ယူတယ်၊ ပြော . . . သမီး ဘယ်သွားမလဲ”

အားတက်သရောပြောရှာတဲ့ အန်ကယ့်ကို ညို့ တကယ်ကျေးဇူးတင်ကာ ယုံယုံကြည်ကြည်မော့၍ တစ်လုံးချင်းပြောသည်။





“ညို့ ဖေဖေ့ဆီ သွားချင်တယ်”

“ဟင်”

ဦးချိန်ဘွား ထင်မှတ်မထားသည်မို့ ဟင်ခနဲ မျက်လုံးဝိုင်းလေသည်။ သူနဲ့သိင်္ဂီ လက်ထပ်ပေါင်းသင်းလာတာ ဆယ်နှစ်နီးပါးရှိလေပြီ။ တစ်ခါမှ ဖေဖေဆိုတဲ့စကားလုံး မထွက်လာ။

ခုမှ ဘွားခနဲ တောင်းဆိုလာတော့ ဦးချိန်ဘွား ဣန္ဒြေပျက်မတတ် ဖြစ်သွားသည်။ သိင်္ဂီက ဒီကိစ္စ သမီးမသိအောင် ပြည့်ဖုံးကားချထားတာလေ။ ငယ်စဉ်က ငယ်တဲ့စိတ်နဲ့ ပြတ်သားခဲ့သည့် သိင်္ဂီ။ သူမ သဘောထားနဲ့ မတိုက်ဆိုင်တာနဲ့ ရည်းစားဦး ကိုတင့်နိုင်နဲ့ ပေါင်းသင်းတာ လေးငါးလပင် မပြည့်။ အပြီးလမ်းခွဲကာ။

လမ်းခွဲပြီးမှ ညို့ကို ကိုယ်ဝန်ရှိနေမှန်းသိနေမယ့် ပြန်မဆက်သွယ်။ သမီးကို တောင်းတော့လည်း မပေး။ သမီးနဲ့မအေ ခြေရာဖျောက်နေခဲ့တဲ့အဖြစ်။

ဒီအကြောင်း စကားစမိတိုင်း သိင်္ဂီ စိတ်ဆိုးတတ်သည်။ ဒါကြောင့် သူကိုယ်တိုင် စကားမစတော့။ တိုက်တိုက်ဆိုင်ဆိုင် လွန်ခဲ့တဲ့နှစ်နှစ်က ကိုတင့်နိုင် သူနဲ့လာတွေ့သည်။ သမီးကို ပြန်ခေါ်ချင်တယ်တဲ့။ ပထွေးနဲ့ စိတ်မချတာလည်း ပါချင်ပါမှာပေါ့။

ဒါပေမဲ့ သူ့သဘောထားကို သူ ပြတ်ပြတ်သားသား ထုတ်ပြောလိုက်သည်။



www.burmeseclassic.com

"သီဂီ့ကို ယူလို့ ပထွေးဖြစ်ပေမယ့် ကိုယ့်မှာ ခင်ဗျားသမီးနဲ့ ရွယ်တူသမီးရှိတယ်၊ ခင်ဗျားသမီးကို ပထွေးစိတ်နဲ့ ပြစ်မှားရင် ကိုယ့်သမီး ကိုယ်ပြစ်မှားတာနဲ့တူနေမယ်၊ ခင်ဗျား စိတ်ချ၊ ခင်ဗျားသမီး ခင်ဗျားကို တောင့်တတဲ့တစ်နေ့ ခင်ဗျားဆီ ကိုယ်ပို့ပေးမယ်၊ လောလောဆယ် သီဂီ့ ဘက်က အခြေအနေကို တီးခေါက်ကြည့်မယ်"

လို့ စကားထားခဲ့သည်။ သီဂီနဲ့ဆွေးနွေးတော့ သီဂီက ပြင်း ပြင်းထန်ထန် ဟန့်တား၏။ ဒါနဲ့ ကိုတင့်နိုင်ကို အကျိုးအကြောင်း ပြန် ပြောပြီး -

"အချိန်စောင့်ဦးဗျ" နဲ့ ဇာတ်လမ်းကို မျှောထားခဲ့သည်။

ဟော ခုတော့ ဒီသမီးက တောင်းဆိုလာပြီ။ သူ့သဘောနဲ့သူ သမီးကို ပို့ပေးလိုက်ရမလား။ ပို့ပေးလိုက်ရင် သီဂီ ဘာပြောမလဲ။

"ပြောလေ အန်ကယ်၊ ညို့ကို ဖေဖေ့ဆီ ပို့ပေးမှာလားဟင်၊ အခု ဖေဖေ ဘယ်မှာနေလဲ၊ ညို့ကိုပြောပြပေးနော်"

လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်မေးလျှင် ဦးချိန်ဘွား လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"အန်ကယ်သိရင် ပြောပါနော်၊ ညိုလေ ဒီပတ်ဝန်းကျင်နဲ့ ဝေးရာမှာ နေချင်တယ်၊ အဲလို နေခွင့်ရဖို့ လုံခြုံတဲ့အရိပ်တစ်ခု လိုတယ်၊ အဲဒီအရိပ်က ဖေဖေ့ရင်ခွင်ပဲ၊ ဟိုတစ်ခါ မာမီပြောလို့ ညိုသိရတာ၊ ညို ဟာ ဖေဖေ့လိုပဲတဲ့၊ အဲဒီကတည်းက ညို ဖေဖေ့အကြောင်း မေးချင်တာ၊





မာမီက လုံးဝ စကားမစတော့ဘူးအန်ကယ်၊ ဒါကြောင့် အန်ကယ့်ကိုမေး တာ၊ အန်ကယ် သိတယ်မဟုတ်လား၊ ပြောပါ အန်ကယ်၊ ညို ရှိခိုးပါ တယ်"

ပြောရင်း လက်အုပ်လေးချီကာ အသနားခံနေတဲ့ သမီးလေး။ ဦးချိန်ဘွား ဖခင်စိတ်ရင်းနဲ့မို့ ထိခိုက်ခံစားရလေသည်။

"သမီးရယ်"

ညိုလေးကို ဦးချိန်ဘွား မထိမ်ချန်ထားရက်တော့၊ သမီးလေးကို ကြင်နာနှစ်သိမ့်မှုပေးစွာ ညို့ခေါင်းလေးကို ဖွဖွပွတ်သပ်လျှင် -

"နော် အန်ကယ်၊ ညို့ကိုပြောပါနော်၊ အန်ကယ့်ကိုလေ ညို့ ဖေဖေလိုပဲ ညို ချစ်ခင်ပါတယ်၊ ဖေဖေရှိနေမှန်းသိတော့လေ ဖေဖေ့ကို တွေ့ချင် မြင်ချင်လာတယ်၊ ခုလိုအချိန်မှာ ညို ပိုပြီး ဖေဖေ့ကို တမ်းတ မိတယ်အန်ကယ်ရယ်၊ ဒီတစ်ခါ ညို့ဆန္ဒကို ဖြည့်ဆည်းပေးပါနော်၊ ညို လိမ်လိမ်မာမာနေသွားမလို့ပါ အန်ကယ်၊ ဟင့် ဟင့် ဟင့်"

"သမီးလေးရယ်"

ဦးချိန်ဘွား စောင့်မခံရက်တော့ပါ။ ဖြစ်ချင်ရာဖြစ်စေတော့။ သမီးလေးကို သမီးရင်းလေးလို နှစ်သိမ့်ထွေးပွေ့ကာ ဦးတင့်နိုင်ရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်ကို ရွတ်ပြမိလေသည်။

အဲဒီအတွက် သီဂီ မုန်းချင်လည်း မုန်းပါစေတော့။ အပြစ်ပေး ချင်လည်း ပေးပါတော့။ သူ ရဲရဲကြီး ခံယူဖို့ အဆင်သင့်ဖြစ်ကာ -



www.burmeseclassic.com

"ကျေး ကျေးဇူးပဲ အန်ကယ်၊ အန်ကယ့်ကို ညို့ ကျေးဇူးတင်ပါတယ်၊ အန်ကယ့်ကို ညို့ ကန်တော့ပါတယ် အန်ကယ်"

ညို့ ဝမ်းနည်းဝမ်းသာနဲ့ အန်ကယ့်ကို ကျုံ့ကျုံ့လေးထိုင်ကာ ကန်တော့ရှာသည်။ အန်ကယ်ကလည်း ဝမ်းနည်း၍လား ဝမ်းသာ၍လား မသိ၊ မျက်ရည်တွေ တသောသောကျကာ –

"သမီးရယ်" တဲ့။

✿ ✿ ✿



## ခြောက်နှစ်နီးပါး ကြာသောအခါ

### အခန်း (၃၁)

♬ ××× အတာသဘင် ဒီပွဲ ××× မြူးမြူးကြွကြွ ××× စဝိုင်းရီယို သံ ညံမစဲ ××× နှစ်ဦးတန်ခူးလ ××× လောကကြီးမှာ ပျော်တယ်ဗျို ××× အတာပွဲမှာ ဆုံတွေ့ကြ ××× မိုးကောင်းကင်မှာ ကြယ်နဲ့လ ××× ကမ္ဘာမြေတစ်ခွင်မှာ မောင်နှင့်နှမ ××× နေနဲ့လ ××× ရွှေနှုံမြ ××× ပြောမကုန် ရှုမဝ ××× ကြော့ကြော့ မော့မော့ လှလှ ပပ ××× က က ××× မမကိုယ်တိုင်က ××× ♬

သင်္ကြန်တွေက တစ်နှစ်ပြီးတစ်နှစ် သစ်လို့လာချေပြီ။ သင်္ကြန်



www.burmeseclassic.com

တေးသီချင်းတွေ နှလုံးသားထဲ ထိုးဖောက်လာသော်လည်း ညို့ရင်ခုန်သံဟာ အချစ်တွေနဲ့ မြူးကြွမနေတာ ကြာခဲ့ပြီလေ။

အပျော်စိတ်တစ်ခုတည်းနဲ့ ထင်သလိုနေခဲ့မိတဲ့ ညို့ဘဝ မျက်နှာစာဟာ အပြစ်အနာအဆာတွေ များနေခဲ့ပါတယ်။

လွတ်လပ်မှုတွေရဲ့နောက်မှာ မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ကျင့်သိက္ခာနဲ့ ဆင်ခြင်စောင့်ထိန်းမှုကို လျစ်လျူရှုခဲ့မိတဲ့ အဖြစ်တွေဟာ ညို့နှလုံးသားကို ပြစ်ဒဏ်ကြီးကြီး ချမှတ်တာခံလိုက်ရသလိုပဲ။

ညို ကျေနပ်ပါတယ်ကွယ်။ အပြစ်အနာအဆာကင်းတဲ့ မောင့်ဘဝနဲ့ ညိုဟာ မထိုက်တန်ပါဘူး။ မောင့်မိဘနဲ့ မမစိုးတို့ စီရင်ဆုံးဖြတ်တာ မှန်ပါတယ်လေ။

ခုတော့ အချစ်ကလွဲပြီး အရာရာပြည့်စုံနေတဲ့ ဘဝမှာ ညို နေတတ်နေပါပြီ။ နေသားတကျ ဖြစ်နေပါပြီးဆို ပိုမှန်လိမ့်မယ်ထင်တယ်။

အဲဒါ ဘာဖြစ်လို့လဲ သိလား။ ညို့ ဖေဖေကြောင့်ပေါ့။ ညို့ဖေဖေက ညို့ကို နွေးနွေးထွေးထွေး ကြိုဆိုတယ်လေ။

"သမီးရယ်၊ သမီးကို ဖေဖေ မျှော်လင့်နေတာကြာပါပြီ၊ အခြေအနေမပေးလို့ အဝေးဆုံးဖြစ်နေပေမယ့် ဖေဖေ့သမီးလေး ဖေဖေ့ရင်ခွင်ထဲ တစ်နေ့နေ့ တစ်ချိန်ချိန် ဝင်လာမယ်ဆိုတာ ဖေဖေ့စိတ်က သိနေပြီးသားပါ၊ ဘယ်အခြေအနေမှာဖြစ်ဖြစ် ဖေဖေ့သမီးကို ဖေဖေပြန်ရတာ ဝမ်းအသာဆုံးပဲ သမီးရယ်၊ ဟင့် ဟင့် ဟင့်"





ပြောရင်း အားရဝမ်းသာ ရှိုက်ငိုရှာတဲ့ ဖေဖေ့မျက်ရည်တွေဟာ ညို့ဘဝအတွက် သန့်စင်နေပါတယ်။

ညို့လိုပဲ ဖေဖေ့က မျက်နှာဝိုင်းဝိုင်းလေးနဲ့ ပါးချိုင့်လည်း ရှိတယ်လေ။ ဘယ်သူ့ကိုဖြစ်ဖြစ် မေတ္တာပေးစွမ်းနိုင်တဲ့ ဖေဖေ့မျက်နှာလေးဟာ အစဉ်ပွင့်လန်းလျက်။ အဲဒါတောင် မာမီက မာနခပ်ကြီးကြီးဖြစ်သလို ဖေဖေ့အပေါ်မှာလည်း ဘယ်တုန်းကမှ လိုက်လိုက်လျောလျော မရှိခဲ့။ ဖေဖေ အောက်ကျခံပေါင်းပေမယ့်လည်း ဖေဖေ့ရဲ့စိတ်ကို သဘောမတွေ့ဘူးဆိုတဲ့ အသိနဲ့ ပြတ်သားကာ လှည့်မကြည့်စတမ်း လမ်းခွဲခဲ့တဲ့ အထိ ဖြစ်ရတယ်လေ။ အဲဒါကြောင့်မို့ ဖေဖေနဲ့ညို ဝေးကြတာပေါ့"

အခုတော့ ဝေးတော့ပါဘူးကွယ်။ ဖေဖေ့ရင်ခွင်ထဲမှာ ညို ခိုလှုံနေရပါပြီ။

"သမီးရယ် သမီး ခုနေခါ ဘယ်လိုခံစားနေရလဲဆိုတာ ကိုတွားပြောပြလို့ မေမေ သိပါတယ်၊ ဒါပေမဲ့သမီးရယ် ဖြစ်ပြီးသွားတဲ့အတွက် ဘာမှမတတ်နိုင်ဘူးလေ၊ ရှေ့ဆက် ဒီလိုတွေမဖြစ်အောင် သမီးနေသွားလို့ရပါတယ်"

"ဖေဖေရယ်"

ညို့စိတ်ကို ခွန်အားအပြည့်ပေးတဲ့ ဖေဖေ့စကားလုံးတွေဟာ ညို့ခန္ဓာကိုယ်သွေးကြောထဲအထိ စိမ့်ဝင်ကာ ညို ခံစားနေရတဲ့ နှလုံးသားဝေဒနာတွေနောက်က တသောသောလျှံကျလာတဲ့ မျက်ရည်တွေကို ဖေဖေ



www.burmeseclassic.com

တယုတယ သုတ်ပေးလျက်။

"ငယ်ရွယ်တဲ့ဘဝမှာ အပြစ်အနာအဆာက လူတိုင်းလူတိုင်းမှာ အနည်းနဲ့ အများရှိကြတယ် သမီးရယ်၊ ဘယ်သူမှ အပြစ်အနာအဆာနဲ့ မကင်းကြပါဘူး၊ အထူးသဖြင့် မိဘကွဲနေတဲ့ သားသမီးတွေမှာ ပိုပြီး အပြစ်အနာအဆာ များတတ်ပါတယ်၊ အရေးကြီးတာက အဲဒီအပြစ်အနာအဆာဟာ ဘာတွေလဲဆိုတာ သိဖို့ပဲ၊ အခု သမီး သိနေပြီးမဟုတ်လား"

"ဟုတ်"

ညို အလေးအနက် ခေါင်းညိတ်လျှင် ဖေဖေက မေးဖျားလေးကနေ ညို့မျက်နှာလေးကို တယုတယ ဆွဲယူသည်။ ကြင်နာစွာ ပြုံးကြည့်ရင်းလည်း ပြောသည်။

"အဲလိုအသိကလေးတစ်ခု ရသွားတာက သမီးဘဝအတွက် အကြီးမားဆုံး ဆုလာဘ်ပဲ သမီး၊ သိသွားတဲ့အတွက် ဆင်ခြင်ရမယ်ဆိုတာ ပိုသိလာမယ်၊ ဆင်ခြင်သိ ပိုလာတဲ့အတွက် သမီးဘဝကို သမီး ထိန်းကွပ်တတ်မယ်၊ သမီးဘဝကိုယ်သမီး ထိန်းကွပ်တတ်မှတော့ သမီးဘဝ ဂုဏ်သိက္ခာရှိလာပြီပေါ့၊ ဂုဏ်သိက္ခာရှိတာနဲ့ တစ်ပြိုင်နက် သမီးလေးဘဝဟာ အပြစ်အနာအဆာတွေ ကင်းသထက် ကင်းသန့်သွားပြီ သမီးရယ်၊ မဟုတ်ဘူးလား" တဲ့။

"ဟုတ်တာပေါ့ ဖေဖေရယ်" လို့ ညို့အသိတရားရှိရှိ ခေါင်းညိတ် လက်ခံပြီး နေလာတာလေ။





ဒါတွေကို မောင်မသိပါဘူး။ မသိတာဘဲ ကောင်းပါတယ်လေ။ ညိုကိုယ်တိုင်လည်း ညို့ဘဝအပြောင်းအလဲကို ဘယ်သူမှမသိအောင် လျှို့ဝှက်နေခဲ့တာပါ။

ဖေဖေ့ဆီ ရောက်တဲ့နေ့ကတည်းက ညို မေမေ့ဆီလည်း မပြန်တော့ပါ။ ဘယ်သူငယ်ချင်းတွေနဲ့မှ မဆက်သွယ်တော့ပါ။

အထူးသဖြင့် မောင့်သူငယ်ချင်းတွေနဲ့ ပိုတောင် မဆက်သွယ်ပါ။ ညိုဟာ ဖေဖေဦးဆောင်တဲ့ဘဝသစ်မှာ ပျော်နေပါပြီ။

ဖေဖေဟာ ပရဟိတလုပ်ငန်းနဲ့ ပျော်မွေ့သူမို့ ဖေဖေ့နောက် ညို တကောက်ကောက်လိုက်ရင်း ဖေဖေ့ရဲ့ ပရဟိတလုပ်ငန်းတွေကို ကူလုပ်ပေးရတာ စိတ်အားတက်ကြွလို့ နေပါပြီ။

မိတမဲ့ကလေးတွေ၊ သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်နေတဲ့ မိသားစုတွေဆီ ကိုယ်တိုင်သွားပြီး ကူညီစောင့်ရှောက်ပေးရတဲ့ ဘဝမှာ ညို တကယ်ပျော်ရွှင်နေတယ်လေ။

ဒါပေမဲ့ သကြန်ကျတိုင်း မောင့်ကို ညို လွမ်းမောနေတတ်တယ်။ အဲဒါတော့ ညို ဝန်ခံပါတယ်။ မောင်ကတော့ ညို့ကို မေ့နေလောက်ပြီပေါ့နော်၊

♫ ××× အတာသဘင် ဒီပွဲ ××× မြူးမြူးကြွကြွ ××× စတီရိယို
သံ ညံမစဲ ××× နှစ်ဦးတန်ခူးလ ××× ♫

နှလုံးသားထဲ တိုး၍တိုးပြီး ဝင်ဝင်လာတဲ့ သီချင်းသံတွေ ညို



www.burmeseclassic.com

နားဆင်နိုင်စွမ်း မရှိတော့ပါလေ။

သကြၤန်ရေ၊ နောက် ဘယ်တော့မှ မကျပါနဲ့တော့ကွယ်။ ပိတောက်တွေ၊ ငုတွေလည်း မပွင့်ပါနဲ့တော့။ အထူးသဖြင့် နွေစံပယ်တွေလေ။ လုံးဝ လုံးဝ မပွင့်ပါနဲ့နော်။ ဟင့် ဟင့် ဟင့်။

✿



* နေမင်းကြီးမသာပါနဲ့လို့ တားရမယ်ထင်လား။
သာချိန်ရောက်တော့ သူ့ဘာသာသူ သာမှာပေါ့။
* ဒီရေတွေ မတက်ပါနဲ့လို့ တားရမယ်ထင်လား။
တက်ချိန်တန်.သူ့ဘာသာသူ တက်မှာပေါ့။
* ပန်းတွေ မပွင့်ပါနဲ့လို့ တားရမယ်ထင်လား။
ပွင့်ချိန်ကျရင် သူ့ဘာသာသူ ပွင့်မှာပေါ့။
* သကြၤန်ရေ မကျပါနဲ့လို့ တားရမယ်ထင်လား။
ကျချိန်ဆိုရင် သူ့ဘာသာသူ ကျမှာပေါ့။
ထို့အတူ –
* ချစ်သူရေ မလာပါနဲ့ တားရမယ်ထင်လား။
လာချိန်တန်ရင် သူ့ဘာသာသူ လာမှာပေါ့။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၃၂)

ဟုတ်ရဲ့လားကွယ်။ သကြဲန်ရေမကျပါနဲ့လို့ ညို တောင်းဆိုထားပေမယ့် သကြဲန်က နှစ်စဉ်ပုံမှန် ကျကျနေတယ်လေ။

သဘာဝတရားကို ဘယ်သူက တွန်းလှန်လို့ ရမှာတဲ့လဲ။

သကြဲန်ကျတိုင်း နူနယ်တဲ့ ညို့နှလုံးသားတွေ ထိခိုက်ခံစားရသည်သာ။ မခံစားရစေချင်လို့ မကျပါနဲ့ သကြဲန်ရယ်လို့ တားမရတော့လည်း ကျပေါ့ကွယ်။

ထို့အတူ ချစ်သူကို မလာနဲ့လို့ တားနိုင်မယ်ထင်တယ်လေ။ နိုင်လို့လည်း ညိုနဲ့မောင် ဝေးကွဲကွာနေရတဲ့အဖြစ်။

မောင်ကတော့ ညို့ဆီ ဘယ်တော့မှ ပြန်လာတော့မယ်မထင်။





မျှော်လင့်ချက်အဝေးဆုံးမှာဆိုတဲ့ အသိနဲ့ ညို့ချစ်ခြင်းတွေဟာ သစ်ရွက်ကြွေတွေလို မျောလွင့်လို့နေပါပြီ။ ထိုစဉ် –

"ညို"

ညို့အီသော မောင့်ခေါ်သံလေး။

သကြဲန်ကြိုတဲ့လေပြည်ဦးနဲ့အတူ ဘယ်ဆီက လွင့်လာတာလဲကွယ်။ ညို့စိတ်ကူးထဲကလား၊ ဒါမှမဟုတ် တမ်းတနေတဲ့ ညို့နှလုံးသားထဲက အက်ကွဲပေါ်ထွက်လာတဲ့ အသံလေးလား။

"ညို"

ဟော ကြားရပြန်ပြီး။ တအိအိမျောနေတဲ့ တိမ်စိုင်တွေကို ငေးမျောနေတဲ့ ညို့စိတ်ကူးတွေထဲ ခေါ်သံ ထိုးဖောက်လာချေသည်။

သေချာတာက ထိုခေါ်သံဟာ ညို့စိတ်ကူးထဲကမဟုတ်။

မောင့်ရင်ခုန်သံတွေ နှစ်အိုင်နေတဲ့ ခေါ်သံလေးအလားမို့ ညို့ကိုယ်လုံးလေး တောင့်မတ်မတ်ဖြစ်သွားကာ –

"ညို"

လို့ အကြိမ်ကြိမ်ခေါ်ဆိုနေတဲ့ အသံနောက် ညို လည်ပြန်ငဲ့ကြည့်လျှင် –

"အို"

နူးညံ့သိမ်မွေ့သော စံပယ်ပန်းပွင့်တွေ၊ ရေဖလားကြီးနဲ့အမောက်ပွေ့ပိုက်လာတဲ့ မောင်ရယ်၊ ရင်ခုန်အံ့ဩတာရဲ့နောက်မှာ ညို့မျက်လုံးလေး



www.burmeseclassic.com

ပြူးဝိုင်းကာ နှုတ်ခမ်းလှလှလေး ပွင့်ဟလျက် အသက်ရှူရပ်မတတ် ငေးကြောင်ကြည့်နေရှာသေးသည်။

ဟုတ် ဟုတ်ရဲ့လား။ ညို အိပ်မက် မက်နေတာလား။

မောင်က ကြည်နူးဆွတ်ပျံ့သော အပြုံးလေးနဲ့ ညို့နား ရောက်လာသည်။ မွှေးမြတဲ့ စံပယ်ရနံ့တွေ ပိုသင်းလာကာ ထိုစံပယ်မွှေးတွေက ညို့ခေါင်းထက်ဆီ ရောက်လေပြီ။

စံပယ်ပန်းဖလားကို ညို့ခေါင်းဆီ သွန်ချလျှင်။

မောင်ရယ် ဒါ ဒါ အိပ်မက်မဟုတ်ဘူး။ တကယ် တကယ်ဖြစ်နေတာလို့ ညို ခံစားသိရှိသွားလေသည်။

''မောင်ရယ် ဟင့် ဟင့် ဟင့်''

ညို့နှလုံးသားလေး ထိန်းမနိုင်တော့ပါလား။ စံပယ်ပွင့်တွေ ထိခတ်ကြွင်နာစွာ ညို့ကိုယ်လေးကို သိမ်းခြုံရစ်ပွေ့ပြီး တဖျောဖျော ဆင်းနေတဲ့ စံပယ်ဖြူကို ညို ဖမ်းမဆုပ်တော့ပါ။

မောင့်ရင်ခွင်ထဲ ခိုဝင်မိပြီလေ။

''ညိုရယ်၊ ညို မောင့်ကို မမုန်းဘူးပေါ့နော်''

''မုန်းစရာလား မောင်ရယ်၊ မောင်ကသာ ညို့ကို ရာသက်ပန် အတွက် တကယ်ရှောင်ခွဲသွားပြီလို့ ထင်နေတာ''

''ညိုရယ်၊ ညို့ကို ရှောင်ခွာမသွားရက်ပါဘူး၊ ဒါပေမဲ့ အခြေ အနေအရမို့ မောင် ရှောင်သွားရတာ၊ ရင်ထဲမှာ ထိခိုက်ခံစားရပါတယ်၊





တစ်နည်းပြောရရင် မေမေတို့ ဖေဖေတို့ ဖြစ်ချင်တဲ့ဆန္ဒကို လိုက်လျောတဲ့အနေနဲ့ မောင် ရှောင်သွားတဲ့သဘောပါ၊ ညို့အပေါ်မှာ မောင့်စိတ် မောင့်နှလုံးသားက ခုချိန်ထိ မပြောင်းလဲတာသိတော့ မောင့်မိသားစုဝင်တွေ မောင့်ဆန္ဒအတိုင်းဆိုပြီး ခွင့်ပေးတာလေ၊ မေမေတို့ ခွင့်ပေးပေးချင်း ညို့ဆီ မောင်လာခဲ့တာ၊ ညိုက ညို့ဖေဖေဆီ ရောက်နေတယ်လို့ ညို့မာမီပြောတာနဲ့ ညို့ဆီ မောင်လိုက်လာတာ။''

''မောင်ရယ်၊ ညိုလေ မယုံချင်ဘူး၊ အိပ်မက်လား၊ ညို့စိတ်ကူးထဲကလားလို့ ထင်နေတာ၊ မောင် တကယ်နော် မောင်''

ညို ရင်ခုန်စိတ်တွေ ပရမ်းပတာဖြစ်ကာ ပွေ့ဖက်ထားတဲ့ မောင့် လက်မောင်းကို တင်းတင်းဆုပ်ထားပြီး မေးမိ၏။ မောင်က ဖြောင့်ထားတဲ့ ညို့ဆံပင်ရှည်ကို တယုတယ ပွတ်သပ်ကြင်နာလျက် –

''တကယ်ပါ ညိုရယ်၊ ဖေဖေက ညို့မာမီနဲ့ စကားသေချာ ပြောထားပြီးပြီ၊ အခု ညို့ဖေဖေနဲ့တိုင်ပင်ပြီး မင်္ဂလာကိစ္စစီစဉ်ဖို့ တိုက်ထဲမှာ စကားပြောနေကြတာလေ၊ ညို့ဖေဖေက ညို ခြံနောက်က ကုန်းကမူလေးမှာ သွားထိုင်နေတယ်ဆိုတာနဲ့ မောင်လိုက်လာတာ''

''ဟင့် ဟင့် ဟင့်''

ညို ဝမ်းသာစိတ်ကလေးက ရင်ခုန်သံတွေရဲ့နောက်မှာ တရှိုက်ရှိုက် ငိုချမိလေသည်။

''ညို''



www.burmeseclassic.com

"ဟင်"

"မောင်တို့ အရင်လိုပဲ ချစ်ကြမယ်နော်"

ချစ်မျက်ရည်တွေ စိုလူးနေတဲ့ ညို့ပါးပြင်လေးနဲ့ မောင့်ပါးအပ်ကာ မေးလျှင် ညို့ခေါင်းလေး ညိတ်ပြီးသားဖြစ်ချေပြီး။

♬ ××× အတာသဘင် ဒီပွဲ ××× မြူးမြူးကြွကြွ ××× စတိဂိုယို
သံ ညံမစဲ ××× နှစ်ဦးတန်ခူးလ ××× လောကကြီးမှာ ပျော်
တယ်ဗျ ××× အတာပွဲမှာ ဆုံတွေ့ကြ ××× မိုးကောင်းကင်မှာ
ကြယ်နဲ့လ ××× ကမ္ဘာမြေတစ်ခွင်မှာ မောင်နှင့်နှမ ×××
နေနဲ့လ ××× ရွှေနှုံမြ ××× ပြောမကုန် ရှုမဝ ××× ကြော့ကြော့
မော့မော့ လှလှ ပပ ××× က က ××× မမကိုယ်တိုင်က ♬

သင်္ကြန်တေးသီချင်းလေး ညို့တို့ရင်ခွင်ထဲ နိုဝင်လာသည့်ထိုအခါ တေးချင်းနဲ့အပြိုင် မောင့်အနမ်းတွေက စံပယ်ပွင့်တွေ လောင်းချသလိုပါပဲ။ အချစ်သင်္ကြန်လေးကျလို့ နေပြီလေ။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

**မိန်းကလေး**


တိုက်အမှတ် ၄၅ (6-A)၊
ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉၄၉၈၀၅၇၁၀, ၀၉၇၃၂၀၆၁၉...

www.burmeseclassic.com

180

# မိန်းကလေး

နွေဦးစံပယ်



www.burmeseclassic.com